# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်　　၂၀၁၅ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ သောကြာနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၀၁]


**အနာဂုလာ ၈ ကမ္မဋ္ဌာ မင်္ဂလာ**

အနှောင့်အယှက်မရှိသော
အမှုတို့ကို ပြုလုပ်ခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နီပေါနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ

## ခရီးသွားလုပ်ငန်း မြှင့်တင်ရေး မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းပျံသန်းရေး ဆွေးနွေး

**ဂျကာတာ ဧပြီ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆူရှီကွိုင်ရာလာနှင့် ယနေ့ညနေပိုင်းတွင် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းဆက်သွယ်ပျံသန်းရေးနှင့် နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် ၁၉၆၀ခုနှစ်မှစ၍ သံတမန်ဆက်သွယ်မှု စတင်ခဲ့သည်။ နီပေါနိုင်ငံဝန်ကြီးချုပ်သည် ၂၀၁၄ ခုနှစ် မတ် ၃ ရက်တွင် နေပြည်တော်၌ ကျင်းပသည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတက်ရောက်စဉ်ကလည်း နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆူရှီကွိုင်ရာလာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

# ဆန်တင်ပို့မှု နိုင်ငံတကာဈေးကွက်ရရှိရန် ဆန်စပါးလုပ်ငန်းရှင်များအသင်း ကြိုးပမ်းမည်

**ရန်ကုန် ဧပြီ ၂၃**

မြန်မာ့ဆန်များကို နိုင်ငံပေါင်း ၆၄ နိုင်ငံသို့ တင်ပို့ရောင်းချနေရပြီး ယခုအခါ အီးယူနိုင်ငံများအပါအဝင် နိုင်ငံတကာသို့ ဈေးကွက်တိုးချဲ့လုပ်ကိုင်ရန်အတွက် အလေးထားကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာ့ဆန်များကို တင်ပို့သည့် နိုင်ငံတကာ ကုန်သွယ်ဖက်နိုင်ငံများသည် ယခုဘဏ္ဍာရေးနှစ်တွင် ပိုမိုများပြားလာခဲ့ပြီး ဆန်တင်ပို့မှုသည်လည်း ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁ ဒသမ ၇ သန်းအထိ မြင့်တက်လာခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောကြားသည်။

လက်ရှိတွင် မြန်မာ့ဆန်များ၏ အဓိကကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး တင်ပို့ရာတွင် ဆန်ဈေးနှုန်းရှိရင်းစွဲထက် နိမ့်ကျသည့် ဈေးနှုန်းများဖြင့် ရောင်းချနေရခြင်း၊ အခွန်၁၇ ရာခိုင်နှုန်းပေးဆောင်နေရခြင်းများကြောင့် လုပ်ငန်းရှင်များနှင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ

သတင်း-ခင်ရတနာ ➤ ဓာတ်ပုံ-မေဦးမိုး

*စာမျက်နှာ ၉ ကော်လံ ၁* ◆

# နိုင်ငံတည်ဆောက်ရေးနှင့်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဂျပန်နိုင်ငံက အပြည့်အဝ ဆက်လက်ကူညီမည်

*တွေ့ဆုံမေးမြန်း၊* *စာမျက်နှာ-၆*




## မြန်မာနိုင်ငံနှင့် အာရှ-အာဖရိကထိပ်သီးအစည်းအဝေး

ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ လူမျိုးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း ကွဲပြားခြားနားကြသော်လည်း ဒေသဆိုင်ရာဖွဲ့စည်းထားသော အဖွဲ့အစည်းများအောက်တွင် တန်းတူညီတူအခွင့်အရေးများနှင့်အတူ သာယာဝပြောသောလူမှုအသိုက်အဝန်းများကို ထူထောင်ကြလျက်အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိပါသည်။ ဤသို့ ဆောင်ရွက်လျက်ရှိရာတွင် အာရှ-အာဖရိကထိပ်သီးအစည်းအဝေးလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

၁၉၅၅ ခုနှစ်မှ စတင်ဖော်ဆောင်ခဲ့သည့် အာရှနှင့်အာဖရိကတိုက်နှစ်တိုက်၏ ထိပ်သီးညီလာခံကြီး ကျင်းပလာခဲ့သည်မှာ ဧပြီ ၂၂ ရက်တွင် နှစ် (၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၀) နှစ်တစ်ကြိမ်ကျင်းပသည့် ဤထိပ်သီးညီလာခံကြီးကို ဘန်ဒေါင်းညီလာခံဟု ခေါ်ဆိုပြီး ၁၉၅၅ ခုနှစ်က မြန်မာ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့က စတင်အဆိုပြု ဖော်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က အာရှနှင့်အာဖရိကနိုင်ငံများ စုစုပေါင်း ၃၀ ခန့်တက်ရောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရပါသည်။ ထိုစဉ်က မြန်မာဝန်ကြီးချုပ် ဦးနု၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူကာနို၊ အိန္ဒိယဝန်ကြီးချုပ် နေရူးတို့လည်း တက်ရောက်ခဲ့ကြောင်း သိရပါသည်။ ဤဘန်ဒေါင်းညီလာခံကြီးတွင် အာရှ-အာဖရိက ကနဦးထိပ်သီးညီလာခံကြီးမှ အဓိကရည်ရွယ်ချက်များနှင့် အခြေခံမူများချမှတ်ခဲ့ကြပြီး ဘန်ဒေါင်းညီလာခံ၏ အခြေခံမူများအဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဤဘန်ဒေါင်းညီလာခံ၏ အခြေခံမူအရ အာရှနှင့်အာဖရိကတိုက်နှစ်တိုက်အကြားရှိ နိုင်ငံများအနေဖြင့် နိုင်ငံရေးအရ မိမိကိုယ်ကိုယ် ဆုံးဖြတ်ပိုင်ခွင့်ရှိရေး၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားလိုက်နာရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မကျူးကျော်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးနှင့် နိုင်ငံတိုင်း နိုင်ငံတိုင်း တန်းတူညီမျှမှုရရှိရေးတို့ပင် ဖြစ်ပါသည်။

ထို့ပြင် အာရှ-အာဖရိကတိုက်နှစ်တိုက်အကြား နိုင်ငံများအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဆောင်ရွက်ရန်၊ အုပ်စုနှစ်ခုအကြား ပဋိပက္ခဖြစ်ပွားမှုများ၊ ကိုလိုနီလက်သစ်ဝါဒများ၊ အသားအရောင်ခွဲခြားဖိနှိပ်အုပ်ချုပ်မှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုခြိမ်းခြောက်လာမှုများကို ကာကွယ်ရန် အခြေခံမူကြီး ၁၀ ချက်အောင်မြင်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းချမှတ်ခဲ့သည့် ဘန်ဒေါင်းအခြေခံမူကြမ်းများကို ယနေ့တိုင် မသွေဖည်ဘဲ ဆုပ်ကိုင်ကျင့်သုံးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၅ ခုနှစ် ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်က ကျင်းပခဲ့သည့် အာရှ-အာဖရိကထိပ်သီးညီလာခံ၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ညီလာခံသို့လည်း မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယခုတစ်ဖန် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော နှစ်(၆၀)ပြည့် ထိပ်သီးအစည်းအဝေးတွင်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်၍ တက်ရောက်ခဲ့ပါသည်။ ဤသို့ထိပ်သီးအစည်းအဝေးကြီး ကျင်းပနိုင်ခြင်းနှင့်အတူ ကမ္ဘာ့တိုက်ကြီးနှစ်ခုအကြားရှိ နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသတွင်းလုံခြုံရေး အစရှိသဖြင့် ဆက်ဆံမှုများ တိုးတက်ခိုင်မာစွာ တည်ဆောက်သွားနိုင်မည် ဖြစ်ပါကြောင်း။ ။



## ပလတ်စတစ်ကြွပ်ကြွပ်အိတ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး သန်လျင်၌အသိပညာပေး

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပလတ်စတစ်ကြွပ်ကြွပ်အိတ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ သဘာဝတရားရိပ်သာ၌ကျင်းပသည်။ ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင်



အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့် တောင်ပိုင်းခရိုင် ဒုတိယခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဖြိုးဖြိုးကျော်တို့က ကြွပ်ကြွပ်အိတ် အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောကြသည်။ ယင်းနောက် ကြွပ်ကြွပ်အိတ်အန္တရာယ်နှင့် ကင်းဝေးစေရေးအတွက် စုပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်ခွင့်ကို သင်ယူသူကိုယ်တိုင် လျှောက်ထားခွင့်ရှိပြီ

**မိုးညှင်း ဧပြီ ၂၃**

၂၀၁၅ ခုနှစ် မတ်လ၌ ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ (အခြေခံပညာအထက်တန်းစာမေးပွဲ) အောင်မြင်သူများသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အမျိုးသားပညာရေးဥပဒေနှင့်အညီ တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့်တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိကြောင်း မိုးညှင်းဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ အောင်မင်းဝင်းထံမှ သိရသည်။ တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်းမပြုတော့ဘဲ တက်ရောက်မည့်တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ် ထားရှိကျင့်သုံးသွားမည်ဟုလည်း သိရသည်။

တက္ကသိုလ်တစ်ခုချင်းအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊ ပညာရပ်နယ်ပယ်တူသည့် တက္ကသိုလ်အချင်းချင်းညှိနှိုင်းခြင်း၊ ပညာနယ်ပယ်မတူသည့် တက္ကသိုလ်အုပ်စုအချင်းချင်း ညှိနှိုင်းခြင်း၊ ညှိနှိုင်းရရှိပြီး ဆောင်ရွက်မည့်အစီအစဉ်များကို မိဘပြည်သူများ၊ ကျောင်းသားမိဘများကို ကြိုတင်အသိပေးရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**



### ထင်သာမြင်သာပြုပြင်စရာ



## အကွက်ကြီး(၅) အမကကျောင်း ချုံနွယ်များရှင်းပေးစေလို

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ အကွက်ကြီး (၅) အမကကျောင်း အကာအရံမဲ့၍ ချုံနွယ်များဖြင့် လွှမ်းခြုံနေကြောင်း သိရသည်။ ၎င်းကျောင်းတွင် ကျောင်းတက်နေသော ကျောင်းသားတစ်ဦး၏ မိဘက ပြောကြားရာတွင် "ဒီကျောင်းက အမကကျောင်းလေးဆိုတော့ ပညာသင်ယူနေတဲ့ ကလေးတွေဟာ အလွန်အသက်ငယ်တယ်။ ဒီလိုခြံစည်းရိုးမရှိတော့ လူဆိုးသူခိုးတွေလာပြီး ကျောင်းသားကလေးငယ်တွေကို အန္တရာယ်မပြုဘူးလို့ မပြောနိုင်ဘူး၊ ချုံနွယ်တွေကလည်း အလွန်ထူနေတော့ အဆိပ်ရှိပိုးကောင်တွေရဲ့ အန္တရာယ်လည်း ကြောက်ရတယ်၊ ကျောင်းကိုဝင်တဲ့ လမ်းလေးတောင် ကျောင်းရှေ့တည့်တည့်က ဖောက်မထားဘဲ လွယ်တဲ့နေရာဘေးကနေပြီး လေးငါးပေလောက်သာရှိတဲ့ ကွန်ကရစ်လမ်းလေးကို ဖောက်ထားတော့ ကျောင်းရှေ့တည့်တည့်က ကြည့်ရင် ချုံနွယ်တွေနဲ့ လမ်းမရှိတဲ့ကျောင်းလေးအတိုင်းပဲဗျာ၊ ရပ်ကွက်ထဲက ကျောင်းသားမိဘတွေဟာ ဒီလိုအန္တရာယ်ဖြစ်မယ့် ပုံစံတွေ တွေ့နေရတော့ စိုးရိမ်စိတ်တွေနဲ့ ဒီကျောင်းလေးမှာ သားသမီးတွေကို ကျောင်းမထားရဲဘဲ ဝေးတဲ့ကျောင်းတွေမှာ သွားထားရတော့ အချိန်ကုန် လူပန်းတာပေါ့။

ဒါကြောင့် ဒီကျောင်းလေးကို လာမယ့်စာသင်နှစ်အမီ သက်ဆိုင်ရာက အမြန်ဆုံး ပြုပြင်ပေးရင် နေပြည်တော် မြို့တော်အင်္ဂါရပ်နှင့်ညီတဲ့ အမကကျောင်းလေးဖြစ်သွားမှာပါ" ဟု ပြောကြားသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၄-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၆၀၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂-၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၈၀၀-၁၈၂၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၂၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၃၀၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၂၅၀-၂၂၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၃၀-၉၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၂၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၉၇၀-၁၀၄၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ ဓော့၄ တင်ပြသည်။**



# (၁၀)နှစ်ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေး ဆက်လက်ကျင်းပ

**ဂျကာတာ ဧပြီ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပလျက်ရှိသော (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါမျက်နှာစုံညီအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှ-အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ နံနက်ပိုင်းတွင် မျက်နှာစုံညီအစည်းအဝေး နှစ်ကြိမ်ကျင်းပခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် မျက်နှာစုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ပြန်လည်ကျင်းပခဲ့သည်။ ထို့နောက် အာရှ-အာဖရိကထိပ်သီးညီလာခံ၏ ဒုတိယမြောက်နေ့ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ အင်ဒိုနီးရှားနိုင်ငံသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် (၁၀) နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များက ဘန်ဒေါင်းအခြေခံမူများကို ကိုင်တွယ်၍ သက်ဆိုင်ရာမိတ်ဖက်နိုင်ငံများနှင့် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ ထိပ်သီးညီလာခံတက်ရောက်ခဲ့မှုနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြောကြားရာတွင်

"အဖွဲ့ဝင် ၁၀၆ နိုင်ငံအနက် ၉၃ နိုင်ငံတက်တယ်။ အဲဒီမှာလည်း နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဒုတိယသမ္မတနဲ့ ဒုတိယဝန်ကြီးချုပ်အဆင့် ခေါင်းဆောင် ၃၃ ဦးအပါအဝင် ကျန်တဲ့နိုင်ငံတွေကတော့ နိုင်ငံခြားရေးဝန်ကြီးများနဲ့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်တွေအများစု တက်ရောက်ခဲ့တဲ့ ထိပ်သီးညီလာခံဖြစ်ပါတယ်။

"ဒီညီလာခံကနေပြီး ဒီနေ့ ပြီးဆုံးသွားတဲ့အခါမှာ ကြေညာချက်နဲ့ထုတ်ပြန်ချက်သုံးခုကို အတည်ပြု ချမှတ်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်သုံးခုကတော့ Bandung Message 2015 လို့ခေါ်တဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒုတိယထုတ်ပြန်ချက်ကတော့ Re-invigorating the New Strategic Partnership ဆိုတဲ့ ကြေညာချက်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Declaration on Palestine ဖြစ်ပါတယ်။ Bandung Message 2015 ဆိုတာကတော့ အာရှနဲ့အာဖရိကနိုင်ငံတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ။ နိုင်ငံရေးအရ၊ လုံခြုံရေးအရ ဘယ်လိုဆက်စပ်ဆောင်ရွက်မလဲ၊ စီးပွားရေးဖွံ့ဖြိုးမှုအရ ဘယ်လိုဆက်စပ်ဆောင်ရွက်သွားမလဲ၊ လူမှုရေးနဲ့ ယဉ်ကျေးမှုကဏ္ဍမှာ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေချမှတ်တဲ့ ကြေညာချက်ဖြစ်ပါတယ်။

"နောက်တစ်ခုကတော့ အာရှ-အာဖရိကတိုက်ရဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်ဖြစ်ပါတယ်။ ဒီနှစ်ခုကလည်း နှစ် ၆၀ မြောက် ဘန်ဒေါင်းညီလာခံကျင်းပခဲ့တဲ့ အထိမ်းအမှတ်မှာ ရှေ့ဆက်ပြီးတော့ ဘယ်လိုသွားမလဲဆိုတာ Bandung Message 2015 နဲ့ (၁၀) နှစ်မြောက် အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ်အထိမ်းအမှတ်နဲ့ New Partnership နဲ့ပတ်သက်ပြီး ထုတ်ပြန်တဲ့ကြေညာချက်ဖြစ်ပါတယ်။

"နောက်တစ်ခုကတော့ Declaration on Palestine ပါလက်စတိုင်းနိုင်ငံကို သီးခြားလွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်နဲ့ အသိအမှတ်ပြုရေး၊ နိုင်ငံတည်ထောင်ခွင့်ပြုရေးနဲ့ ပတ်သက်ပြီး ကြေညာချက်ထုတ်ပါတယ်။ ဒီကြေညာချက်သုံးခုကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ တက်ရောက်လာတဲ့နိုင်ငံတွေ၊ အာရှ-အာဖရိကအဖွဲ့ဝင်နိုင်ငံတွေအားလုံးက နေပြီး ဒီကြေညာချက်သုံးခုကို တညီတညွတ်တည်း ထောက်ခံပြီး အတည်ပြုခဲ့ကြတာ ဖြစ်ပါတယ်။

"ရှေ့မှာလည်းပဲ ကမ္ဘာ့လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းရှိတဲ့ အာရှတိုက်နဲ့ အာဖရိကတိုက်က ပြည်သူလူထုအချင်းချင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြဖို့ အလားအလာတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ ညီညီညွတ်ညွတ်နဲ့ လွန်ခဲ့တဲ့ နှစ် ၆၀ လောက်က အတိုင်းပဲ စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းသွားကြဖို့ ကောင်းမွန်တဲ့အလားအလာတွေပဲ ဖြစ်ပါတယ်။

"ဘန်ဒေါင်းညီလာခံကို ၁၉၅၅ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့တဲ့ ကနဦးနိုင်ငံတွေက အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ သီရိလင်္ကာနဲ့ မြန်မာနိုင်ငံတို့ဖြစ်ပါတယ်။ ကနဦးနိုင်ငံငါးနိုင်ငံထဲမှာပါတဲ့ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍဟာလည်း အထူးအလေးပေးခြင်းခံရပါတယ်။ ဒါကြောင့်မို့ ဒီအစည်းအဝေးရဲ့ ဖွင့်ပွဲမှာဆိုရင် အိမ်ရှင်အင်ဒိုနီးရှားသမ္မတကြီးကနေပြီး ဖွင့်ပွဲအဖြစ်နဲ့ မောင်းကိုထုပြီးတော့ ဖွင့်လှစ်တဲ့အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးက ဘေးကနေ ဂုဏ်ထူးဆောင်ဧည့်သည်အဖြစ် ပါဝင်ပြီးတော့ ရပ်ခဲ့ပါတယ်။

"နောက်ရက်မှာလုပ်မယ့် ဘန်ဒေါင်းမှာ လုပ်မယ့် နှစ် (၆၀) မြောက် အာရှ- အာဖရိက ညီလာခံရဲ့အထိမ်းအမှတ်ပွဲမှာ နိုင်ငံတော်သမ္မတကြီးကနေပြီး အာရှတိုက်နိုင်ငံတွေရဲ့ ကိုယ်စား မိန့်ခွန်းပြောကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုကဏ္ဍကို နိုင်ငံတကာဆက်ဆံရေးမှာ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆောင်ရွက်ခွင့်ရတဲ့ အခွင့်အလမ်းရခဲ့တဲ့ ညီလာခံတွေ၊ အစည်းအဝေးတွေဖြစ်တယ်လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ၂၀၁၄ ခုနှစ်မှာ ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီး ဒီနှစ်မှာလည်း မြန်မာနိုင်ငံရဲ့ဒေသတွင်းနဲ့ နိုင်ငံတကာမှာ နိုင်ငံခြားရေးမူဝါဒကို တက်တက်ကြွကြွ အကောင်အထည်ဖော်ခွင့်ရခဲ့တယ်။ ဒေသတွင်းမှာလည်း ဦးဆောင်မှုအခန်းကဏ္ဍမှာ ပီပီပြင်ပြင်နဲ့ ဆောင်ရွက်သွားနိုင်တဲ့ အနေအထားတွေတွေ့ရတဲ့အတွက် ဒီညီလာခံကို တက်ရောက်ရတဲ့ ခရီးစဉ်ကလည်း အထူးအောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်" ဟု ပြောကြားသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

## မိုးလေဝသ အခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။** (မိုး/ဇလ)

**အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး**

# ယီမင်ပဋိပက္ခအမြန်ဆုံး အဆုံးသတ်ရန် ကုလဆော်ဩ

**ဆာနား ဧပြီ ၂၃**

ယီမင်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ပဋိပက္ခကိုချက်ချင်းရပ်တန့်ရန်နှင့် ကုလသမဂ္ဂဦးဆောင်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပြန်စရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းထားသည်။

ဟူသီသူပုန်များ အပါအဝင် ယီမင်နိုင်ငံကို တိုက်ခိုက်နေသော လေကြောင်းတိုက်ခိုက်မှုများ အဆုံးသတ်ရန် ရီယာ့ဒ်က ကြေညာလိုက်ခြင်း အပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဗုဒ္ဓဟူးနေ့တွင်ကြိုဆိုလိုက်သည်။

ကုလသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် ယီမင်နိုင်ငံအတွင်း နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးစတင်ရန်လိုကြောင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပေးရမည်ဖြစ်ကြောင်းလည်း ၄င်းကတိုက်တွန်းလိုက်သည်။



ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်သစ် ဂျမေးလ် ဘင်နိုမာအား အဓိက ပါတီများ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း မစ္စတာဘန်က ဆိုသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် မောရစ်သျှ သံတမန် အစ္စမေးလ် ချက်အာမက်ကို ဘင်နိုမာနှင့်အစားထိုးရန် စဉ်းစားလျက်ရှိသည်။

အဆိုပါ ယီမင်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်သစ်အနေဖြင့် ပဋိပက္ခများ ဖြေရှင်းရာတွင် ကူညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဘန်က ပြောသည်။

**ပရက်စ်တီဗွီ**

# အီဘိုလာကူးစက်ခံမျောက်များကို စမ်းသပ်ကုသ

**နယူးယောက် ဧပြီ ၂၃**

အီဘိုလာ ကူးစက်ခံရသည့် မျောက်များကို စမ်းသပ်ကုသမှုတစ်ခုပြုလုပ်ခဲ့ကြောင်း အမေရိကန် အခြေစိုက်သိပ္ပံပညာရှင်များက ပြောခဲ့သည်။

တီကေအမ် အီဘိုလာ ဂူနီးယားဟုခေါ်သည့် အဆိုပါ ကုသမှုသည် အနောက်အာဖရိကတွင် လတ်တလောဖြစ်ပွားလျက်ရှိသော အီဘိုလာဗိုင်းရပ်စ်၏ မာကိုနာ အမျိုးအစားပိုးအတွက် အဓိကထား စမ်းသပ်ခြင်းဖြစ်သည်။

စမ်းသပ်ကုသပေးသော မျောက်သုံးကောင်လုံး ၂၈ ရက်အကြာတွင် ပြန်လည်ကျန်းမာလာပြီး ကုသပေးမှုမရှိသော မျောက်သုံးကောင်မှာ ကိုးရက်အတွင်း သေဆုံးသွားသည်ကို တွေ့ရသည်။

ယင်းဆေးဝါး၏ အာနိသင် အကျိုးသက်ရောက်မှုကို လူသားများတွင် စမ်းသပ်ခြင်းမပြုရသေးဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ လက်ရှိလူသားများတွင်ဖြစ်ပွားသော အီဘိုလာရောဂါအတွက် ကုသမှု မပြုလုပ်နိုင်သေးပေ။

အာဖရိကအလယ်ပိုင်းမှ အဆိုပါ အီဘိုလာရောဂါသစ်ကို ကာကွယ်ရန်အတွက် ပထမအကြိမ် စမ်းသပ်အဖြေထုတ်ခြင်းဖြစ်သည်ဟု တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင် သောမတ်စ်ဂစ်ဘာ့တ်က ဆိုသည်။

နောက်လေးလအကြာတွင် လူသားများတွင် စမ်းသပ်အဖြေထုတ်နိုင်မည့် ဆေးဝါးများပေါ်ထွက်လာနိုင်သည်ဟု မျှော်လင့်ရသည်။ **(ဘီဘီစီ)**

# ရွှေ့ပြောင်းနေထိုင်သူများ မြင့်တက်လာမှုအပေါ် အီးယူဆွေးနွေး

**အီးယူ ဧပြီ ၂၃**

မြေထဲပင်လယ်ဒေသတစ်ဝန်းမှ ရွှေ့ပြောင်း အခြေချနေထိုင်သူများ မြင့်တက်လာသည့်အတွက် အီးယူခေါင်းဆောင်များက အရေးပေါ် ထိပ်သီးအစည်းအဝေး ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

လူမှောင်ခိုများ အသုံးပြုသော လှေများကို ဖျက်ဆီးပစ်ရန် မူကြမ်းတစ်ရပ် ချမှတ်ဆောင်ရွက်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ တနင်္ဂနွေနေ့က လစ်ဗျားကမ်းခြေတွင် လူပေါင်း ၈၀၀ ကျော် ရေနစ်သေဆုံးခဲ့ကြောင်း ယခုနှစ်အတွင်း သေဆုံးသူအရေအတွက် ၁၇၅၀ ရှိသွားပြီ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ လူမှောင်ခိုများကို တိုက်ရိုက်အရေးယူဆောင်ရွက်သွားရန် အီတလီဝန်ကြီးချုပ် မတ်တီယို ရမ်ဇိုင်းက တိုက်တွန်းထားသည်။ ၂၀ ရာစု ကျေးကျွန်ရောင်းဝယ်မှုကို အဆုံးသတ်ကြရန်လည်း ၄င်းက တိုက်တွန်းလိုက်သည်။

ကြာသပတေးနေ့က ဘရပ်ဆဲလ်မြို့တွင် ကျင်းပသော မူကြမ်းဆွေးနွေးပွဲ၌ လူမှောင်ခိုများ အသုံးပြုသော စက်လှေများ ဖျက်သိမ်းရေး၊ ဖမ်းဆီးအရေးယူရေးတို့ကို အလေးအနက်ထား ဆွေးနွေးကြမည်ဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

အီတလီကမ်းခြေသို့ ဆိုက်ရောက်လာသော ရွှေ့ပြောင်းနေထိုင်သူ စက်လှေ ၉၀ ရာခိုင်နှုန်းသည် လစ်ဗျားနိုင်ငံမှဖြစ်ကြောင်း အီတလီတာဝန်ရှိသူများက ပြောသည်။

**ဘီဘီစီ**






# ချီလီ၌ မီးတောင်ပေါက်ကွဲမှုဖြစ် ရွှေ့ပြောင်းကယ်ဆယ်မှုများပြုလုပ်

**ချီလီ ဧပြီ ၂၃**

ချီလီနိုင်ငံတောင်ပိုင်းရှိ ကာလ်ပူကိုမီးတောင်သည် ဆယ်စုနှစ်များအကြာ ငုပ်နေရာမှ နှစ်ကြိမ်ပေါက်ကွဲခဲ့ရာ မီးခိုးများနှင့်ပြာမှုန့်များ အမြင့်ပေ များစွာသို့ ရောက်ရှိခဲ့သည်။

အရေးပေါ်သတိပေးမှုများ ပြုလုပ်ထားပြီး ကြိုတင်ကာကွယ်မှုအနေဖြင့် လူပေါင်း ၁၅၀၀ ခန့်ကို မီးတောင်၏ ဗဟိုချက်မှ ၁၂ မိုင်အကွာသို့ ရွှေ့ပြောင်းကယ်ဆယ်မှုများ ပြုလုပ်ထားကြောင်း အာဏာပိုင်များက ဆိုသည်။ အနီးအနားရှိ Puerto Montt မြို့တစ်မြို့လုံး ပြာမှုန့်များဖြင့် ဖုံးလွှမ်းသွားခဲ့သည်။ ဒေသခံများမှာ အလွန်ထိတ်လန့်လျက်ရှိနေကြောင်း မြို့တော်ဝန် ဂါဗွိုင်ပရီဒီးစ်က ပြောသည်။ ကာလ်ပူကိုမှ ကီလိုမီတာ ၁၀၀ အကွာ အိမ်နီးချင်း အာဂျင်တီးနားနိုင်ငံရှိ ဘာရီလိုချီမြို့၌လည်း ပြာမှုန့်များ ဖုံးလွှမ်းနိုင်သည့်အတွက် အရေးပေါ် ဆောင်ရွက်မှုများပြုလုပ်လျက်ရှိပြီး ဒေသခံများအား အမိုးအကာအောက်၌ နေထိုင်ကြရန် သတိပေးထားသည်။

ယခုတစ်ကြိမ်သည် လများစွာအတွင်း ချီလီတောင်ပိုင်းရှိ အခြားမီးတောင်ပေါက်ကွဲမှု ဖြစ်သည်။ မတ်လအတွင်းက Villarrica မီးတောင်ပေါက်ကွဲပြီး ချော်ရည်နှင့်ပြာမှုန့်များစွာထွက်လာခဲ့သည်။

**(ဘီဘီစီ)**

## တရုတ်နိုင်ငံမြောက်ပိုင်းတွင် အအေးလှိုင်းဖြတ်မည်

**ပေကျင်း ဧပြီ ၂၃**

လာမည့် နှစ်ရက်အတွင်း တရုတ်နိုင်ငံ မြောက်ပိုင်းသို့ အအေးလှိုင်း ဖြတ်သန်းဝင်ရောက်နိုင်ဖွယ်ရှိပြီး ၄င်းဖြတ်သန်းရာလမ်းကြောင်း တစ်လျှောက်တွင် အပူချိန် ရုတ်တရက် ကျဆင်းနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ခန့်မှန်းခဲ့သည်။

မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တရုတ်နိုင်ငံအရှေ့ မြောက်ပိုင်းဒေသအများစုတွင် အပူချိန်သည် ၄ ဒီဂရီဆဲလ်စီးရပ်စ်မှ ၆ ဒီဂရီဆဲလ်စီးရပ်စ်သို့ ကျဆင်းသွားနိုင်ကြောင်း၊ လေတိုက်နှုန်းသည် ပြင်းထန်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဆော်ဒီဦးဆောင်သော မဟာမိတ်တပ်များက ယီမင်ကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်

**ရီယာ့ဒ် ဧပြီ ၂၃**

ရီယာ့ဒ်တို့က လေကြောင်းတိုက်ခိုက်မှုများ အဆုံးသတ်သွားပြီဟု ကြေညာသော်လည်း ဆော်ဒီဦးဆောင်သော မဟာမိတ်စစ်လေယာဉ်များက ဗုဒ္ဓဟူးနေ့က ယီမင်ကိုဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အတိုက်အခံများနှင့် ဖြုတ်ချခံသမ္မတဟောင်း သစ္စာတော်ခံတပ်များကြား တိုက်ပွဲသစ်များ ဆက်လက်ဖြစ်ပွားနေချိန်တွင် ဗုံးကြဲတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပင်လယ်ကွေ့အင်အားကြီးနိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့ကြား ဖြစ်ပေါ်လာသော စစ်ပွဲကြောင့် အကြမ်းဖက် ဆူပူအုံကြွမှုများသည် နိုင်ငံရေးအဖြေရှာရန် ခက်ခဲမှုကိုဖြစ်ပေါ်စေသည်။ အီရန်မဟာမိတ်ဟူသီတို့အပေါ် လေကြောင်းတိုက်ခိုက်မှုများသည် တစ်လနီးပါးအကြာတွင် ပြီးဆုံးလိမ့်မည်ဟု ရီယာ့ဒ်က အင်္ဂါနေ့တွင်ကြေညာလိုက်ခြင်းသည် အမေရိကန်နှင့်အီရန်နှစ်ဖက်စလုံးကို ကောင်းမွန်သော အကျိုးသက်ရောက်မှုများကိုဖြစ်စေသည်။ သို့သော် နာရီပေါင်းများစွာကြာပြီးနောက် လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်တိုက်ခိုက်မှုများသည် ပြန်လည်အသက်ဝင်လှုပ်ရှားလာပြီး လူသားချင်းစာနာထောက်ထားမှုအခြေအနေများသည် ကပ်ဆိုးတစ်ခုကျရောက်သကဲ့သို့ ဖြစ်နေကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့ကဖော်ပြခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများကို လုံးဝရပ်နားလိုက်ပြီးနောက် ကုလသမဂ္ဂငြိမ်းချမ်းရေးစကားဝိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုကိုဆန္ဒရှိကြောင်း ဟူသီသူပုန်လှုပ်ရှားမှုအဖွဲ့ကပြောခဲ့သည်။ တစ်ချိန်တည်းမှာပင် ဟူသီ တိုက်ခိုက်ရေးသမားများသည် မြို့တော် Taiz ရှိ သမ္မတ ဟာဒီသစ္စာတော်ခံစစ်အခြေစိုက်စခန်းကိုထိန်းသိမ်းခဲ့သည်။ များမကြာမီ ဆော်ဒီကဌာနချုပ်ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဒေသခံများကပြောခဲ့သည်။ မဟာမိတ်လေယာဉ်များသည် နောက်ပိုင်းတွင် ယီမင်တောင်ပိုင်း သူပုန်သိမ်းပိုက်ခံနေရာများကို တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများကထပ်လောင်းပြောကြားခဲ့သည်။

**(ရိုက်တာ)**

# Tourist Maps of Myanmar (TMM-47) အခမဲ့ စတင်ဖြန့်ချိ

**ရန်ကုန် ဧပြီ ၂၃**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် D.P.S သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီးထုတ်ဝေလျက်ရှိရာ ယခုထိစောင်ရေ ၂၅ သိန်း စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။

ယခုအခါ နိုင်ငံခြားခရီးသွားများသာမက ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် Tourist Maps of Myanmar April 2015 Edition စောင်ရေ ၃၀၀၀၀ ကို အခမဲ့ထပ်မံဖြန့်ချိနေပြီဖြစ်သည်။

April 2015 Tourist Maps of Myanmar (TMM-47) တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုအဖွဲ့ကြီးမှ အသိအမှတ်ပြုလိုက်ပြီဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုးနှင့်ဟန်လင်း၊ ပျူမြို့သုံးမြို့၏ မြေပုံများပါ မွမ်းမံထည့်သွင်းထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီဖြင့် မြန်မာနိုင်ငံအတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများကို လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ရန်ကုန်လေဆိပ်တွင် ဧည့်သည်တိုင်းသို့ အခမဲ့ဝေငှပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့လည်း ထိရောက်စွာဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နိုင်ငံတကာတွင် ကျင်းပလျက်ရှိသည့် Travel Show များသို့ လည်းကောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ လည်းကောင်း၊ မြန်မာနိုင်ငံရှိ သံရုံးများသို့လည်းကောင်း၊ စနစ်တကျပေးပို့ဖြန့်ချိလျက်ရှိသည်။

ပြည်တွင်းသို့ အဓိကခရီးသည်ဝင်ပေါက်ဖြစ်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးလေဆိပ်၊ ပုဂံ၊ ညောင်ဦးလေဆိပ်များ၌ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ခရီးသည်အားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင်လည်းကောင်း၊ ၃၅ လမ်း(အလယ်ဘလောက်)ရှိ D.P.S တွင်လည်းကောင်း အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# နတ်မောက်မြို့နယ် ရွာသစ်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွား

**နတ်မောက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောက်တန်းအုပ်စု ရွာသစ်ကြီးကျေးရွာ၌ ယမန်နေ့က ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားခဲ့ရာ ရွာသူ ရွာသား ၉၂ ဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝမ်းပျက်ဝမ်းလျှော ရောဂါ ဖြစ်ပွားသူများကို ရွာသစ်ကျေးရွာအနီးရှိ ပျော်ဘွယ်မြို့နယ် ညောင်ကုန်းကျေးရွာ တိုက်နယ်ဆေးရုံသို့ ၁၆ ဦးကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများက ရွာသစ် ကျေးရွာရှိ ၆၇ ဦးကို ကျေးရွာတွင် လည်းကောင်း အနီးကပ် ကုသပေးလျက်ရှိရာ ကျန်လူနာကိုးဦးကို မြို့နယ် ကျန်းမာရေး ဦးစီးမှူး၏ ကြီးကြပ်ညွှန်ကြားမှု



ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ် ကုသပေးလျက်ရှိကြောင်း သိရသည်။ နတ်မောက်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခံယူနေသော ရွာသစ်ကျေးရွာ ဝမ်းပျက်ဝမ်းလျှောရောဂါရှိသူလူနာ ကိုးဦးကို ဧပြီ ၂၂ ရက်က မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက ထောက်ပံ့အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**လှဝင်း**

# မလှိုင်မြို့နယ်၌ နှစ်ရက်ဆက်တိုက် မီးလောင်မှုဖြစ်ပွား

**မလှိုင် ဧပြီ ၂၃**

မလှိုင်မြို့နယ်၌ ဧပြီ ၂၀ ရက်နှင့် ၂၁ ရက်က ရက်ဆက်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၈ နာရီခွဲခန့်က ထန်းပင်ကန်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မလှိုင်မြို့မရဲစခန်းမှ ရဲအုပ် ဇော်လင်းဦးနှင့် သက်သေများ ပါဝင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ ဒေါ်တင်မယ် (၇၂) နှစ်သည် ရေနွေးအိုးတည်ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်တင်မယ်ကို အမှုဖွင့်လှစ်ခဲ့သည်။

အလားတူ ဧပြီ ၂၁ ရက် ညနေ ၃ နာရီခန့်က မလှိုင်မြို့နယ် ညောင်အုပ်ကျေးရွာ၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ နွားကန်နယ်မြေရဲစခန်းမှူး ရဲအုပ်သတိုးနှင့် သက်သေများက အခင်းဖြစ်ရာ အရပ်သို့ သွားရောက်စစ်ဆေးခဲ့သည်။ ညောင်အုပ်ကျေးရွာအုပ်စု ရေဝင်ကျေးရွာနေ ဦးအေးမောင် (၆၅နှစ်) သည် ညောင်အုပ်ကျေးရွာ မြောက်ဘက်ပေ ၁၀၀ ခန့်အကွာ၌ ၄င်း၏ ယာတောရှိ ထန်းရွက်ခြောက်များကို မီးရှို့ရှင်းလင်းရာမှ လေတိုက်၍ အမှိုက်မီးများ လွင့်စဉ်ကာ အနီးရှိ အိမ်ခေါင်မိုးပေါ်သို့ကျပြီး မီးကူးစက်လောင် ကျွမ်းခဲ့သဖြင့် မီးပေါ့ဆသူ ဦးအေးမောင်ကို နွားကန်နယ် မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ဗန်းမော်-မန္တလေးကားလမ်းမပေါ်တွင် ခြောက်ဘီးယာဉ်က နောက်မှဝင်တိုက်ခဲ့၍ ဆိုင်ကယ်စီးနင်းသူများဒဏ်ရာရရှိ

**ကသာ ဧပြီ ၂၃**

ထီးချိုင့်မြို့နယ် မြို့မရဲစခန်း၏ အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာရှိ မောင်းကုန်းကျေးရွာအုပ်စု ရေရှင်ကျေးရွာအနီးတွင် ဧပြီ ၂၂ ရက် နံနက် ၂ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ မောင်းကုန်းရဲကင်းစခန်းမှူး ရဲအုပ် ဇော်ဦးနှင့်အဖွဲ့က သက်သေများနှင့်အတူ အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

စစ်ဆေးတွေ့ရှိချက်အရ ရေရှင်ကျေးရွာ တံတားမြောက်ဘက် မိုင်တိုင်အမှတ် (၆၀/၁) နှင့်(၆၀/၂) အကြား ဗန်းမော်-မန္တလေး ကားလမ်းမပေါ်တွင် မြောက်မှ တောင်သို့ စိုးမိုးအောင် မောင်းနှင်ပြီး နေဇာအောင်နောက်မှ လိုက်ပါလာသော KENBO-125 အနက်ရောင်ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ) ကို ဖွဲ့ချစ်အောင် မောင်းနှင်လာသည့် Dong Feng အပြာရောင် ခြောက်ဘီးယာဉ်က အခင်းဖြစ်နေရာ၌ နောက်မှဝင်တိုက်၍ စိုးမိုးအောင် (၂၀ နှစ်) နီကယ်စက်ရုံဝန်ထမ်း မောင်းကုန်းကျေးရွာထီးချိုင့်မြို့နယ်နှင့် နေဇာအောင်(၂၇ နှစ်) နီကယ်စက်ရုံဝန်ထမ်း မောင်းကုန်းကျေးရွာ ထီးချိုင့်မြို့နယ်နေသူတို့တွင်ဒဏ်ရာများရရှိခဲ့သဖြင့် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ဖွဲ့ချစ်အောင်(၂၃ နှစ်)ဆံညှပ်ကုန်းကျေးရွာ တကောင်းမြို့နယ်နေသူကို မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# လူငယ်ချင်းစကားများရာမှ တုတ်နှင့်ရိုက်၍ သေဆုံး

**စစ်ကိုင်း ဧပြီ ၂၃**

စစ်ကိုင်းမြို့နယ် စီတီးကျေးရွာတွင် လူငယ်ချင်းစကားများရာမှ တုတ်ဖြင့် ရိုက်လိုက်သောကြောင့် အရိုက်ခံရသူမှာ ဆေးရုံ၌ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၇ ရက် ည ၉ နာရီက စစ်ကိုင်းမြို့နယ် စီတီးကျေးရွာနေ ဦးပြုံးတင်သည် နေအိမ်တွင် ရှိနေစဉ် သားဖြစ်သူ မောင်စိုင်းချစ်မှာ စီတီးကျေးရွာ ဦးပဲ နေအိမ်အနီးကားလမ်းပေါ်၌ အောင်ချမ်းသာကျေးရွာနေ လှိုင်မင်းဦးနှင့် စကားများရန်ဖြစ်ပြီး လှိုင်မင်းဦးက တုတ်ဖြင့်ရိုက်လိုက်သဖြင့် ဦးခေါင်း၌ဒဏ်ရာရရှိကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုခဲ့သည်။ မောင်စိုင်းချစ်မှာ ဝဲဘက်ချိုစောင်းပေါက်ပြဲဒဏ်ရာရရှိပြီး သွေးများထွက်နေသဖြင့် စီတီးကျေးရွာ သုခရွှေစီ လူမှုရေးကားဖြင့် စစ်ကိုင်း ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ခဲ့ကာ လူနာမသက်သာ၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင် ကုသနေစဉ် မောင်စိုင်းချစ်မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

သို့ဖြစ်၍ လူအားသေသည်အထိ ရိုက်နှက်ခဲ့သူ လှိုင်မင်းဦး ပန်းရန်လုပ်၊ အောင်ချမ်းသာကျေးရွာ စစ်ကိုင်းမြို့နယ်နေသူကို သက်ဆိုင်ရာက အရေးယူစစ်ဆေးလျက်ရှိသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု၊ ကောင်ဆန်ကျေးရွာ ရပ်ကွက်(၄)နေ ကျော်မျိုးအောင်၏ နေအိမ်ကို ဧပြီ ၂၁ ရက်က ရှာဖွေရာ အိမ်ခေါင်းရင်း ကြမ်းခင်းအောက်ရှိ မြေကြီးပေါ်မှ ကြွပ်ကြွပ်အိတ်အတွင်း ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူ ၀ ဒသမ ၀၀၁၈ ကီလိုနှင့် ခြံဝင်းအတွင်းရှိ အိမ်သာတံခါးရွက်ကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၊ အိမ်သာရှေ့ မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကျော်မျိုးအောင် (၂၀နှစ်)အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မောက်မယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက်က မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုက်ဖယ်ကျေးရွာနေ ဒေါ်ပါနို၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအိပ်ရာပေါ်ရှိ ပလတ်စတစ်ဘူးအတွင်းမှ ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁ ပြားနှင့် မြန်မာငွေကျပ် ၃၄၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဒေါ်ပါနို (၇၀ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**မူးယစ်ဆေးဝါးအန္တရာယ်**
**တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်**

# နောင်ချိုမြို့နယ်တွင် ဘိန်းစိမ်း ၁ ဒသမ ၆ ကီလို၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ ဧပြီ ၂၁ ရက်က ကျောက်မဲမှ နောင်ချိုသို့ စိုင်းအောင်ပန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေသည်။

ထိုသို့ရှာဖွေရာတွင် ဆိုင်ကယ်လေစစ်ဘူးအတွင်း လျှို့ဝှက်သယ်ဆောင်လာသည့် ကော်ဘူးသုံးဘူးအတွင်းမှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၊ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် ဘိန်းစိမ်း ၀ ဒသမ ၁ ကီလိုနှင့် ထိုင်ခုံအတွင်းမှ သံဘူးငါးဘူးဖြင့် ထည့်လျက် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို စုစုပေါင်း ဘိန်းစိမ်း ၁ ဒသမ ၆ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းအောင်ပန်း (၃၇ နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

**စိုင်းအောင်ပန်းအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**



# နိုင်ငံတည်ဆောက်ရေးနှင့်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဂျပန်နိုင်ငံက အပြည့်အဝဆက်လက်ကူညီမည်

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့်တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း-မိုးသူဇာစိုး၊ ဓာတ်ပုံ-လှမိုး

မြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အခွန့်ရှည်ကြာစွာ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နှစ်(၆၀)ပြည့် ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေးကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည်။



မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi ။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ငွေကြေးကူညီခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီအထောက်အပံ့များပေးခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေး အစီအစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်ထွန်းစေမည့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရာတွင် သီလဝါအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင်လည်း ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်နေမှုကို ထင်ရှားစွာ တွေ့မြင်နေရသည်။

သို့ဖြစ်ရာ ဂျပန်-မြန်မာဆက်ဆံရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအစီအစဉ်များတွင် ဂျပန်အစိုးရ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi အား မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်တင်ပြလိုက်ပါသည်။

**မေး ။ ။ မြန်မာနိုင်ငံမှာ လက်ရှိကူညီဆောင်ရွက်နေတဲ့ ဂျပန်အစိုးရရဲ့အကူအညီတွေက ဘယ်လိုကဏ္ဍတွေ အဓိကပါဝင်တယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ ။ ။ ဂျပန်နိုင်ငံရဲ့ အကူအညီတွေက ဒီမိုကရေစီထွန်းကားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုတဲ့ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို တွန်းအားပေးဖို့ ရည်ရွယ်ထားပြီး ကဏ္ဍသုံးရပ်ပါဝင်ပါတယ်။ ဆင်းရဲချို့တဲ့စွာ နေထိုင်ရတဲ့ လူတွေနဲ့ မျိုးနွယ်စု လူနည်းစုတွေရဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ ကူညီခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းတွေဖြစ်အောင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနဲ့ အင်စတီကျူးရှင်းဖွံ့ဖြိုးမှုအတွက် ကူညီခြင်းနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ စီးပွားရေးအတွက် လိုအပ်တဲ့ ဆက်စပ်နည်းစနစ်တွေမှာ ကူညီဆောင်ရွက်ခြင်းတွေ ပါဝင်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်ချိန်ကစပြီး ဘယ်လောက်အတိုင်းအတာအထိ ဂျပန်အစိုးရက ကူညီပံ့ပိုးနေတယ်ဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ စတင်ခဲ့တဲ့ ၂၀၁၁ ခုနှစ် မတ်လကစပြီး ဂျပန်အစိုးရရဲ့အကူအညီတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပါတယ်။ ပမာဏအနေနဲ့ ပြောရရင် ဒီကာလတွေမှာ ဂျပန်ယန်း ၂၄၀ ဘီလီယံ ( အမေရိကန်ဒေါ်လာနှစ်ဘီလီယံ) ကျော်ပါတယ်။ **၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပဲ ဂျပန်ယန်း ၁၂၀ ဘီလီယံကျော်ကို မြန်မာနိုင်ငံအတွက် အကူအညီတွေ ပေးခဲ့ပါတယ်။** အထူးသဖြင့် မြန်မာတစ်နိုင်ငံလုံးကို ကျယ်ကျယ်ပြန့်ပြန့်ကူညီရာမှာ ဂျပန်နိုင်ငံရဲ့ စုစုပေါင်းငွေကြေးကူညီမှုတွေရဲ့ ၁၁ ရာခိုင်နှုန်းအထိ ပံ့ပိုးသွားနိုင်ဖို့ ရည်ရွယ်ထားခဲ့တယ်။ **ဒီလိုကူညီမှုတွေက မြန်မာနိုင်ငံရဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းမှုတွေအတွက် ဂျပန်နိုင်ငံရဲ့ ပူးပေါင်းပါဝင်မှုအဖြေလည်း ဖြစ်ပါတယ်။** ဒီနှစ် ဇန်နဝါရီလအထိ ဂျပန်ကျွမ်းကျင်ပညာရှင် ၁၂ ဦးနဲ့ နည်းပညာပိုင်းဆိုင်ရာ စီမံကိန်း ၂၀ မှာ ပါဝင်ဆောင်ရွက်ကူညီပေးနေပါတယ်။

မြန်မာနိုင်ငံဖွံ့ဖြိုးရေး အစီအစဉ်တွေအတွက် ငွေကြေးကဏ္ဍသာမကဘဲ လူ့စွမ်းအားအရင်းအမြစ်နဲ့ အင်စတီကျူးရှင်းတည်ထောင်တဲ့လုပ်ငန်းတွေမှာပါ ငွေအားရော လူအားပါ ပံ့ပိုးကူညီနေပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွေနဲ့လုပ်ငန်းစဉ်ဆောင်ရွက်ရာမှာ ငွေကြေးအကူအညီနဲ့ ချေးငွေထုတ်ချေးခြင်းတွေမှာသာမက မြန်မာပြည်သူ ပြည်သားတွေနဲ့အတူ ကဏ္ဍစုံမှာ ဂျပန်နိုင်ငံက ကျွမ်းကျင်ပညာရှင်တွေလည်း အားဖြည့်ဆောင်ရွက်နေကြပါတယ်။

**မေး ။ ။ ဂျပန်အစိုးရအကူအညီနဲ့ ဆောင်ရွက်နေတဲ့ စီမံကိန်းတွေရဲ့ အောင်မြင်မှုတွေကို ဘယ်လိုပြန်ပြီး ဆန်းစစ်သလဲဆိုတာကိုလည်း သိပါရစေရှင့်။**

ဖြေ ။ ။ ဂျပန်အစိုးရရဲ့ ကူညီမှုမှာ စီမံကိန်းမျိုးစုံနဲ့ကဏ္ဍစုံပါဝင်ပါတယ်။ မြန်မာပြည်သူ ပြည်သားတွေရဲ့ လူမှုဘဝဖွံ့ဖြိုးလာတယ်လို့ အမှန်တကယ်ခံစားရမယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုလို မြန်မာ့ဖွံ့ဖြိုးရေးအကူအညီဆိုင်ရာ စီမံကိန်းတွေက အကန့်အသတ်မရှိပါဘူး။ ဥပမာဆိုရရင် အခြေခံလူတန်းစားအတွက် အကူအညီအစီအစဉ်အရ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ကျောင်းပေါင်း ၃၂၈ ကျောင်းကို ဂျပန်နိုင်ငံက တည်ဆောက်ပေးခဲ့ပါတယ်။

နောက်တစ်ခုက ကျန်းမာရေးနဲ့ ဆေးပညာကဏ္ဍမှာ ဂျပန်နိုင်ငံက ဆက်တိုက်ကူညီထောက်ပံ့နေတာ နှစ်ပေါင်း ၃၀ ကျော်လောက်ရှိပါပြီ။ လတ်တလောအကူအညီတွေမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ မန္တလေးပြည်သူ့ဆေးရုံကြီးတို့အတွက် ဆေးပညာဆိုင်ရာပစ္စည်းသစ်တွေနဲ့ မိတ်ဆက်ပေးတဲ့စီမံချက်တွေ ပါဝင်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေရဲ့ အချက်အချာကျတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အထွေထွေရောဂါကုဆေးရုံတွေ ဖွံ့ဖြိုးတိုးတက်ဖို့မှာ ကယားပြည်နယ် လွိုင်ကော်ပြည်သူ့ဆေးရုံရဲ့အဆောက်အအုံအသစ်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက အုတ်မြစ်ချနိုင်ခဲ့ပါတယ်။

ပို့ဆောင်ရေးကဏ္ဍမှာဆိုရင်လည်း ခရီးသည်သုံးသောင်းလောက် နေ့စဉ်ဖြတ်သန်းသွားလာနေပြီး တစ်နှစ်ကို ခရီးသည် ၁၀ သန်းလောက် အသုံးပြုနိုင်မယ့် ရန်ကုန်-ဒလ မြစ်ကူး ကူးတို့သင်္ဘောသုံးစင်းကို ပံ့ပိုးကူညီထားပါတယ်။

**မေး ။ ။ ဂျပန်အစိုးရအကူအညီနဲ့ လက်ရှိဆောင်ရွက်နေတဲ့မြန်မာ့ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်တွေကိုလည်း သိပါရစေရှင့်။**

ဖြေ ။ ။ **သီလဝါအထူးစီးပွားရေးဇုန်က ဒီ ၂၀၁၅ ခုနှစ်အတွင်းမှာ လုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်အောင် ရည်မှန်းထားပြီး ဆောင်ရွက်နေပါတယ်။ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများက အထူးစီးပွားရေးဇုန်မှာ စက်ရုံတွေ ဖွင့်နိုင်ဖို့ မျှော်မှန်းထားကြပါတယ်။ ဒါက အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့တင်မကဘဲ နည်းပညာအကူးအပြောင်းနဲ့အတူ မြန်မာ့ဖွံ့ဖြိုးရေးကို ဖော်ဆောင်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။**

> **သီလဝါအထူးစီးပွားရေးဇုန်က ဒီ ၂၀၁၅ ခုနှစ်အတွင်းမှာ လုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်အောင် ရည်မှန်းထားပြီး ဆောင်ရွက်နေပါတယ်။ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများက အထူးစီးပွားရေးဇုန်မှာ စက်ရုံတွေဖွင့်နိုင်ဖို့ မျှော်မှန်းထားကြပါတယ်။ ဒါက အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖို့တင်မကဘဲ နည်းပညာအကူးအပြောင်းနဲ့အတူ မြန်မာ့ဖွံ့ဖြိုးရေးကို ဖော်ဆောင်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်**

ရထားပို့ဆောင်ရေးနည်းပညာမှာ ကမ္ဘာ့ထိပ်တန်းဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့ နည်းပညာတွေနဲ့ ရန်ကုန်-မန္တလေး ဆက်သွယ်ရေးမှာ အသက်သွေးကြောဖြစ်တဲ့ ရထားလမ်းနဲ့ ရန်ကုန်မြို့ပတ်ရထားလမ်း ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပံ့ပိုးရင်း မဝေးတော့တဲ့ အနာဂတ်မှာ မြန်မာလူထုကို လုံခြုံစိတ်ချရတဲ့ ရထားပို့ဆောင်ရေးဝန်ဆောင်မှုပေးနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**မေး ။ ။ မကြာသေးမီက နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့တဲ့ ဆိပ်ကမ်းဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းတွေမှာ ဂျပန်အစိုးရက ဘယ်လိုကူညီသွားမယ်ဆိုတာလည်း သိပါရစေရှင့်။**

ဖြေ ။ ။ဆိပ်ကမ်းတွေဟာ နိုင်ငံတကာကုန်သွယ်ရေးအတွက် တံခါးပေါက်တွေဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာမှာလည်း ခေတ်မီတိုးတက်တဲ့ ဆိပ်ကမ်းတွေက မရှိမဖြစ်ပါပဲ။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံက ဆိပ်ကမ်း Cargo လုပ်ငန်းစဉ်တွေမှာ အချိန်ယူဆောင်ရွက်နေရပြီး အီလက်ထရွန်နစ်စနစ်ကို ထည့်သွင်းအသုံးပြုခြင်းက အရိုးစင်းဆုံးနဲ့ အလွယ်ကူဆုံးလုပ်ငန်းစဉ်တွေ ဖြစ်လာမယ်လို့ မျှော်မှန်းပါတယ်။ **Cargo လုပ်ငန်းစဉ် ဆောင်ရွက်နိုင်မှု မြင့်မားလာခြင်းက မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကြီးမားတဲ့ အထောက်အပံ့ဖြစ်စေပါတယ်။** ဒီအနေအထားရဲ့ ကြီးမားတဲ့အကျိုးဆက်ကို ရရှိလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**မေး ။ ။ ရန်ကုန်နဲ့ မန္တလေးမြို့ရဲ့ ရေအရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ဂျပန်အစိုးရက ကူညီအကောင်အထည်ဖော်သွားမယ်လို့လည်း သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း သိပါရစေရှင့်။**

ဖြေ ။ ။ ရန်ကုန်မြို့ရဲ့ ရေပေးဝေရေးစနစ်မှာပါဝင်တဲ့ စက်ရုံတွေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ ဒီအစီအစဉ်က ရည်ရွယ်ပါတယ်။ ဒါတွေက ပျက်စီးယိုယွင်းမှုတွေကြောင့် လုံလောက်ပြီး အန္တရာယ်ကင်းတဲ့ ရေရရှိအောင် လတ်တလောမှာ မထောက်ပံ့နိုင်ပါဘူး။ ယိုစိမ့်မှုကြောင့် လေလွင့်ဆုံးရှုံးတဲ့ ရေပမာဏလျှော့ချဖို့၊ ရေသုံးစွဲမှုကျသင့်ငွေကောက်ခံတဲ့စနစ်နဲ့ ရေပေးဝေရေးစီမံခန့်ခွဲမှုစနစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။

ဒီအစီအစဉ်က မန္တလေးမြို့ရဲ့ ရေပေးဝေရေးစနစ် အသုံးပြုနှုန်းတွေ နည်းပါးတဲ့ ပြည်ကြီးတံခွန်မြို့နယ်မှာ အန္တရာယ်ကင်းတဲ့ ဘုံပိုင်ရေလိုအပ်ချက်နဲ့ ရေလိုအပ်မှု မြင့်မားနေတာတွေကို ရေပေးဝေရေးနဲ့ ကလိုရင်းခတ်တဲ့ စက်ပိုင်းဆိုင်ရာ တပ်ဆင်မှုတွေ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဂျပန်အစိုးရက ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်တွေရှိရင်လည်း သိရပါရစေရှင့်။**

ဖြေ ။ ။ မြန်မာနိုင်ငံက ဂျပန်နိုင်ငံရဲ့ မိတ်ရင်းဆွေရင်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံကိုလည်း မြန်မာနိုင်ငံရဲ့ မိတ်ဆွေရင်းဖြစ်စေဖို့ မျှော်လင့်ပါတယ်။ အခုအချိန်က မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေအတွက် အရေးကြီးတဲ့အချိန်ဖြစ်ပါတယ်။ **မြန်မာနိုင်ငံတည်ဆောက်ရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို မြန်မာပြည်သူ ပြည်သားတွေနဲ့ ကောင်းကောင်းမွန်မွန်ညှိနှိုင်းတိုင်ပင်ရင်း ဂျပန်နိုင်ငံက အပြည့်အဝဆက်လက်ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။**

**မေး ။ ။ ဂျပန်အစိုးရရဲ့ မြန်မာ့ဖွံ့ဖြိုးရေး ဆောင်ရွက်မှုတွေမှာ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်းသိပါရစေ။**

ဖြေ ။ ။ ဂျပန်နိုင်ငံရဲ့ အကူအညီတွေကို မြန်မာနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ရုံတင်မကဘဲ အစိုးရမဟုတ်တဲ့ ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ အခြေခံလူတန်းစားတွေအတွက် ကျောင်းနဲ့ ကျန်းမာရေးဌာန တည်ဆောက်မှုတွေမှာ မြန်မာလူထုနဲ့ပါ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နောက်ပြီး နယ်စပ်ဒေသတွေနဲ့ IDPs အတွက် အကူအညီပေးရေး လုပ်ငန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဂျပန်-မြန်မာဆက်ဆံရေးမှာ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး နောက်ထပ်ပြောကြားလိုတာရှိရင် သိပါရစေရှင့်။**

ဖြေ ။ ။ ဂျပန်-မြန်မာ ဆက်ဆံရေးကို နှစ်ပေါင်းများစွာ ခိုင်မာအောင်တည်ဆောက်ထားပြီး ပြီးခဲ့တဲ့နှစ်က နှစ်(၆၀)ပြည့်အဖြစ် ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါတယ်။ **ဂျပန်-မြန်မာ ဆက်ဆံရေးပိုမိုခိုင်မာဖို့နဲ့ နောင်လာမယ့် နှစ်ပေါင်း ၆၀ မှာလည်း မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်နိုင်ငံက ဘယ်လို ဆက်လက်ကူညီမယ်ဆိုတဲ့ ရှုထောင့်ကနေ သစ္စာရှိရှိ ဆက်လက်ကူညီပံ့ပိုးသွားနိုင်ဖို့ စဉ်းစားထားပါတယ်။** မြန်မာပြည်သူအားလုံး ထူးခြားတဲ့ နှစ်သစ်ကာလကို ရရှိပါစေကြောင်းလည်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်)



**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ငွေသော်တာခန်းမ၌ ဧပြီ ၁၈ ရက်က အသက် ၆၀ ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။**

(မြန်မာ့အလင်း)

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာဖွင့်

**ထားဝယ် ဧပြီ ၂၃**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း (၂/၂၀၁၅)ကို ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ဧပြီ ပထမပတ်ကကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြည်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ရဲမှူးကြီး ကြည်လင်း၊ ရွေးကောက်ပွဲ အဖွဲ့ခွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် အဖွဲ့ခွဲဝင်များ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရဲအရာရှိသင်တန်းသားများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန် ဧပြီ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်အား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးများပါဝင်သော လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့်အတူ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးအား ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ရွေးချယ်စိစစ်ရမည့် ဆုအမျိုးအစား ကိုးမျိုးနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် ကွင်းဆင်းအဖွဲ့များဖြင့် အသီးသီး ကွင်းဆင်းစိစစ် ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သည့်အတွက် အထူးအလေးထား ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး မြို့နယ်ဆုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆုတို့အတွက် ကွင်းဆင်းစိစစ်ခဲ့မှုအခြေအနေတို့အား ကွင်းဆင်းအဖွဲ့များကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ ကွင်းဆင်းအဖွဲ့ခေါင်းဆောင်၊ အခြေခံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက လည်းကောင်း၊ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဆုနှင့် စည်ပင်သာယာရေးကော်မတီဆုတို့အတွက် ကွင်းဆင်းစိစစ်ခဲ့မှု အခြေအနေတို့အား လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တင်အောင်ချစ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့က လည်းကောင်း၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆုများအတွက် ကွင်းဆင်းစိစစ်ခဲ့မှုအခြေအနေတို့အား ကွင်းဆင်းအဖွဲ့ခေါင်းဆောင် စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက လည်းကောင်း၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဆုများအတွက် ကွင်းဆင်းစိစစ်ခဲ့မှုအခြေအနေတို့အား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တွဲဖက်အတွင်းရေးမှူး(၂)ဖြစ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်က လည်းကောင်း အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆုရွေးချယ်ခဲ့မှုများနှင့် ပတ်သက်၍ အဆင့်သတ်မှတ်ချက်များအား အသေးစိတ်ဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ အနေဖြင့် (၂၀၁၂-၂၀၁၃) ခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆု နှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာဆု သုံးဆု၊ စုစုပေါင်းဆုအမျိုးအစားငါးမျိုးအား လည်းကောင်း၊ (၂၀၁၃-၂၀၁၄) ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်/စံပြကျေးရွာဆု နှစ်ဆု၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆု နှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာဆု သုံးဆု စုစုပေါင်းဆုအမျိုးအစား ခုနစ်မျိုး လျာထားခဲ့သော်လည်း ဆုအမျိုးအစား ခြောက်မျိုးကိုသာ ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။ (၂၀၁၄-၂၀၁၅) ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်/ စံပြကျေးရွာဆု နှစ်ဆု၊ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ထောက်ကော်မတီဆု/ စည်ပင်သာယာရေးကော်မတီဆု နှစ်ဆု၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆု နှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာဆု သုံးဆု၊ စုစုပေါင်းဆုအမျိုးအစားကိုးမျိုးတို့အား တိုးမြှင့်ချီးမြှင့်ပေးအပ်နိုင်ရေးအတွက် အသေးစိတ်အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အကြံပြုချက်များရယူ၍ စိစစ်ရွေးချယ်ခဲ့ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအတွက် မှတ်တမ်းများထားရှိဆောင်ရွက်နေခြင်းအား သိရှိနိုင်ရန် သတင်းထုတ်ပြန်

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲအား အစိုးရသစ်လက်ထက်တွင် ခေတ်စနစ်နှင့်လျော်ညီစွာ ၂၄-၁-၂၀၁၃ ရက်နေ့မှစ၍ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ထုတ်ဝေစာများအား မှတ်တမ်းအဖြစ် ထိန်းသိမ်းထားရှိခြင်း၊ တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်စဉ် စာရင်းပြုစုမှတ်တမ်းထားရှိခြင်းတို့ကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ခံရှိသော စာအုပ်စာစောင်များကို ၁၉၈၄ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ သက်ဆိုင်ရာနှစ်အလိုက် မြန်မာနိုင်ငံအတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်ချုပ်စာရင်းစာအုပ် ၂၈ အုပ်ထားရှိပြီး မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။

ယခင်က စာအုပ်စာစောင်များကို မှတ်တမ်းအဖြစ်သိမ်းဆည်းခဲ့ရာ ရေရှည်ထားသိုသိမ်းဆည်းရန် နေရာအခက်အခဲရှိသဖြင့် အရေးကြီးသည်ဟု ယူဆရသော စာအုပ် စာစောင်များကိုသာ ဆက်လက်သိမ်းဆည်းနိုင်ပြီး အများစုမှာ နှစ်ရှည်ဆက်လက်ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့သည့်အတွက် လက်ရှိတွင် နှစ်အဆက်ဆက်မှတ်တမ်းဖြင့် သိမ်းဆည်းထားသော စာအုပ်စာစောင် ၂၅၇၇၂ အုပ်သာရှိပါသည်။ ယခုအခါ အသစ်ပြဋ္ဌာန်းသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများအရ ပုံနှိပ်သူနှင့်ထုတ်ဝေသူများမှ ပေးပို့လာသည့် Electronic Document များကိုလည်း ရေရှည်သိမ်းဆည်းမှတ်တမ်းထားရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နှစ်စဉ် တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်၊ စာတမ်းများ စာရင်းကိုလည်း ဆက်လက်ပြုစုမှတ်တမ်းထားရှိပြီး ၎င်းစာအုပ်စာရင်းကို လေ့လာလိုသူများအတွက် စီဒီဖြင့် ဖြန့်ဝေပေးနိုင်ရေး ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် နှစ်စဉ် မြန်မာနိုင်ငံအတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များနှင့်ပတ်သက်၍ သုတေသနပြုလိုသူများ၊ စာအုပ်စာရင်းပြုစုလိုသူများ၊ မူပိုင်ခွင့်အတွက် အထောက်အထားအဖြစ် လေ့လာအသုံးပြုလိုသူများအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၁၂၂၄၂၊ ၀၉-၈၆၃၆၆၈၀ သို့ ဆက်သွယ်ပြီး အခမဲ့လေ့လာဖတ်ရှုမှတ်တမ်းပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ပြန်ကြားရေးဝန်ကြီးဌာန)**

**နိုင်ငံသားစိစစ်ရေးကတ်ပြားများကို (One Stop Service) ဖြင့် ထုတ်ပေးနိုင်ရေး မိုးပွင့်(အထူး)စီမံချက်ကို ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ လျာထားသတ်မှတ်ထားရာ ဧပြီ ၂၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက် ၉၁ လမ်း စာရိတ္တမြှင့်တင်ရေးခန်းမရုံ၌ နိုင်ငံသား စိစစ်ရေးကတ်များပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး လဝကဦးစီးမှူး ဦးကြည်လင်းက နိုင်ငံသားလက်မှတ်များကို တစ်ဦးချင်းထုတ်ပေးပြီး လာရောက်ထုတ်ယူခြင်း မရှိသေးသည့်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်အေးသို့ လွှဲပြောင်းပေးအပ်စဉ်။**

အောင်သန်း(မင်္ဂလာတောင်ညွန့်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နီပေါဝန်ကြီးချုပ် မစ္စတာဆူရှီကွိုင်ရာလာတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်း-ရွှေဖုံး)
(ဓာတ်ပုံ-ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

ဂျကာတာ ဧပြီ ၂၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Jan PaulDerkes နှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဂျကာတာမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံသည်။

(သတင်းစဉ်)



# ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ၊ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် SMBC ဘဏ်က တစ်ဖက်တစ်လမ်းပံ့ပိုးပေးမည်ဟု ယုံကြည်

ရန်ကုန် ဧပြီ ၂၃

**မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားဘဏ်များအနက် ဂျပန်နိုင်ငံ၏ ဘဏ်တစ်ခုဖြစ်သော Sumitomo Mitsui Banking Corporation (SMBC) ရန်ကုန်ဘဏ်ရုံးခွဲ ဖွင့်လှစ်ခြင်းအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် Strand Square အဆောက်အအုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်က ယခုဖွင့်လှစ်သော SMBC ဘဏ်သည် ဂျပန်နိုင်ငံတွင် သမိုင်းအစဉ်အလာကြီးမားသောဘဏ်ကြီးတစ်ခု အဖြစ်ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီး ပြည်ပဘဏ်ခွဲပေါင်း ၁၅ဘဏ်နှင့်ပြည်တွင်းဘဏ်ခွဲပေါင်း ၄၀၀ ကျော်ရှိပါကြောင်း၊ ဂျပန်စီးပွားရေး၊ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ၊ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် SMBC ဘဏ်က တစ်ဖက်တစ်လမ်း ပံ့ပိုးပေးမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ စီးပွားရေးမူဝါဒဖြစ်သော "အာဆီယံ နိုင်ငံများနှင့် အတူတကွ အောင်မြင်ရန်" ရည်မှန်းချက်အရ အောင်မြင်အောင်ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် SMBC Bank ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခွင့် ရရှိသည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ အောင်မြင်စေရန် အစွမ်းကုန်ကြိုးပမ်းမည်ဟု ယုံကြည်ပါကြောင်း၊ ဘဏ်လုပ်ငန်းနှင့် ပတ်သက်သည့် အတွေ့အကြုံနည်းပညာများအား မျှဝေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီပံ့ပိုးမှုတို့အား အစွမ်းကုန် လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇကုမ္ပဏီများ အုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးတို့က အမှာစကား ပြောကြားခဲ့ကြပြီးနောက် တာဝန်ရှိသူများက SMBC ရန်ကုန်ဘဏ်ရုံးခွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက SMBC ရန်ကုန် ဘဏ်ရုံးခွဲ ရုံးခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Tateshi Higushi၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဂျပန်နိုင်ငံ (SMBC) Bank ဒုတိယဥက္ကဋ္ဌ Mr. Minora နှင့် (SMBC) ရန်ကုန်ဘဏ်ရုံးခွဲမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

နှစ်ခုစလုံးတွင် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ကုန်းပေါ်တွင်တည်ရှိသည့် တံတားတိုင် P1, P4, P5, P6 , P7 တည်ဆောက်ပြီးဖြစ်ပြီး အဓိကကျသော ငမိုးရိပ်ချောင်းအတွင်းရှိ ရေလယ်တိုင်နှစ်တိုင်ဖြစ်သော ပင်မတံတားတိုင်ဖြစ်သည့် P2 နှင့် P3 အနက် P2 မှာ တံတားအောက်ထည် Sub Structure တည်ဆောက်ပြီးစီးသွားပြီဖြစ်ပြီး P3 မှာ ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများပြီးစီး၍ လက်ရှိဘိုးပိုင် Cap ခုံမှာလည်း ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။

တံတား၏အပေါ်ထည် Super Structure မှာလည်း စတင်ဆောင်ရွက်လျက်ရှိပြီး တံတားအသစ်၏ အရှည် မီတာ ၃၆၀ ရှိသည့်အနက် သံပေါင်နှင့်တည်ဆောက်မည့် အပေါ်ထည်မှာ မီတာ ၃၀၀ ရှိကာ သာကေတဘက်ကမ်းရှိ မီတာ ၂၀ အခန်း သုံးခန်းအား RC ကွန်ကရစ်ရက်မနှင့် ကြမ်းခင်းများဖြင့် တည်ဆောက်လျက်ရှိသည်။ သံပေါင်တင်ခြင်းလုပ်ငန်းမှာလည်း လက်ရှိဆောင်ရွက်ချက်အရ သုဝဏ္ဏဘက်ကမ်းမှ မီတာ ၃၀ အခန်းကို Plate Girter သံပေါင်လေးချောင်းဖြင့် တင်ပြီးဖြစ်ပြီးအလားတူ သာကေတဘက်ကမ်းမှမီတာ ၃၀ အခန်းကိုကိုလည်း Plate Girter သံပေါင်လေးချောင်းဖြင့် တင်ပြီးဖြစ်သည်။ ပင်မတံတားအရှည် မီတာ ၂၄၀ ကို Twin Steel Box Girter ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိ Steel Box Girter ဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအရ သုဝဏ္ဏဘက်ကမ်းမှ မီတာ ၇၀ အခန်းကို ၄၀ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ သာကေတဘက်ကမ်းမှ မီတာ ၇၀ အခန်းကို ရှစ်မီတာတင်ပြီးသွားပြီဖြစ်သည်။

သံပေါင်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးလျှင် ကွန်ကရစ် Precast Slab ပြားများအား ခင်းကျင်းမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်ပြီးစီးလျှင် ၎င်းအပေါ်မှ နိုင်လွန်ကတ္တရာခင်းကျင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ရေလယ်တွင် မီတာ ၁၀၀ ခန်း ဝင်ကျယ်ရှိနေပြီး ရေလယ် Barg တွဲပေါ်မှ ၈၅ တန်ကရိန်းများဖြင့် သံပေါင်များဆက်လက်တင်သွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သံပေါင်များ ဆောင်ရွက်လျက်ရှိသော Crown Advance Construction မှ စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေက "မြန်မာနိုင်ငံမှာ ခန်းဖွင့်ကျယ် Steel Box Girter နဲ့ ပထမဆုံး တံတားအသစ်တည်ဆောက်လိုက်တာပါ။ တပ်ဆင်ခြင်းလုပ်ငန်းကလည်း ဒါပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ စနစ်တကျအန္တရာယ်မရှိအောင် ဂရုတစိုက်ဆောင်ရွက်နေပါတယ်။ ကျွမ်းကျင်အင်ဂျင်နီယာ ၂၅ ဦးနဲ့ ကျွမ်းကျင်လုပ်သား ၂၅၀ ကျော်တို့နဲ့ တည်ဆောက်နေတာပါ။ ရေထဲက သံပေါင်ဆောင်ရွက်ရတာနဲ့ ရေလယ်ဘိုးပိုင်တူးရတာကတော့ နည်းနည်းခက်ခဲပါတယ်။ ရေအတက်အကျက ရှိနေတော့ Barg တွဲများ၊ သင်္ဘောများနဲ့ လုပ်ဆောင်ရလို့ ခက်ခဲတာပါ။ ရိုးရိုးသံပေါင်တွေနဲ့ကတော့ လုပ်ဖူးခဲ့ပါတယ်။ ဒီတံတားအသစ်ရဲ့ သံပေါင်တွေကတော့ တရုတ်ပြည်ကဝယ်ယူတင်သွင်းခဲ့တာပါ။ နည်းပညာကျတော့ မြန်မာအင်ဂျင်နီယာတွေပဲ ဆောင်ရွက်လိုက်တာပါ" ဟု ရှင်းပြသည်။

လက်ရှိတံတား အသစ်အတွက် ချဉ်းကပ်လမ်းများကို မြေသားဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အရှည်ပေ ၁၁၀၀ ရှိသော သုဝဏ္ဏဘက်ကမ်းမှ ချဉ်းကပ်လမ်းမှာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး အရှည် ၆၃၅ ပေရှိသော သာကေတဘက်ကမ်းမှ ချဉ်းကပ်လမ်းမှာ လက်ရှိဆောင်ရွက်လျက်ရှိကာ မြေသားဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျောက်များ ခင်းကျင်းမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်လွန်ကတ္တရာခင်းကျင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ငမိုးရိပ်ချောင်းကို ဖြတ်သန်းကာ သင်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ) နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်ထားသော ငမိုးရိပ် (သုဝဏ္ဏ) တံတားသစ်ဆောင်ရွက်ပြီးစီးပါက သာကေတဘက်မှ သုဝဏ္ဏဘက်သို့ သွားမည့်နှစ်လမ်းသွား တံတားအသစ်အဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး လက်ရှိအသုံးပြုလျက်ရှိသော ငမိုးရိပ်(သုဝဏ္ဏ) တံတားဟောင်းအား သုဝဏ္ဏဘက်မှ သာကေတဘက်သို့ နှစ်လမ်းသွားတံတားအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ တံတားအသစ်စီမံကိန်းပြီးစီးပါက ယာဉ်ကြောကျပ်တည်းမှုကို ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တံတားအသစ်စီမံကိန်းကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာ တတိယပတ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ငမိုးရိပ်(သုဝဏ္ဏ) တံတားအသစ်တည်ဆောက်ရေးစီမံကိန်းမှသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)**

## ထူးခြားသည့်နေ့အပူချိန်

၂၂-၄-၂၀၁၅ ရက် ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့၊ မကွေးမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# သံတွဲ၌ မိုးပွင့်(အထူး) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်

သံတွဲ ဧပြီ ၂၃

မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကွေ့ချောင်းကျေးရွာအုပ်စု မူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မိုးပွင့်အထူးစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ သံတွဲခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးလှဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

အဆိုပါ မိုးပွင့်အထူးစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၀ နှင့် ၁၈ နှစ် ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၂၀၇ ဦး၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၂၀၇ ခုကို ဆောင်ရွက်ပြီး လျှောက်ထားသူများ၏ လက်ဝယ်အရောက် ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

# ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်

မုံရွာ ဧပြီ ၂၃

**ပြန်ကြားရေးဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။** (အောက်ယာပုံ)

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E)ရှိသော အိမ်ထောင်စုများအတွက် Set Top Box များ အခမဲ့ပေးအပ်ခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြစ်သော ပြည်သူဗဟိုပြုမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါကြောင်း၊ ပြည်သူများ သိသင့်သိထိုက်သည်များ၊ ပြည်တွင်း ပြည်ပသတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုသိရှိနိုင်မည်ဖြစ်၍ အသိပညာ ဗဟုသုတ တိုးပွားလာမည့်အပြင် အချိန်တိုအတွင်း အမှား/အမှန်ကို ဝေဖန်ပိုင်းခြား ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲလာသည့် ရုပ်သံအရည်အသွေး ပိုမိုကြည်လင် ကောင်းမွန်သော Digital နည်းပညာနှင့်အညီ မြန်မာနိုင်ငံတွင်လည်း ပြောင်းလဲရန် လိုအပ်လာမှု၊ International Tele Communication Union(ITU)၏ နိုင်ငံတကာတွင် Digital စနစ်ဖြင့် ထုတ်လုပ်မှုကို ၂၀၁၅ ခုနှစ်အပြီး ဆောင်ရွက်ရန် ဆုံးဖြတ်ထားမှုအပေါ် အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် နိုင်ငံဂုဏ်သိက္ခာမြင့်တက်နိုင်မှု၊ ရုပ်သံ Channel များစွာကို အခမဲ့ကြည့်ရှုနိုင်မှုများနှင့် Set Top Box အတွက်သာ ကုန်ကျစရိတ်ရှိပြီး နှစ်စဉ်ကြေး၊ လစဉ်ကြေးများ မပေးရသဖြင့် ငွေကြေးကုန်ကျသက်သာနိုင်မှုစသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး Digital စနစ်ပြောင်းလဲမှုကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ကြီး ၂၆ မြို့ရှိ စက်ရုံ ၂၆ ရုံ၊ ဒုတိယအဆင့်ဖြစ်သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၆၉ ရုံ၊ တတိယအဆင့်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်ရုံ ၅၀ တို့ကို Digital စနစ်ပြောင်းလဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိထုတ်လွှင့်နေသော Analogue စနစ်ကိုလည်း အနည်းဆုံးသုံးနှစ်အထိ အပြိုင်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း။

ဆက်လက်၍ မြန်မာ့အသံမှ FM ထုတ်လွှင့်မှုအခြေအနေ အပါအဝင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြည်သူဗဟိုပြုတင်ဆက်ပုံပြောင်းလဲမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများဖြစ်သော စာကြည့်တိုက်များ၊ စာပေရေချမ်းစင်များ တိုးချဲ့ပြုလုပ်နိုင်မှုနှင့် ဖြည့်ဆည်းဆောင်ရွက်နိုင်မှုများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၄၆ ရုံးတွင် အင်တာနက် WiFi အခမဲ့သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးထားမှု၊ မြန်မာနိုင်ငံတွင် ခေတ်စနစ်နှင့် လျော်ညီသည့် မီဒီယာဝန်းကျင်တစ်ခုဖြစ်လာရန် ဆောင်ရွက်နေမှု၊ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ ဆင်ဆာစနစ်ဖျက်သိမ်းပြီး လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ပြုခဲ့မှု၊ အမျိုးသားစာပေဆု၊ အမျိုးသား စာပေတစ်သက်တာဆုများ ရွေးချယ်မှုနှင့် ဆုငွေများ တိုးမြှင့်ချီးမြှင့်မှု၊ နိုင်ငံပိုင်သတင်းစာများကို ပြည်သူဗဟိုပြုရေးသားဖော်ပြသော နေ့စဉ်ထုတ်ရောင်စုံသတင်းစာများအဖြစ် ပြောင်းလဲဆောင်ရွက်နေမှု စသည်ဖြင့် အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းထံသို့ DVB-T2 Set Top Box များ ပေးအပ်လှူဒါန်းသည်။ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးကလည်း မုံရွာ၊ ကသာ၊ ရွှေဘိုနှင့် ခန္တီးခရိုင်များအတွက် Set Top Box များကို ခွဲဝေပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံကြသည်။ ဆက်လက်၍ မုံရွာမြို့နယ်၊ ဇလုတ်ကျေးရွာအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအတွက် DVB-T2 Set Top Box ၈၉၆၂ လုံး ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး ယခင်နှစ်ကလည်း Set Top Box ၃၃၈၄၅ လုံး ပေးအပ်လှူဒါန်းပြီးဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတွက် Set Top Box ၃၂၇၈၆၃ လုံး၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂၄၅ သန်း တန်ဖိုးလှူဒါန်းခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း တစ်နိုင်ငံလုံးအတွက် Set Top Box ၇၉၆၉၈ လုံး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၇ သန်း တန်ဖိုးလှူဒါန်းသွားမည်ဖြစ်သည်။

DVB-T2 Set Top Box ကို အသုံးပြုဖမ်းယူကြည့်ရှုခြင်းဖြင့် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ရုပ်သံလိုင်း ၁၄ လိုင်းဖြစ်သည့် MRTV(News), MRTV Entertainment, MITV, Hluttaw, NRC, Farmer, Reader Channel, 5 Plus, MRTV-4, Channel - 7, For Edu, MNTV, Ch-9, MRTV Sport (Colour Bar) တို့ကို ဖမ်းယူကြည့်ရှုနိုင်မည့်အပြင် FM ရေဒီယိုလိုင်းများကိုလည်း ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုနှင့် ယင်းမာပင်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ပြီး မုံရွာရုပ်သံလွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



◆ *ရှေ့ဖုံးမှ*

အနေဖြင့် နစ်နာမှုများ များပြားလျက်ရှိကြောင်း ဒေါက်တာစိုးထွန်းက ဆိုသည်။

“အထူးအခွန်ကင်းလွတ်ခွင့်ပေးထားတဲ့ နိုင်ငံတွေကို အဓိကထားတင်ပို့နိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက် အကောင်းဆုံးဖြစ်လာမှာပါ။ အီးယူနိုင်ငံတွေနဲ့ အနောက်နိုင်ငံကြီးတွေကို တင်ပို့ခွင့်ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ အရည်အသွေးနဲ့ စံသတ်မှတ်ချက်တွေကိုလည်း တောင်သူကနေ လုပ်ငန်းရှင်ကြီးတွေအထိ နားလည်လာအောင် ရှင်းပြသွားမယ့်အပြင် ဆန်စက်တွေရဲ့ အရည်အသွေးပိုင်းမြှင့်တင်ခြင်း၊ အဆင့်မြင့် စိုက်ပျိုးနည်းစနစ်တွေနဲ့ မျိုးစပါးတွေ ဖြန့်ဝေခြင်းတွေကိုလည်း ဆတိုးလုပ်ဆောင်သွားမယ်”ဟု ၎င်းကပြောပြသည်။

မြန်မာ့ကုန်သည် လုပ်ငန်းရှင်အများစုသည် အရှေ့တောင်အာရှဈေးကွက်သို့ ထိုးဖောက်နိုင်ရန် မနည်းအားထုတ်နေရသည်ဖြစ်ရာ ပို့ကုန်တင်ပို့မှု အားကောင်းလာစေရန် နိုင်ငံတော်မှ ကူညီပေးရန် လိုအပ်သကဲ့သို့ နိုင်ငံတကာအတွေ့အကြုံကောင်းများ မျှဝေလေ့လာရန်လည်း လိုအပ်ကြောင်း တောင်ငူမြို့နယ်မှ ဆန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုဘဏ္ဍာရေးနှစ်တွင် ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၆၄၅ သန်းခန့်ရှိ ဆန်တန်ချိန် ၁ ဒသမ ၇ သန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်အပြင် တရုတ်အပြင် အရှေ့တောင်အာရှနိုင်ငံများ၊ ဂျပန်၊ အာဖရိကနိုင်ငံများနှင့် အီးယူနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုတို့သည် မြန်မာမှ ဆန်တင်သွင်းသည့် နိုင်ငံများဖြစ်လာပြီး ကုန်သွယ်ဖက်နိုင်ငံမှာ ၆၄ နိုင်ငံအထိ များပြားလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ ဆန်တင်ပို့မှုများ ပိုမိုလွယ်ကူစေရန်နှင့် ဈေးနှုန်းနိမ့်ကျခြင်းမဖြစ်စေရန် အကြံဉာဏ်နှင့် အသိပညာများ မျှဝေသွားမည်ဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ပြည်ပသို့ ဆန်တင်ပို့မှု တန်လေးသန်းအထိ ရောက်ရှိရန် မျှော်မှန်းထားသည်။



## ကသာမြို့နယ်၌ တစ်ပိုင်တစ်နိုင် ငါးသားပေါက်စခန်းမှ ငါးသားပေါက်များရပြီ

ကသာ ဧပြီ ၂၃

ကသာခရိုင် ကသာမြို့နယ် ပြည်သာယာ(ကျန်တော)ကျေးရွာ၌ ကသာမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဆောင်ရွက်ထားရှိသော တစ်ပိုင်တစ်နိုင် ငါးသားပေါက်စခန်းသို့ ဧပြီ ၂၃ ရက် နံနက်ပိုင်းက ကသာခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဝင်းတင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ကသာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဖေသိန်း၊ ကသာမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ကြီးဘမောင်(ငြိမ်း)နှင့်အဖွဲ့ဝင်များ လိုက်ပါဆောင်ရွက်ကြကြောင်း သိရသည်။

ကသာမြို့နယ်အတွင်း၌ ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း ငါးသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေများကို ကသာမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ကြီးဘမောင်(ငြိမ်း)က အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ကသာမြို့နယ်အနေဖြင့် ယခင်က အင်းအိုင်ငါးလုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့သော်လည်း ယခုအခါ နိုင်ငံတော်မှ တစ်ပိုင်တစ်နိုင် ငါးသားပေါက်စခန်းတစ်ခုခွင့်ပြုချထားပေးသဖြင့် ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## နန်းကြီးသာ ချောင်းကူးကြိုးတံတားတည်ဆောက်ပြီးစီး

ကျွန်းလှ ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု အောင်းပင်ကျေးရွာချင်းဆက် နန်းကြီးသာချောင်းကူးကြိုးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးခွဲဝေရန်ပုံငွေကျပ်သိန်း ၂၀ နှင့် ပြည်သူများပူးပေါင်း၍ တည်ဆောက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ နန်းကြီးသာချောင်းကူးကြိုးတံတားမှာ အရှည်ပေ ၂၀၀၊ လူသွားလမ်းအကျယ် လေးပေခွဲ၊ အမြင့် ၂၇ ပေ၊ အသုံးပြုသည့်စတီးကြိုး ၁ ဒသမ ၅ လက်မ၊ အသားခင်းတံတားအမျိုးအစားဖြစ်ပြီး ကျေးရွာကော်မတီမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ကျေးရွာအုပ်စုမှာ ကျေးရွာခြောက်ရွာရှိပါတယ်။ တစ်ရွာနဲ့တစ်ရွာ ကူးသန်းရာမှာ နန်းကြီးသာချောင်းကို ဖြတ်ကူးရပါတယ်။ ရေရှင်ကျေးရွာတွင် အထက်တန်းကျောင်းခွဲနှင့် ကျန်းမာရေးဌာနရှိတော့ ယခင်က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျန်းမာရေးမကောင်းသူများ၊ ဈေးသည်များ သွားလာရေးခက်ခဲပါတယ်။ ယခုလို ကြိုးတံတားတည်ဆောက်ပြီးတော့ ချောင်းရေစောင့်စရာမလိုဘဲ ရာသီမရွေးသွားလို့ရနေပါပြီ” ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်၊ စုပေါင်းသန့်ရှင်းရေးများ လုပ်ဆောင်ပေး

**စဉ့်ကိုင် မေ ၂၃**

စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာအုပ်စု နန်းနီမြောက်ရွာတွင် မေ ၂၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်ထောင်စု ၆၈ စုအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကြက်ခြေနီအသင်းနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ပစ္စည်းများ ပထမအကြိမ်ပေးအပ်လှူဒါန်းခြင်းကို မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီက ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

မီးဘေးသင့်ပြည်သူများထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းရာတွင် မီးဘေးသင့် အိမ်ထောင်စုများ၏ လက်ဝယ်အတွင်း ရောက်ရှိရေး အတွက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းထွန်းဆွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းနောင်၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က ကြီးကြပ်ကာ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စေတနာရှင် လုပ်အားပေးများက အိမ်အရောက် ပို့ဆောင်ပေးလျက် ရှိသည်။





"မီးဘေးသင့် အိမ်ထောင်စုတွေကို လာရောက်လှူဒါန်းထားတဲ့ပစ္စည်းတွေကို စာရင်းဇယားသေချာလုပ်ပြီး မီးဘေးသင့်တဲ့သူတွေ လက်ထဲရောက်အောင် သေချာဆောင်ရွက်ပေးသွားမှာပါ။ ကျွန်တော်တို့ခရိုင်ထဲမှာ အခုအကြိမ် မီးလောင်မှုက ဆုံးရှုံးမှုအကြီးမားဆုံးပါ။ လာရောက်လှူဒါန်းတဲ့ စေတနာရှင်တွေကလည်း များတော့ အခုအကြိမ်က ပထမအကြိမ်လှူဒါန်းခြင်းဖြစ်ပါတယ်။ ကျန်လှူဒါန်းထားတဲ့ပစ္စည်းတွေကိုလည်း ဆက်လက်ပြီး မီးဘေးသင့်တဲ့သူတွေလက်ထဲ ရောက်အောင်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မီးဘေးသင့်အိမ်ထောင်စုတွေ ပြန်လည်ထူထောင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းပြီးဆောင်ရွက်ပေးသွားမှာပါ" ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအပြင် မီးလောင်မှုကြောင့် အပျက်အစီးများကို ရဲတပ်ဖွဲ့ဝင်များ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူကျေးရွာသားများ၊ လူမှုရေးအသင်းအဖွဲ့များက လုပ်အားပေးကာ သန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိခြင်း၊ တပ်မတော်ဆေးကုသရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန ဆေးကုသရေးအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသည့်အပြင် စေတနာရှင်အလှူရှင်များကလည်း လာရောက်လှူဒါန်းလျက်ရှိသောကြောင့် အလှူပစ္စည်းလက်ခံရေးဌာနကို အခြေခံပညာကျောင်း၌ ဆက်လက် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသောကြောင့် လှူဒါန်းလိုသူများ အနေဖြင့် လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# နယ်လှည့်မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ပေး

**ပြည် မေ ၂၃**

ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) နှင့် ပူးပေါင်း၍ မေ ၂၃ ရက် နံနက် ၉ နာရီက ပြည်မြို့ ခေတ္တရာမြို့သစ် ရွှေတံခါးအပိုင်း (၂) ရပ်ကွက် စာကြည့်တိုက်သို့သွားရောက်ကာ ကလေးသူငယ်များအား စာဖတ်သည့် အလေ့အထကောင်းများရရှိရေးနှင့် အသိပညာဗဟုသုတများ တိုးပွားရရှိစေရေးအတွက် နယ်လှည့်မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ခရိုင်ပြန်/ဆက်ဝန်ထမ်းများနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ ဝန်ထမ်းများက ကလေးသူငယ်များကို ရုပ်ပြပုံပြင်ဖတ်ပြခြင်းနှင့် Mobile Library Motorbike ဖြင့် သယ်ဆောင်လာသည့် ကလေးဖတ်စာအုပ် စာစောင်များကို မိမိတို့ကြိုက်နှစ်သက်ရာရွေးချယ်ဖတ်ရှုစေခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စာပေဖတ်ရှုသူကလေးသူငယ်များ ပျော်ရွှင်စွာ စာအုပ်စာပေများကို စိတ်ဝင်တစား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြည်)**



# လေပြင်းတိုက်ခတ်ပျက်စီးဆုံးရှုံးမှု အကူအညီပေးရေးဆောင်ရွက်

**ဂန့်ဂေါ မေ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ သရက်ခရိုင်နှင့် မကွေးခရိုင်များအတွင်း မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ လူနှင့်တိရစ္ဆာန်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး မေ ၂၂ ရက်တွင် ဂန့်ဂေါခရိုင်အတွင်း ထပ်မံတိုက်ခတ်ခဲ့သောလေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ပြီး တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကအကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



မေ ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ဂန့်ဂေါခရိုင် ဆော(ကျောက်ထု)မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် တောခလွန်ကျေးရွာအုပ်စု ကျောက်ပျဉ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်ပေါ်သို့ အမကကျောင်းဝင်းအတွင်းရှိ လုံးပတ် ၁၀ ပေရှိ သရက်ပင်အိုသည် အမကကျောင်းဆောင်ပေါ်သို့ လဲကျရာမှ (၈၀×၂၄)ပေ၊ အုတ်ညှပ်၊ သွပ်မိုး အမကကျောင်းဆောင် ၉၀ ရာခိုင်နှုန်းပျက်စီးခဲ့ပြီး ကျောင်းဆောင်အတွင်းသို့ စာရေးခုံ ၁၄ခုံ၊ ကုလားထိုင်လေးလုံး၊ သစ်သားသင်ပုန်းနှစ်ခုပျက်စီးခဲ့ကာ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၂၅၀ခန့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ "အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူများ ပူးပေါင်းပြီး ရှင်းလင်းရေး လုပ်ငန်းတွေတော့ ဆောင်ရွက်ထားပါတယ်။ ပညာရေးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအဆင့်ဆင့်ကိုလည်း သဘာဝဘေးနဲ့ပတ်သက်ပြီး တင်ပြထားပြီးဖြစ်ပါတယ်။ ဒီနှစ်ဘတ်ဂျက်ထဲမှာ ပါအောင်တင်ပြပြီး လုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ"ဟု ကျောက်ထုမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ပြောသည်။

ဂန့်ဂေါခရိုင် မြို့နယ်အတွင်း၌လည်း မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် မြို့မရဲစခန်းအတွင်း၌ အမြင့် ၅၅ ပေ၊ လုံးပတ်ငါးပေခန့်ရှိ လဲပင်မှ ရဲနေအိမ် လိုင်းခန်းပေါ်သို့ပြုတ်ကျရာ လိုင်းခန်း၏ အနောက်ဘက်ခြမ်း (၆×၃)ပေ အမိုး သွပ် ၁၂ ချပ်နှင့် ဒိုင်းမျှားတန်းများ ပျက်စီးသွားခဲ့ကာ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ခန့် ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားခဲ့ပြီး ထီးလင်းမြို့ အမှတ်(၂) ရပ်ကွက် မောချောင်းကမ်းစပ်ရှိ လဲပင်အောက်တွင် စာကျက်နေသော ကျောင်းသားသုံးဦး ထိခိုက်ဒဏ်ရာ ရရှိခြင်းများ ဖြစ်ပေါ်ခဲ့၍ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း ထီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

# ဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်အပန်းဖြေစခန်းသို့သွားရောက်ရန် မန္တလေးဘူတာကြီးမှထွက်ခွာ



**မန္တလေး ဧပြီ ၂၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အထက်မြန်မာပြည်မှ စိစစ်ရွေးချယ်ထားသည့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်အပန်းဖြေစခန်းသို့ သွားရောက်ရန်အတွက် ဧပြီ ၂၃ ရက်တွင် မန္တလေးဘူတာကြီးမှ ညနေ ၃ နာရီရထားဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါဘက်စုံပညာထူးချွန်လူငယ်အဖွဲ့တွင် အထက်မြန်မာပြည်တိုင်းဒေသကြီးနှင့်ပြည်နယ်များက ရွေးချယ်ထားသည့် ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၅၀ စုစုပေါင်း ၁၀၀ ပါဝင်ပြီး ကြီးကြပ်သူများအဖြစ် ဆရာကိုးဦးနှင့် ဆရာမကိုးဦးတို့လည်း လိုက်ပါသွားခဲ့ကြပြီး ရန်ကုန်မြို့ရှိအောက်မြန်မာပြည်မှ ရွေးချယ်ထားသည့် ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များနှင့်ပူးပေါင်းကာဒသမတန်းဘက်စုံပညာ ထူးချွန်လူငယ်များအတွက် ဖွင့်လှစ်မည့်ငွေဆောင်အပန်းဖြေစခန်းသို့ စခန်းဝင် သွားရောက်ကြမည်ဖြစ်သည်။

၁၉၆၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းအစီအစဉ်ကို၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့ပြီး ယခု၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၅၂၈ ဦးတို့အား စိစစ်ရွေးချယ်ထားပြီးဖြစ်သည်။ အဋ္ဌမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စခန်းဝင်စဉ်ကာလအတွင်း ကင်းထောက်သင်တန်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့်လေ့လာရေးခရီးစဉ်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

# ကင်းထောက်ကြီးများ တွေ့ဆုံပွဲကျင်းပမည် ကင်းထောက်အမှတ်တရပစ္စည်းများ လှူဒါန်းနိုင်

**ရန်ကုန် ဧပြီ ၂၃**

မြန်မာနိုင်ငံကင်းထောက်ယာယီကော်မတီက ဦးဆောင်၍ ကင်းထောက်ကြီးများ (ဒုတိယအကြိမ်)တွေ့ဆုံပွဲကို ဧပြီ ၂၉ ရက်မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များ ဖြစ်ခဲ့ကြဖူးသည့် (ဝံပုလွေ၊ ငှက်ပြာ၊ ရိုဗာ၊ ရိန်ဂျာ)ကင်းထောက်ကြီးများအားလုံးတက်ရောက်ချီးမြှင့်ပါရန်နှင့် တက်ရောက်လာသည့် ကင်းထောက်ကြီးများသည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးသို့ မိမိတို့ခေတ်ကာလမှ ကင်းထောက်အမှတ်တရပစ္စည်းများလည်း လှူဒါန်းနိုင်ကြောင်း မြန်မာနိုင်ငံကင်းထောက်ယာယီကော်မတီက နှိုးဆော်ထားသည်။

**(သတင်းစဉ်)**

---

# ကျွဲ၊ နွားထောင့်သန်းရောဂါမဖြစ်ရေးနှစ်စဉ် ကာကွယ်ဆေးထိုးနှံပေး နွားသေသားကို ဝိုင်းကိုင်ပြီးလှီးဖြတ်ရာမှ အနာများဖြစ်လာ

မြင်းခြံ ဧပြီ ၂၃

**မြင်းခြံမြို့နယ် သာပေါင်းအုပ်စု အနိမ့်ကျေးရွာ၌ ဧပြီ ၂၁ ရက်က လူရှစ်ဦးသည် အနာများဖြစ်လာ၍ မြင်းခြံဆေးရုံသို့ပြသခဲ့ရာ ဆေးစစ်ခြင်း၊ အနာမှပိုးအားဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဧပြီ ၇ ရက်က အနိမ့်ကျေးရွာမှ နွားမတစ်ကောင်သည် ရွာ၏အနောက်ဘက်မြစ်ဘေးအနီးဆီးခြံအောက်တောထဲ၌ အခြားနွား ၂၅ ကောင်နှင့်အတူထားရှိရာမှ သေဆုံးနေခဲ့ရာ ကိုယ်ဝန်ဆောင်ထားသည့် နွားမငယ်လေးပါတွေ့ရှိရကြောင်း၊ အဆိုပါ နွားမကိုလူ ၁၃ ဦးကဝိုင်းဝန်းလှီးဖြတ်ခဲ့ရာ ပိဿာချိန် ၃၀ ခန့်ရရှိ၍ ရွာထဲရှိ နီးစပ်ရာသို့ ဝေငှရောင်းချခဲ့ကြကြောင်း၊ တစ်ပတ် ခန့်အကြာတွင် လှီးဖြတ်သူ ၁၃ ဦးထဲမှ ရှစ်ဦးမှာ အဖုငယ်များထွက် လာပြီး အနာများဖြစ်လာ၍ ဆေးရုံ သို့ပြသခဲ့ခြင်းဖြစ်ပြီး စားသုံးသူများမှာ ထူးခြားမှုမပြခဲ့ကြောင်း သိရသည်။ ယခင်က ယခုဖြစ်စဉ်မျိုး မကြုံတွေ့ခဲ့ရသည့်အတွက် အသားလှီးဖြတ်ကိုင်ခဲ့သည့် လူများ၏ တစ်ကိုယ်ရေမသန့်ရှင်းမှု၊ အရက်သောက်သုံးမှု၊ ရာသီဥတု ပြင်းထန်မှုစသည့် ဒေသအတွေး အသိအမြင်များဖြင့်သာ ပေါ့လျော့စွာ သုံးသပ်ခဲ့ကြသည်။

"ရွာမှာ နွားကောင်ရေ ၄၀၀ လောက် ရှိတယ်။ ဖေဖော်ဝါရီ ၂၄ ရက်နဲ့ မတ် ၂၃ ရက်မှာ မြင်းခြံ တိမွေးကုဌာနက ခွာနာလျှာနာ ကာကွယ်ဆေးနှစ်ကြိမ် လာရောက်ထိုးပေးခဲ့ပါတယ်။ အခုသေတဲ့နွားက ရွာအပြင် တောထဲမှာထားတော့ ကာကွယ်ဆေးထိုးမထားဘူး။ ရွာမှာ ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး။ ဒါပထမဆုံးအကြိမ်ပဲ၊ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တိမွေးကုဌာနကတာဝန်ရှိသူတွေလည်း လာရောက်စစ်ဆေးသွားပါပြီ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် ထောင့်သန်းရောဂါဖြစ်ပွားသည်ဟု ယူဆပါကြောင်း၊ စားသုံးသူများလည်းဖြစ်ပွားနိုင်ပြီး အသေကောင်မှ အသား၊ သွေး၊ ကိုယ်တွင်းအင်္ဂါနှင့် အရည်တို့သည်ရောဂါပိုးများ ပါဝင်နေသဖြင့် အန္တရာယ်ရှိ၍ လုံးဝအသုံးမပြုသင့်ဘဲ သက်ဆိုင်ရာတိမွေးကုဌာနသို့ အကြောင်းကြားပြီး ရွှေ့ပြောင်းခြင်း၊ လှီးဖြတ်ခြင်း၊ ခွဲစိတ်ခြင်းများ မပြုလုပ်ဘဲ ယင်းတိရစ္ဆာန်နှင့်ထိတွေ့သော တိရစ္ဆာန်များပါ ခွဲထားပြီး စောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါရောဂါသည် ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပြီး ယခုလိုမိုးဦးကျတွင်ဖြစ်တတ်၍ ကာကွယ်ဆေးကို တစ်နှစ်တစ်ကြိမ် ပုံမှန်ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း၊ ဌာန၏ညွှန်ကြားချက်နှင့်အညီ ခရိုင်အတွင်းမြို့နယ်များမှ ကျေးရွာများသို့လည်း ရောဂါများနှင့်ပတ်သက်၍ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာ၊ ကာကွယ်ကုသခြင်း၊ ထိန်းချုပ်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်း စသည်တို့ကို ကျေးရွာအရောက်အသိပေးဟောပြောခြင်း၊ စစ်ဆေးခြင်း၊ စာစောင်များဝေငှခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်ရွက်ကုသပေးသည့် အချိန်ကာလမှသာမဟုတ်ဘဲ အရေးပေါ်လိုအပ်ပါက ဆက်သွယ်အကြောင်းကြား၍ စုပေါင်းထိုးနှံပေးလျက်ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အခမဲ့ဆေးဝါးများဖြင့် ကုသပေးလျက်ရှိရာ ကျေးလက်ဒေသများမှ ကျန်းမာရေးလုပ်သားဝန်ထမ်းများ၏ အကူအညီကိုရယူလျက် ဒေသခံများက ကာကွယ်ဆေးထိုးနေမှုကို လျစ်လျူရှုပေါ့ဆစွာမနေဖို့ လိုကြောင်း၊ လုပ်ငန်းခွင်မပျက် ထိုးနှံနိုင်၍ မိမိတို့ဌာန၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကာ ကျန်းမာရေးအသိဖြင့် လူတိုင်းပူးပေါင်းပါဝင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**





---

# ရေရှားပါးသောကျေးရွာများအား သောက်သုံးရေရရှိနိုင်ရေးဆောင်ရွက်

**ချောက် ဧပြီ ၂၃**

ချောက်မြို့နယ်အတွင်းရှိ ရေရှားပါးသော ငွေးချိုကျေးရွာအုပ်စု ငွေးချိုကျေးရွာနှင့်ရှားပင်ကျေးရွာတို့ကို သောက်သုံးရေဖူလုံစွာရရှိနိုင်ရေးအတွက် ငွေးချိုကျေးရွာတွင် တောင်ကြီးတွင်း အဆိုပြုကြိုးပြင်ကာကွယ်တောအတွင်းကိုးခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် ၁၉၉၃-၁၉၉၄ ခုနှစ်ခန့်က တူးဖော်ခဲ့ပြီး အသုံးပြုခြင်းမရှိသည်မှာ ၁၅ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော စက်ရေတွင်းဟောင်းအမှတ်(၂)အား တွင်းဆေးခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် စက်ယန္တရားကြီးများဖြင့် ယနေ့နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ရာ ထိုစက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ခန့် ထုတ်ယူအသုံးပြုနိုင်သဖြင့် ငွေးချိုကျေးရွာရှိ လူဦးရေ ၁၃၀၃ ဦးနှင့် ရှားပင်ကျေးရွာရှိ လူဦးရေ ၁၀၁၈ ဦး စုစုပေါင်း ၂၃၂၁ ဦး၊ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် လိုအပ်နေသော သောက်သုံးရေအခက်အခဲများ အဆင်ပြေချောမွေ့စေရန်အတွက် သောက်သုံးရေထုတ်ယူရရှိအသုံးပြုနိုင်ရေး ငွေးချိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ရပ်မိ ရပ်ဖများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မချို(ချောက်)**

---

# သီပေါသိမ်တောင်သာသနာ့ကုန်းမြေ သောက်သုံးရေအလျှံပယ်ရရှိတော့မည်

**သီပေါ ဧပြီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် နောင်အိန်ကျေးရွာ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးအနီး သိမ်တောင်တောရကျောင်း သီရိပဗ္ဗတသာသနာ့ကုန်းမြေပေါ်တွင် သောက်သုံးရေများရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသိမ်တောင်တောရကျောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်ကမူ သိမ်တောင်ဆရာတော်ကြီးက တောရဆောက်တည်၍တောရကျောင်းမှ မန္တလေး-လားရှိုးကားလမ်းမကြီးအထိ ပေါက်ပြားတစ်လက်ဖြင့် ကိုယ်တိုင်လမ်းဖောက်လုပ်ခဲ့ပြီး ရေအခက်အခဲရှိသဖြင့် မိုးရေကိုသာ အမှီပြုသောက်သုံးခဲ့ရသော တောင်ပေါ်ဒေသသာသနာ့ကုန်းမြေဖြစ်သည်။

၂၀၁၄ခုနှစ် နှစ်ဦးပိုင်းတွင် ရန်ကုန်မြို့မှ အလှူရှင်ဦးဇော်လင်းမောင်နှင့်ညီဖြစ်သူ ဦးအောင်ကျော်ညွှန့်တို့က သိမ်တောင်ကိုးဆူတောင်အနီး၌ ငွေကျပ်သိန်း ၁၀၀ ကျော် မတည်လျက် စက်ရေတွင်းတူးဖော်လှူဒါန်းရာ ရေများအလျှံပယ်ထွက်ရှိခဲ့သဖြင့် သိမ်တောင်တောရကျောင်းပဓာနနာယကဆရာတော်ဘဒ္ဒန္တဇိနဝရ အရှင်သူမြတ်က ရေအတွက် ရတက်အေးရပြီဖြစ်ကြောင်း ဧပြီ ၂၂ ရက်က ဝမ်းမြောက်စွာဖြင့် မိန့်ကြားတော်မူသည်။

**စိုင်း(သီပေါ)**

# တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် ထိတွေ့တိုက်ပွဲဖြစ် လက်နက်ကိုင်သုံးဦးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ



**နေပြည်တော် ဧပြီ ၂၃**

တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိရာ ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် ပလက်ဝမြို့နယ် အောင်လံချောင်းရွာ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ၌ လက်နက်ကိုင်အင်အားအချို့နှင့် ထိတွေ့တိုက်ပွဲ ထပ်မံဖြစ်ပွားပြီး အဆိုပါ လက်နက်ကိုင်များ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မောင်ကျော်သိန်း (၂၅ နှစ်)(ဘ)ဦးထွန်းစိန်အား အမ်(၂၂) တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၅၀ တောင့်၊ လက်ပစ်ဗုံးနှစ်လုံး၊ အီကွေ့မန့် တစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိပြီး ပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းရာ အမ်(၂၂)တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည် ၅၀ တောင့်အား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းက လက်နက်ကိုင်များ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းရာ ညနေပိုင်းတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားသည့်နေရာ၏ အရှေ့မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာရှိ တဲတစ်လုံးအား ရှင်းလင်းစဉ် မောင်သန်းဝေ (၂၆ နှစ်)(ဘ)ဦးသာထွန်းဦးနှင့် ထွန်းစိုးနိုင်(၂၃ နှစ်)(ဘ)ဦးထွန်းဦးဖြူတို့နှစ်ဦးအား ထပ်မံဖမ်းဆီးရမိပြီး ၎င်းတို့နှင့်အတူ အမ်(၂၂)တစ်လက်၊ စက်ကလေးတစ်လက်၊ ကျည်အိမ်ခြောက်ခု၊ ကျည် ၁၆၀ တောင့်၊ လက်ပစ်ဗုံးလေးလုံးနှင့် ချပ်ဝတ်တန်ဆာ နှစ်စုံတို့အား သိမ်းဆည်းရမိခဲ့သည်။

ပလက်ဝဒေသအတွင်း လက်နက်ကိုင် ခိုအောင်းလှုပ်ရှားလျက်ရှိသည့် နေရာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တရားမဝင် ပိတောက်သစ်တန် ၃၀ ကျော် ဖမ်းဆီးရမိ

**တာချီလိတ် ဧပြီ ၂၃**

တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်နှင့် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်အတွင်း တရားမဝင်သစ်ခိုးထုတ်သူများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဧပြီ ၂၀ ရက်က ပိတောက်သားချောင်းဆိုဒ်စုံနှင့် ပိတောက်သစ်လုံး စုစုပေါင်းတန် ၃၀ ကျော်ကို တာချီလိတ်- ဘူရှီး- မိုင်းဆတ်လမ်းကြောင်းနှင့် မိုင်းဖြတ်-ဘူရှီး-မိုင်းဆတ်လမ်းကြောင်း တောအုပ်အတွင်း၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း(တာချီလိတ်) Mobile Team မှ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးစီးအဖွဲ့နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း(ကျိုင်းတုံ) Mobile Team မှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦး ဦးစီးအဖွဲ့တို့သည် သတင်းအရ ပူးပေါင်းအဖွဲ့များနှင့်အတူ မိုင်းဆတ်-မိုင်းဖြတ်လမ်းကြောင်းအား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ နံနက် ၁၀ နာရီခွဲက မိုင်းဖြတ်-ဘူရှီး-မိုင်းဆတ်လမ်းကြောင်း၊ မိုင်းဖြတ်မြို့မှ ၁၀ မိုင်ခန့်အကွာ လမ်းဘေးတောအုပ်



အတွင်း ခိုအောင်းနေသည့် မိုးကာအုပ်ထားသော တရားမဝင်သစ်များ တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်သုံးစီးကို ရှာဖွေတွေ့ရှိစဉ် ယာဉ်မောင်းများ တောတွင်းသို့ တိမ်းရှောင်ထွက်ပြေးသွား၍ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့နည်းတူ ညွှန်ကြားရေးမှူး ဦးမြင့်သူရ ဦးစီးအဖွဲ့သည် နံနက် ၁၁ နာရီက တာချီလိတ်-ဘူရှီး-မိုင်းဆတ်လမ်းကြောင်း၊ တာချီလိတ်မြို့မှ ၃၂ မိုင်ခန့်အကွာ လမ်းဘေးတောအုပ်အတွင်း ခိုအောင်းနေသော မိုးကာအုပ်ထားသည့် တရားမဝင်သစ်များ တင်ဆောင်ထားသော ခြောက်ဘီးယာဉ်သုံးစီးကို ရှာဖွေတွေ့ရှိစဉ် ယာဉ်မောင်းများ တောတွင်းသို့ တိမ်းရှောင်ထွက်ပြေးသွား၍ ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

အဆိုပါ သစ်ကားခြောက်စီးကို မိုင်းဖြတ်မြို့နယ်သစ်တော ဦးစီးဌာနစစ်ကွင်းသို့ ဖမ်းဆီးခေါ်ဆောင်ပြီး အဖွဲ့စုံဖြင့် ပိတောက်ခွဲသားဆိုဒ်စုံအချောင်း ၁၇၀၊ ပိတောက်သစ်လုံး ၁၂ လုံး စုစုပေါင်းသစ်တန် ၃၀ ဒသမ ၄၁၁၀ တန်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ပူးပေါင်းအဖွဲ့သည် သစ်ကား ခြောက်စီးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်များကို မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနသို့လည်းကောင်း၊ မော်တော်ယာဉ်များကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း အပ်နှံပြီး သစ်ပိုင်ရှင်များနှင့် ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်ပိုင်ရှင်ကို အမှုဖွင့်ထားပြီး ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ဝန်းသိုမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဝန်းသို ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြို့မရဲစခန်း၏ အရှေ့မြောက်ဘက် ၁၆ မိုင်ခန့်အကွာ နမ်းခမ်းကျေးရွာ ဘူတာစုရပ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ညနေ ၆ နာရီခွဲက နမ်းခမ်းရဲကင်းစခန်းမှူး ဒုရဲအုပ် သန်းဝေဦးနှင့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ နမ်းခမ်းကျေးရွာ ဘူတာစုရပ်နေ မြင့်ဆွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ပေါ်၌ ကျော်မျိုးသူတို့ကိုတွေ့ရှိခဲ့ရ၍ မူးယစ်ဆေးဝါးများကို ဆက်လက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် မြင့်ဆွေ၏ ညာဘက်ခါးကြားမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်အလေးချိန် ၀ ဒသမ ၂၄ ဂရမ်ပါ ပုလင်းတစ်လုံး၊ နေအိမ်ဘေးရေအိုးကြားမှ ပင်နီဆီလင် ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်အလေးချိန် ၀ ဒသမ ၀၇ ဂရမ်ပါ ပုလင်းတစ်လုံး၊ နေအိမ်မြောက်ဘက်ဘေး ခြံဝင်းအတွင်းမှ အနက်ရောင်ပလတ်စတစ်ပုံးဖြင့်ဖုံးကာ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း ထည့်ထားသည့် ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်အလေးချိန် ၀ ဒသမ ၂၀ ဂရမ်ပါ ပုလင်းတစ်လုံး၊ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် ၀ ဒသမ ၂၀ ဂရမ်ပါ ပုလင်းသုံးလုံးနှင့် ပင်နီဆီလင် ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်အလေးချိန် ၀ ဒသမ ၁၁ ဂရမ်စီပါ ပုလင်းကိုးလုံး စုစုပေါင်းဘိန်းဖြူ အလေးချိန် ၂ ဒသမ ၁၁ ဂရမ် တန်ဖိုးငွေကျပ် ၂၁၁၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ မြင့်ဆွေ(၅၅ နှစ်) ဘူတာစုရပ် နမ်းခမ်းကျေးရွာ ဝန်းသိုမြို့နယ်နေသူနှင့် ကျော်မျိုးသူ(၂၉ နှစ်) နမ်းခမ်းကျေးရွာနေသူတို့ နှစ်ဦးကို မြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး ဒုရဲအုပ်သန်းဝေဦးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**


GOLDEN STAR Travels & Tours

Apr-30

မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း၊

တောင်ကြီး-အင်းလေး-ပင်းတယ

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 703448, 430480, 544383, 705968, 09-5081580


**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ အထက နဝမတန်း အောင်မြင်ပြီးသော မနွယ်နီဝင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးငို(ခ)ဦးတင်အုန်း ၇/ပခန(နိုင်)၁၇၂၂၄၆ ဖြစ်ပါသည်။

## (၃၄)ကြိမ်မြောက် တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ၌ ကျေးဇူးတော်ရှင် မောင်းထောင် မြေဇင်းတောရ ဆရာတော်ကြီး၏ ကန္ဒီနည်း ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇဝန (သာသနဓဇမွှာစရိယ)မှ ကဆုန်လပြည့်နေ့ (၂-၅-၂၀၁၅ မှ ၁၆-၆-၂၀၁၅) နယုန်လကွယ်နေ့အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသော ယောဂီများကြိုတင်စာရင်းများပေးသွင်းနိုင်ပါရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၉၀၃၅၃၅၃၊ ၀၉-၇၃၁၀၉၈၃၈**

## စက်မှုဝန်ကြီးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>ဆေးဝါးစက်ရုံ(အင်းစိန်)မှ<br>အဆောက်အအုံ(၁၁)လုံးတို့အား ရောင်းချရန်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ အဆောက်အအုံ(၁၁)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း Lot အလိုက် တင်ဒါဖြင့်ရောင်းချလိုပါသည်-

| | | | |
|---|---|---|---|
| (က) | မြင်းအဆိပ်ထိုးသွေးဖောက်အဆောက်အအုံနှင့် ရုံးခန်းနှင့်ဓာတ်ခွဲခန်းအဆောက်အအုံ | (၂)လုံး- | Lot A |
| (ခ) | မြွေကန် | (၁)လုံး- | Lot B |
| (ဂ) | မြင်းဇောင်းအမှတ် (B,C,D,E) | (၄)လုံး- | Lot D |
| (ဃ) | မြင်းဇောင်းအမှတ် (H,J,K,L) | (၄)လုံး- | Lot E |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၄-၂၀၁၅ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၅-၂၀၁၅ရက် (တနင်္လာနေ့) ၁၆:၀၀ နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ နေပြည်တော်

အသေးစိတ်စုံစမ်းသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၄၀၈၀၆၇၊ ၄၀၈၃၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၃)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၂၄-၄-၂၀၁၅ရက်မှစ၍ ၇-၅-၂၀၁၅ရက်အထိ ရိုက်နှိပ်မည့်ပုံစံအရေအတွက်၊တင်ဒါစည်းကမ်းချက်များအား တစ်စောင်လျှင်ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် ကြည့်ရှုနိုင်ပြီး ၇-၅-၂၀၁၅ ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇၊ ၀၆၇-၄၃၁၀၄၂တို့သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း<br>ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကရင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတို့တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ပင်မရုံးအဆောက်အအုံ | ၁ လုံး |
| (ခ) | နည်းပညာသင်တန်းကျောင်းဆောင် | ၁ လုံး |
| (ဂ) | ဝန်ထမ်းအိမ်ရာ | ၁ လုံး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်းကရင်ပြည်နယ် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** ၂၄-၄-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်ရက်** ၂၄-၅-၂၀၁၅ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၅၈-၂၃၄၂၅**


အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770


## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁) တိုးချဲ့၊ မြသီတာ အိမ်ရာ၊ မြေကွက်အမှတ် ၁.A/၄၃၊ ဧရိယာ ၀ ဒသမ ၂၃၃ ဧကရှိပြီး နှစ်၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးသိန်းနိုင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်အား အရောင်းအဝယ်စာချုပ် (၂၁၈၅/၂၀၁၅) တင်ပြ၍ ဦးကျော်လွင်ဦး ၁၀/မလမ(နိုင်) ၁၄၃၃၅၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမှုရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# သားကောင်းရတနာများ မွေးထုတ်ပေးစို့လေ

သတင်းဆောင်းပါး-ဇူလိုင်မိုး
ဓာတ်ပုံ-ခင်သူဇာ



"လူမိုက်ဆိုလျှင်ရှောင်သွေလွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ၊ သုံးပါးရတနာမိဘများနှင့် ဆရာသမားကို ပူဇော်လေ"ဟု စာသင်ကျောင်းဝင်းအတွင်းမှ ကလေးငယ်များ၏ စာအံသံများမှာ ကြားရသူတိုင်း စိတ်ထဲတွင် ရွှင်လန်းတက်ကြွလန်းဆန်းစေခဲ့သည်။ ထိုစာအံသံမှာ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဝဲဒေါင့်ကျေးရွာဟုခေါ်သော ရွာကလေးအတွင်းရှိ စာသင်ကျောင်းဝင်းအတွင်းမှ တူညီဝတ်စုံများနှင့် ယဉ်ကျေးလိမ္မာသင်တန်းတွင် တက်ရောက်နေကြသော ကလေးငယ်များ၏ စာအံသံပင်ဖြစ်သည်။

ယခုလိုသင်တန်းများကို ဒေသအသီးသီး၌ ပို့ချပေးလျက်ရှိရာ ယဉ်ကျေးမှုဘက်တွင် ယမန်နှစ်များကထက် တိုးတက်မှုများရှိလာသည်။ ဥပမာပြောရလျှင် ယခုနှစ်သင်္ကြန်၌ ဝတ်စားဆင်ယင်မှုများတွင် ဆိုးရွားသော ဝတ်စားဆင်ယင်မှုများကို မတွေ့ရပေ။ ဘုရားကျောင်းကန်၊ ကုသိုလ်ပြုသောနေရာများနှင့် တရားစခန်းများတွင်လည်း လူငယ်လူရွယ်များပါဝင်မှုမှာ ယခင်နှစ်များကထက်များပြားလျက်ရှိသည်။ ထိုအချက်ကိုကြည့်ခြင်းအားဖြင့် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ပေးခြင်း၏ အကျိုးရလဒ်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

ယခုအခါ နွေရာသီအားလပ်ရက်များတွင် ဒေသအသီးသီး၌ မျိုးဆက်သစ် သားကောင်းရတနာများကို အသိလိမ္မာတိုးပွားစေရန်၊ ဘာသာသာသနာအကျိုးကို သိရှိနားလည်စေရန် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရသည်။ ထိုသို့သင်ကြားပေးရာတွင် မကွေးတိုင်း ဒေသကြီး ပွင့်ဖြူမြို့နယ် ဝဲဒေါင့်ကျေးရွာရှိ ကလေးသူငယ်များကိုလည်း ယဉ်ကျေးလိမ္မာပြီး အသိလိမ္မာများတိုးပွားစေရန် ဝဲဒေါင့်ကျေးရွာကျောင်းထိုင်ဆရာတော် ဦးဝိသုဒ္ဓ၏တပည့် ဦးပဋ္ဌင်းဦးဝိဇရဦးဆောင်ပြီး ဆရာ၊ ဆရာမသုံးဦး ဖြင့် သင်တန်းပို့ချသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

လှိုင်လင်မြို့တွင်တာဝန်ကျနေသော ဆရာမ ဒေါ်ခင်သူဇာက " ဆရာမက ခုကျောင်းပိတ်ရက် ရွာကိုအလည်ပြန်လာတာလေ။ နွေရာသီအားလပ်ရက်မှာ ရွာကကလေးတွေကို ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပေးမယ်ဆိုတာကြားရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ကလေးတွေကိုသင်ကြားပေးရလို့ အလွန်ကျေနပ်မိတယ်။ သင်တန်းမှာ အဓိကသင်ကြားပေးတာကတော့ ငါးပါးသီလ၊ ဩကာသ အစအဆုံး အနက်အဓိပ္ပာယ်၊ ဘုရားဂုဏ်တော်၊ တရား ဂုဏ်တော်၊ သံဃာ့ဂုဏ်တော်၊ နေ့ခုနစ်နေ့ဘုရား ရှစ်ခိုး၊ ဘာသာသာသနာအကြောင်းတွေကိုသိရှိစေရန် စတာတွေကို သင်ကြားပေးပါတယ်။ ငါးပါးသီလကို ကလေးတွေငယ်ငယ်ရွယ်ရွယ်နဲ့သိမှ မကောင်းတာတွေမလုပ်မိအောင် အသိတရားနဲ့ ရှောင်ကြဉ်နိုင်မယ်။ ဒါ့အပြင် ကလေးတွေကို နေပုံ၊ ထိုင်ပုံ၊ ပြောဆိုဆက်ဆံပုံကအစ ယဉ်ယဉ်ကျေးကျေးပြောဆို ဆက်ဆံတတ်စေဖို့ကိုလည်း သင်ကြားပေးပါတယ်။ အခုလို သင်တန်းမျိုးတွေကို ဒေသအသီးသီးမှာ နှစ်စဉ်မပြတ်ဖွင့်ပေးသွားကြမယ်ဆိုရင် နောင်လာမယ့် မျိုးဆက်သစ်ကလေးသူငယ်များဟာ ယဉ်ကျေးလိမ္မာသော သားကောင်းရတနာများအဖြစ်နဲ့ မြင်တွေ့နိုင်မှာ အသေအချာပါပဲ "ဟု ပြော သည်။

အဆိုပါသင်တန်းတွင် သင်တန်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူလေးများကို ကျေးရွာအတွင်းမှ ကုသိုလ်ရှင်များကလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ အာဟာရဒါနများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ထိုအချက်သည်လည်း ချစ်စရာကျေးရွာဓလေ့ပင်ဖြစ်သည်။ သင်တန်းချိန်ကို နံနက် ၉ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ တစ်ကြိမ်သင်ကြားပေးပြီး သင်တန်းကာလကို ၁၀ ရက်တိုင်တိုင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ သင်တန်းတွင် ထူးချွန်သူများကိုလည်း သင်တန်းဆင်းပွဲတွင် ဂုဏ်ပြုဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်နာမည် ဘွန်းဟုခေါ်သော ကလေးငယ်တစ်ဦးက စကားမပီကလာ၊ ပီကလာလေးဖြင့် "သားအသက်က ခုနစ်နှစ်ရှိပါပြီ။ သား ဒီယဉ်ကျေးလိမ္မာသင်တန်းကို တက်ရောက်ရတာအလွန်ပျော်ပါတယ်။ သားတို့ကလေးတွေ မသိသေးတဲ့ ဘုရားတရားအကြောင်းတွေသိရတယ်။ ငါးပါးသီလအကြောင်းကို သိရတော့ သားတို့ အကောင်လေး တွေသတ်ခဲ့မိတာကိုတွေးပြီး ကြောက်မိတယ်။ နောက်ဆို အဲလိုအကောင်တွေကို မသတ်တော့ဘူး။ အရက်သောက်ရင်လည်း ငရဲကြီးတယ်ဆိုတာကိုသိရတဲ့အတွက် သားကြီးလာရင် အရက်မသောက်ဘူးလို့ ဆုံးဖြတ်ထားတယ်။ သင်တန်းကနေပြီး သားအတွက် သိမှတ်စရာတွေ အများကြီးရခဲ့ပါတယ်"ဟု ပြောပြသည်။

အဆိုပါ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာသင်တန်းများကို နှစ်စဉ်ဒေသအသီးသီး၌တိုးချဲ့၍ သင်ကြားပို့ချပေးသွားမည်ဆိုပါက မျိုးဆက်သစ်လူငယ်များ လိမ္မာရေးခြားရှိလာပြီး မြန်မာ့ယဉ်ကျေးမှုအတွက် တစ်ဖက်တစ်လမ်းကလည်း ကူညီရာရောက်မည်ဖြစ်ပါသည်။

## ရေနံတွင်းဟောင်းမှ ရေနံများ ပန်းထွက်

**ရေနံချောင်း ဧပြီ ၂၃**

ရေနံချောင်းမြို့နယ် ရွာသစ်ကြီးကျေးရွာတွင် ဧပြီ ၁၈ ရက် ည ၁၁ နာရီခွဲက ဘီအိုစီခေတ်က ရေနံတွင်းဟောင်းမှ ဂက်(စ်) နှင့်ရေနံရောနှောပြီး ရေနံများထောင်ပန်းခဲ့ကြောင်း သိရသည်။

ဒေသခံတစ်ဦးက တဝေါဝေါအသံကြားသဖြင့် အိမ်အပြင်ဘက် ထွက်ကြည့်ရာ အမြှုပ်ဝါတွေနဲ့ ရေနံစိမ်းများထွက်နေကြောင်းသိရပြီး မျှားမကြာမီ ရေနံစိမ်းများ လှိုင်းထနေအောင် ပန်းထွက်လာသည်ဟု ပြောကြားကြောင်း သိရသည်။ ယင်းထွက်ရှိသော ရေနံတွင်းတွင် မီးသတ်ကား၊ ရေနံချောင်းရဲတပ်ဖွဲ့နှင့် MOGE မှ တာဝန်ရှိသူများကြီးကြပ်လုပ်ကိုင်နေကြောင်း သိရသည်။

ရေနံအထွက်နည်းသဖြင့် သုံးစွဲမှုမရှိသည်မှာ ကြာပြီဖြစ်သော်လည်း ယခုအချိန်တွင် ဂက်(စ်) ရေနံစိမ်းရောနှော ပန်းထွက်ခြင်းဖြစ်ပါသည်။ ယခုလိုသုံးစွဲခြင်းမရှိသည့် တွင်းဟောင်းပေါင်း ၁၀ တွင်းကျော်ရှိကြောင်းလည်း သိရသည်။

**သိန်းဇော်**

## သဘာဝဘေးအန္တရာယ်ကြောင့် လူနေအိမ်နှင့် ကျောင်းများ ပျက်စီးဆုံးရှုံး

**မကွေး ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီးအတွင်း မဟာသင်္ကြန်ပွဲတော်ကာလ လေးရက်အတွင်း မှုခင်းဖြစ်ပွားမှု ယမန်နှစ်ကထက် မြင့်တက်လာကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ယခုနှစ် သင်္ကြန်ပွဲတော် လေးရက်အတွင်း မကွေးတိုင်းဒေသကြီးတွင် လူသတ်မှု လေးမှု၊ ယာဉ်တိုက်မှု တစ်မှု၊ ခိုက်ရန်ဖြစ်ပွားမှု ခြောက်မှု၊ အခြားအမှုတစ်မှု စုစုပေါင်း ကိုးမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ တစ်ဦး၊ ဒဏ်ရာရရှိသူ ကိုးဦးရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလ လေးရက်အတွင်း တိုင်းဒေသကြီးအတွင်း ခိုက်ရန်ဖြစ်ပွားမှု တစ်မှု၊ ဝတ္ထုရားနှောင့်ယှက်မှုတစ်မှု၊ အခြားအမှုတစ်မှု စုစုပေါင်း သုံးမှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ နှစ်ဦးသာရှိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှတ်တမ်းများအရ သိရသည်။ တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၁၆ ရက်အထိ သဘာဝဘေး အန္တရာယ်ဖြစ်သော လေပြင်းတိုက်ခတ်မှုကြောင့် အောင်လံမြို့နယ် တွင်လူနေအိမ် ၁၅ လုံး၊ နတ်မောက် မြို့နယ်တွင် လူနေအိမ် သုံးလုံး၊ ဘာသာရေးအဆောက်အအုံ တစ် လုံး စုစုပေါင်း ၁၉ လုံး ပြိုလဲပျက်စီး ခဲ့သည်။

ရေစကြိုမြို့နယ်တွင် လူနေအိမ် အလုံး ၂၀၊ စာသင်ကျောင်း လေးကျောင်း၊ မင်းလှမြို့နယ်တွင် လူနေအိမ် အလုံး ၅၀၊ စာသင်ကျောင်း တစ်ကျောင်း၊ ဘာသာရေးအဆောက်အအုံ တစ်လုံး၊ နတ်မောက်မြို့နယ်တွင် လူနေအိမ် ၄၇ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဌာနဆိုင်ရာအဆောက်အအုံ တစ်လုံး၊ ဘာသာရေးအဆောက်အအုံ နှစ်လုံး၊ အခြားအဆောက်အအုံ နှစ်လုံး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် လူနေအိမ် ခြောက်လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ အောင်လံမြို့နယ်တွင် လူနေအိမ် ကိုးလုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ မြိုင်မြို့နယ်တွင် လူနေအိမ် တစ်လုံး၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စာသင်ကျောင်းတစ်ကျောင်း စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံးအမိုးလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရသည်။

**ကျော်ဇေယျ**

## မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆွေးနွေးပွဲ မြန်အောင်၌ကျင်းပ

**မြန်အောင် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ပြည်သူ့ဆေးရုံ၌ ဧပြီ ၂၂ ရက်က မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ချစ်က နှစ်ကျော် မွေးစာရင်းများ၊ တစ်နှစ်ကျော်ငါးနှစ်အောက် အတွင်းရှိ မွေးစာရင်းမပြုလုပ်ရသေးသော ကလေးငယ်များကို မေ ၄ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာနနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ မွေးဖွားမှု မှတ်ပုံတင်ခြင်းနှင့် မွေးစာရင်းများထုတ်ပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**ဝင်းမိုလ်**



# ကုသိုလ်တရားပွားများနိုင်



**ဝါးခယ်မ ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ မြို့နယ်ကျက်သရေဆောင် သကျမဟာသီရိ ဘုရားကြီးဝင်းအတွင်း သာသနမာမက ဆွမ်းလောင်း အသင်းတည်ထောင်သည့် ငါးနှစ်ပြည့် အရုဏ်ဆွမ်းလောင်းလှူခြင်း အလှူတော်မင်္ဂလာကို ဧပြီ ၂၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပ သည်။

သာသနမာမက ဆွမ်းလောင်းအသင်း အကျိုးတော်ဆောင် ဦးထွန်းရီ နှင့်အဖွဲ့ဝင်များနှင့်အတူ အလှူရှင် ဒေါ်လှလှမော်အားရည်စူး၍ ဦးသူရ၊ သား မောင်ဘုန်းမြင့်မြတ်၊ သမီးမပီတိဟန်သာ မိသားစုတို့က မြို့ပေါ်ရှိ ကျောင်းပေါင်း ၇၂ ကျောင်းနှင့် ဆရာတော်သံဃာတော် အပါး ၃၀၀ ကျော် တို့ကို အရုဏ်ဆွမ်း၊ ဆွမ်းဟင်း၊ အချိုပွဲများဖြင့် လောင်းလှူကြခြင်းဖြစ်သည်။

အရုဏ်ဆွမ်းလှူဒါန်းပြီးနောက် ဆွမ်းအလှူရေစက်ချ မင်္ဂလာအခမ်း အနားကို ကဝိသိပွံကျောင်းတိုက်တွင် ကျင်းပရာ ကဝိသိပွံကျောင်း ဦးစီးပဓာန ဆရာတော်ဘဒ္ဒန္တဇဝနက အရုဏ်ဆွမ်းလောင်းလှူခြင်းနှင့် အတူ ရေစက်ချတရားကိုချီးမြှင့်သည်။ သာသနမာမက ဆွမ်းလောင်းအသင်းကြီးသည် လစဉ် လဆန်း ၄ ရက်နှင့် လဆုတ် ၄ ရက်တို့တွင် မြို့ပေါ်ရှိ ကျောင်းပေါင်းစုံမှ သံဃာကုန် အပတ်စဉ် လောင်းလှူကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# ရမည်းသင်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများ၌ အခြေခံပညာကျောင်းများ ဆောက်လုပ်ပြီးစီး

**ရမည်းသင်း ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရပ်ကွက်၊ကျေးရွာများရှိ အခြေခံပညာကျောင်း အချို့တွင် ကျောင်းအဆောက်အအုံ မလုံလောက်ခြင်းနှင့် ကျောင်းအဂ်ါရပ်နှင့် မပြည့်စုံသော ကျောင်းများကို ၂၀၁၄-၂၀၁၅ ခုနှစ် ပြည်ထောင်စုဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် အသစ်ထပ်မံဆောက်လုပ်ရာ ၂၀၁၅ခုနှစ် မတ်လတွင် ကျောင်းများမှာရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

စွယ်တော်ထွန်း ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့သော ကျောင်းများမှာ အထက(၁) ရမည်းသင်း၊ အထက(ခွဲ) ပျားစည်ကျေးရွာ၊ ပဲ့ဆည်ကျေးရွာအမက၊ တူးကုန်းကျေးရွာအမက၊ ရှန်းပင်တွင်းကျေးရွာ အမကနှင့် ပျဉ်းပြားကျေးရွာအမက စုစုပေါင်း ခုနစ်ကျောင်းဖြစ်သည်။

ယူနိုက်တက်ပါဝါကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ပြီးသော ကျောင်းများမှာ လေ့ကျင့်ရေး (၃) အထက(ခွဲ)၊ ကန်းအောက်ကျေးရွာအထက(ခွဲ)၊ တံတားဦးကျေးရွာ အမက၊ ဈေးကုန်းကျေးရွာ အမက၊ နှောတောကျေးရွာ အမက၊ သပြေပင်အနောက်ကျေးရွာ အမကနှင့် ဘုရားကြီးသာစည်ကျေးရွာ အမက စုစုပေါင်း ခုနစ်ကျောင်းတို့ဖြစ်သည်။

အဆိုပါကျောင်း ၁၄ ကျောင်းတွင် ပန္နက်ရိုက်ခြင်းနှင့် ကျောင်းများပြီးစီးအပ်နှံခြင်းများတွင် မြို့နယ်ပညာရေးမှူးဒေါ်ဥမ္မာ၊ နယ်မြေခံလက်ထောက်ပညာရေးမှူးများ၊ ကျောင်းဆောက်လုပ်ရေး ကော်မတီဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြကြောင်း သိရသည်။

**(ဝ၁၁)**

# ရေနံချောင်း၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်း နှစ်ပတ်လည်ကျင်းပ

**ရေနံချောင်း ဧပြီ ၂၃**

ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက် စိန်ပန်းရပ် စိန်ပန်းဘုန်းကြီးကျောင်းတွင် ဧပြီ ၂၁ ရက်က ရေနံချောင်းမြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်း နှစ်ပတ်လည် နေ့အထိမ်းအမှတ် ဗုဒ္ဓဖြစ်စဉ် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပပြီး ဆုပေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ဓမ္မစကူးလ်ကျောင်း ၃၀ မှ ကျောင်းသားကျောင်းသူ ၂၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခြင်း၊ သံဃာ အပါး ၂၀၊ ဓမ္မစကူးလ် ကျောင်းများမှ ဆရာ ဆရာမများ ၊ ကျောင်းအကျိုးဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းဇော်**

# မိုးညို၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**မိုးညို ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို ဧပြီ ၂၀ ရက်က ဖွင့်လှစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး လှိုင်ကျော်မြင့်နှင့် မှုခင်းမှတ်တမ်းတာဝန်ခံဒုရဲအုပ်မျိုးကျော်ဝင်းတို့ကဦးစီးဖွင့်လှစ်ပို့ချရာ ရေကင်း၊ ထိန်တော၊ မိုးညို၊ ဆင်မနိုင်စခန်းများမှ အရာရှိများနှင့် အခြားအဆင့်များ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့် မည်ဖြစ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂီတာအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

*ယမန်နေ့မှအဆက်*

### ဂီတာ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ကြုံကြုံဖန်ဖန် (ယိုးဒယား)
- (ခ) အောင်မင်္ဂလာ (ယိုးဒယား)
- (ဂ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဃ) ပုံပမာ (ကြိုး)
- (င) ပပဝင်းဝင်း (ပတ်ပျိုး)
- (စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (ဆ) အမင်းမင်းခရ (သီချင်းခံ)
- (ဇ) မန္တလာဘုံ (ဘွဲ့)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ထူးမခြားနား (သီချင်းခံ)
- (ခ) စန္ဒကိန္နရီ (ကာလပေါ်)(ဒေါ်လှရွှေ)
- (ဂ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) နန်းဘုံသီဟာဘွေ (ယိုးဒယား)
- (ခ) မာနရှင် (ကာလပေါ်)(ပြည်လှဖေ)
- (ဂ) ဇေယျာအောင်ချာ (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊အမျိုးသမီး)
- (က) ရတုဘုရင် (ကာလပေါ်)(မောင်မောင်ညွှန့်)
- (ခ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၅။ အခြေခံပညာ(၂၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြန်ခန်းကျွန်းတွင်း (ကြိုး)
- (ခ) လူမနော (ပတ်ပျိုး)
- (ဂ) စပယ် (ကာလပေါ်)(မောင်မောင်ညွှန့်)

### ဒုံမင်း

၁။ ဝါသနာရှင်(ပထမတန်း) အဆင့်(အမျိုးသား၊အမျိုးသမီး)
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဂ) မန္တလာဘုံ (ဘွဲ့)
- (ဃ) ခိုင်ပန်းစုံ (ယိုးဒယား)
- (င) အောင်မြေမြမန်း (ပတ်ပျိုး)
- (စ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဆ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
- (ဇ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ခ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဂ) နတ်ရှင်နောင် (ကာလပေါ်) (ပြည်လှဖေ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ရှင်သီဝလိ (ကာလပေါ်) (ပြည်လှဖေ)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) ဆန်းဆန်းသဥ္ဇာကြာညောင် (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀) အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သောင်းသောင်းညံ (ယိုးဒယား)
- (ခ) ဓမ္မစကြာ (ကာလပေါ်)(ဒေါ်ကြည်အောင်)
- (ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅) အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) ချစ်ရေစင် (ကာလပေါ်) (ဒေါ်မေရှင်)
- (ဂ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

### ဆိုင်း

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) တောင်ယံတောလေး (မွန်)
- (ခ) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
- (ဂ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- (ဃ) ညာသပြေဘောင် (ကြိုး)
- (င) ယသော်ဓရာ (ယိုးဒယား)
- (စ) သောင်းရွှေလယ် (ယိုးဒယား)
- (ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဇ) ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနံ့(လေးထွေသံကပ်)

၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ရေယမုံ (ပတ်ပျိုး)
- (ခ) တောမြိုင်စွန်း (ယိုးဒယား)
- (ဂ) အမင်းမင်းခရ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ကြောက်ဖွဲ့ဘုန်းတန်း (ကြိုး)
- (ခ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ခ) သေနင်္ဂမည် (ပတ်ပျိုး)
- (ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) လာချေပြီ(ကြိုး)
- (ခ) ရွှေပြည်ကြီးဧရာ (ကြိုး)
- (ဂ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)



# ဘက်စုံပညာထူးချွန်(လူရည်ချွန်) ကျောင်းသား ကျောင်းသူများကိုဂုဏ်ပြု

မုံရွာ မေ ၂၃

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေး ခန်းမ(၁)တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘက်စုံပညာထူးချွန်(လူရည်ချွန်) ကျောင်းသား ကျောင်းသူ လူရည်ချွန် မောင်/မယ်များ သြဝါဒခံယူပွဲကို မေ ၂၂ ရက်က ကျင်းပသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း လူရည်ချွန်ပေါင်း ၈၀၀၀ နီးပါးမွေးထုတ်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ၎င်းတို့အားလုံးနီးပါးသည် တိုင်းပြည်အင်အားအဖြစ် ယနေ့အချိန်တွင် အဆင့်မြင့်နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေကြကြောင်း၊ ၂၄ နှစ်တာကာလအတွင်း ခုနစ်ထပ်ကွမ်း လူရည်ချွန်နှစ်ဦး၊ ခြောက်ထပ်ကွမ်းလူရည်ချွန် ၁၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၅ နှစ်ကြာမေ့ပျောက်ခဲ့သော လူရည်ချွန်(ဘက်စုံပညာထူးချွန်)များကို နိုင်ငံတော်က ယခင်နှစ်မှစတင်ပြီး ပြန်လည်ရွေးချယ်ချီးမြှောက်နေပြီဖြစ်ကြောင်း၊ ပထမအကြိမ်အဖြစ် တစ်နိုင်ငံလုံး လူရည်ချွန် ၅၁၀၊ ဒုတိယအကြိမ်တွင် ၅၂၅ ဦး ရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း မိမိတို့တိုင်းဒေသကြီးအတွင်းမှ အဋ္ဌမတန်း လူရည်ချွန် ၂၀၊ နဝမတန်း လူရည်ချွန် ၂၀၊ တက္ကသိုလ်ဝင်တန်း လူရည်ချွန် ၂၀ စုစုပေါင်း ၆၀ ကို ယခင်နှစ်များနည်းတူ ရွေးချယ်ပြီး သက်ဆိုင်ရာ အပန်းဖြေစခန်းများတွင် သွားရောက်ကြရမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက်ဝန်ကြီးချုပ်က ဘက်စုံပညာထူးချွန် (လူရည်ချွန်) ကျောင်းသားကျောင်းသူ မောင်/မယ်များအား ထောက်ပံ့ငွေနှင့် ဂုဏ်ပြုပစ္စည်းများ ပေးအပ်ပြီး သုံးထပ်ကွမ်းလူရည်ချွန် မောင်ရှမွေလကျော်နိုင်ဦး (အထက-၁ ကလေး)က ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘက်စုံထူးချွန်(လူရည်ချွန်) ဆုရ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၂၀ သည် ပုဂံလူရည်ချွန်စခန်းတွင်လည်းကောင်း၊ နဝမတန်း ကျောင်းသား ကျောင်းသူ ၂၀ သည် အင်းလေး ခေါင်တိုင် လူရည်ချွန်စခန်းတွင်လည်းကောင်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ ၂၀ သည် ငွေဆောင်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတို့တွင် သွားရောက်အပန်းဖြေလေ့လာကြမည် ဖြစ်ကြောင်း၊ အဆိုပါ လူရည်ချွန်မောင်မယ်များသည် မေ ၂၄ ရက်တွင် သက်ဆိုင်ရာ အပန်းဖြေစခန်းများသို့ သွားရောက်ကြရမည်ဖြစ်ပြီး ၂၆ ရက်တွင် ဖွင့်ပွဲအခမ်းအနားများကို ကျင်းပကာ မေ ၃ ရက်အထိ သက်ဆိုင်ရာ အပန်းဖြေစခန်းများတွင် လေ့လာကြမည်ဖြစ်ကြောင်း၊ မေ ၄ ရက်တွင် နေပြည်တော်စုပေါင်းစခန်းသို့ ပြန်လည်ဝင်ရောက်ကာ ကင်းထောက်လူငယ်များနှင့်တွေ့ဆုံပြီး စခန်းသိမ်းပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဒါနသုခလူမှုကူညီရေးအသင်းမှ လူမှုရေးကိစ္စများ ဆောင်ရွက်

**အင်းတော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်မြို့တွင် ဒါနသုခလူမှုကူညီစောင့်ရှောက်ရေးအသင်းမှ လူမှုကူညီရေးလုပ်ငန်းများကို ၂၄ နာရီအချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းဒါနသုခလူမှုကူညီရေးအသင်းကို စနစ်တကျဖွဲ့စည်းထားပြီး လူနာထောက်ပံ့အဖွဲ့တွင် အဖွဲ့ဝင် ၃၀ ရှိကြောင်း၊ လူမှုကူညီရေးလုပ်ငန်းများကို ၂၄ နာရီပတ်လုံး ဝန်ဆောင်မှုအပြည့်အဝဆောင်ရွက်ပေးနေကြောင်း အချိန်ပိုင်းအဖွဲ့များဖြင့် နေ့စဉ် နံနက် ၈ နာရီမှ နောက်နေ့ နံနက် ၈ နာရီအထိ ကူညီရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းပိုင်အဖြစ် တစ်ဦးတစ်ယောက်တည်း လှူဒါန်းထားခြင်းမဟုတ်ဘဲ အင်းတော်မြို့ပေါ်ရှိ စေတနာရှင်များ စုပေါင်းမတည်လှူဒါန်းထားသည့် မော်တော်ယာဉ်လေးစီးဖြင့် ကူညီရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒါနသုခလူမှုကူညီရေးအသင်း ဖုန်း -၀၉-၄၇၀၆၈၃၇၆ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

လူနာအခြေအနေပေါ်ကြည့်ရှု၍ သင့်တော်သည့်ကားဖြင့် မြန်မာနိုင်ငံအတွင်း မည်သည့်မြို့ရွာကိုမဆို လိုက်လံပို့ဆောင်ကူညီပေးလျက်ရှိကြောင်း ၂၀၁၅ ခုနှစ်မေ ၃ ရက် ည ၁၂ နာရီတွင် ထီးချိုင့်မြို့နယ် ဒိုးပင်တောင် ကျောင်းကုန်းအဆင်းတွင် ဗန်းမော်-မန်းခရီးသည်တင်မော်တော်ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခရီးသည်များကို အင်းတော်မြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး လူနာများကို စောင်၊ ခေါင်းအုံး၊ နံနက်စာ ထမင်းဟင်းများကို ဒါနသုခလူမှုကူညီရေးအသင်းကြီးက လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၁၇၁)**

# မီးဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**စလင်း မေ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဒေါင့်ဘိုးကျေးရွာတွင် မေ ၁၃ ရက်က လူနေအိမ်ခြောက်လုံး မီးလောင်ခဲ့သည်။ မီးဘေးသင့်အိမ်ထောင်စု ခြောက်စုအား မီးဘေးကယ်ဆယ်ရေးအကူအညီပေးအပ်ပွဲကို မေ ၁၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်က အလှူငွေကျပ် ၁၂၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်က ဆန်အိတ် ၁၀ လုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဆန်အိတ် ၁၁ လုံး၊ ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးခင်မောင်ရှိန်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက မိသားစုသုံး၊ မီးဖိုချောင်သုံး၊ ကျန်းမာရေးသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ရေသန့်ဘူးကြီးများ စသည့် ပစ္စည်းငါးမျိုး၊ တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၇၂ သိန်းကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေးအတွက် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး၊ စိစစ်ရွေးချယ်ရေး ကော်မတီ မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးအကောင်းဆုံးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့် တာဝန်ရှိသူများနှင့် မေ ၂၁ ရက်က နောင်ချိုမြို့နယ်ရှိ အမှတ်(၂) အင်းဝိုင်းသကြားစက်ရုံ၊ ကုန်းသာကျေးရွာအုပ်စုရှိ ကုမ္ပဏီကတည်ဆောက်ထားသော မူလတန်း စာသင်ကျောင်း၊ မွေးမြူရေးခြံများ၊ (JAP) စံပြနည်းစနစ်သစ်ဖြင့် စိုက်ပျိုးထားသည့် ကြံစိုက်ခင်းများကို အမှတ်(၁)သကြားစက်အတွင်း လယ်ယာသုံးစက်ကိရိယာများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ငွေရည်ပုလဲကုမ္ပဏီမှ ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်များအတွင်း ကျေးရွာ ၂၁၆ ရွာ၊ တောင်သူ ၄၁၄၉ ဦး၊ အကျိုးဆောင်တောင်သူအဖြစ် စည်းရုံးပြီး (၂၀၁၄-၂၀၁၅) ကြံရာသီတွင် စက်သွင်းကြံအတွက် ဧက ၃၅၀၀၀၊ မျိုးပွားရန် ၂၁၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး ကြံရာသီတွင် ကြံတောင်သူ ၃၃၀၀ ကို စက်သွင်းကြံ ဧက ၂၄၀၀၀ စိုက်ပျိုးစေခဲ့ပြီး ကြံတန်ချိန်လေးသောင်း ကြိတ်ခွဲနိုင်ကြောင်း သိရသည်။ **(၀၆၁)**

# ကမ္ဘာ့စာအုပ်များနေ့ ကျင်းပမည်

**ရန်ကုန် မေ ၂၃**


“ကမ္ဘာ့စာအုပ်များနေ့ ” အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်၌ မေ ၃၀ ရက်တွင် အစီအစဉ်များ ပြုလုပ်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းတွင် အသက် ၅ နှစ် မှ ၁၁ နှစ်အတွင်း ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပခြင်း၊ မွန်းလွဲပိုင်းတွင် ကလေးများကို ဗြိတိသျှကောင်စီမှ ဆရာတစ်ဦးက စိတ်ဝင်စားဖွယ်ပုံပြင်များဖတ်ပြခြင်း၊ ညနေ ၅ နာရီတွင် စာရေးဆရာဟိန်းလတ်က “နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့စာပေနိဒါန်း” ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲဆွေးနွေးသွားမည်ဖြစ်သည်။

အထက်ပါအစီအစဉ်ကို တက်ရောက်လိုသူများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲဝင်ရောက်လိုသူ ကလေးများအနေဖြင့် မေ ၂၈ ရက်နောက်ဆုံးထား၍ ဗြိတိသျှကောင်စီသို့ ၎င်းအွန် လိုင်းလိပ်စာဖြစ်သည့် www.surve ymon-key.com/s/ bc-world- bokday သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



# ဓမ္မတာမျိုးဆက် ထင်းများအား ဒေသခံကျေးရွာသို့ဝေငှ

**နတ်မောက် မေ ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောထိန်းလုပ်ငန်းစဉ်ရှစ်ရပ်မှ တစ်ခုဖြစ်သော ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀မှ ထွက်ရှိသည့် ထင်းများကို နတ်မောက်မြို့နယ် လျှော်ချောင်းကြီးကျေးရွာအုပ်စု လ/တံခွန်တိုင်ကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော လ/တံခွန်တိုင်ကျေးရွာ နေပြည်သူများအား နတ်မောက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးထိုက်လွင်ဦးနှင့် ဝန်ထမ်းများ၊ လျှော်ချောင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဘိုဝင်း၊ လ/တံခွန်တိုင်ကျေးရွာ ရာအိမ်မှူးတို့က ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့်ထင်း ၅ ဒသမ ၇၀၂၄ တန်ကို အိမ်ထောင်စု ၁၀ စုသို့ တစ်အိမ်ထောင်လျှင် ၀ ဒသမ ၅၇၀၂၄ တန်နှုန်းဖြင့် အခမဲ့ဝေငှခဲ့ကြောင်း သိရသည်။

**ဇင်ဝေယံလင်း**

# သမိုင်းဝင် လွှဲမုတ်တောင်တော်စေတီသို့ သွားရာလမ်း ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်ရန် ဒေသခံတို့ မျှော်လင့်



**မော်လူး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သမိုင်းဝင် လွှဲမုတ်တောင်စေတီတော်သို့ သွားရာလမ်းကို ပြုပြင်လျက်ရှိရာသဲကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ပါက နွေမိုးဆောင်းရာသီမရွေး လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သမိုင်းဝင် လွှဲမုတ်တောင်စေတီတော်သို့ သွားရာလမ်းကို ၂၀၁၅ မတ် ၁၃ ရက်က မော်လူး ဒက္ခိဏာရာမ ကျောင်းတိုက် ဆရာတော် ဦးဝါယမ၊ ဝေဘူဝေဘာ တောရကျောင်းဆရာတော် ဦးအာဒိစ္စနှင့်လွှဲမုတ်တောင်ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များမှ ဦးဆောင်ကာ လမ်းဖောက်လုပ်ရေး တာဝန်ခံ ဦးမျိုးသန့်နှင့် ဒေသခံပြည်သူများက အရှည်ပေ ၆၀၀၀ ကျော်၊ အကျယ်ပေ ၃၀ရှိ မြေသားလမ်းကို ဘက်ဟိုးယာဉ်ဖြင့် စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ တောင်ခြေမှ တောင်ပေါ်အထိ မော်တော်ယာဉ်ငယ်များဖြင့် အလွယ်တကူသွား ရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း ဆက်လက်၍ နွေမိုးဆောင်းရာသီမရွေးသွားလာနိုင်ရန် မြေသားလမ်းမှသဲကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင် လုပ်ဆောင်သွားရန် ဒေသခံများ လိုအပ်လျက်ရှိကြောင်း၊ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျပ်သိန်း ၁၂၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

"အရင်က ဒီဘုရားဟာ မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ်ကတည်းက အနောက်မြစ် တောင်ကုန်းမြို့သား ဦးသဝေရက စတင်ပြီးတော့ တည်ထားကိုးကွယ်ခဲ့တဲ့ လွှဲမုတ်တောင်စေတီပါ။ ဒီစေတီရဲ့ ဒါယကာကတော့ ဦးဖိုးနဲ့ပြည်သူကောင်းမှုလို့ စေတီတော်ကျောက်စာမှာ တွေ့ရပါတယ်။ ယခင်ကစေတီတစ်ဆူပဲရှိခဲ့ပေမယ့် ခုအခါမှာ စေတီတော် သုံးဆူ ရှိသွားပါပြီ" ဟု သမိုင်းဝင် လွှဲမုတ်တောင်စေတီတော်မြတ်သို့ သွားရာလမ်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးမျိုးသန့်ကပြောကြားသည်။

စေတီတော်များအား ပြုပြင်ထိန်းသိမ်းခြင်းမရှိခြင်း၊ နှစ်ကာလ ကြာမြင့်ခြင်း၊ ရာသီဥတုဒဏ်ခံစားရခြင်းတို့ကြောင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လျက်ရှိပြီး ယမန်နှစ်က ကျောင်းထိုင်ဆရာတော်ဦးစီးကာ တောင်ပေါ်အထိ မော်တော်ကားလမ်း မြေသားလမ်းကို ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည်။ သောက်သုံးရေကိုလည်း စိမ့်ရေပေါက်မှတစ်ဆင့် ရေပိုက်များဖြင့်သွယ်ယူထားခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ပါက လွယ်ကူအဆင်ပြေလျက်ရှိကြောင်းသိရသည်။

"လွှဲမုတ်တောင်စေတီဟာ ဒုတိယကမ္ဘာစစ်မတိုင်ခင်က ပွဲတော်ရစေတီ တစ်ဆူပါ။ စစ်ဖြစ်တဲ့အခါ ပွဲတော်မကျင်းပတော့ပါဘူး။ အရင်က ပွဲခင်းနေရာတွေ တောင်ခြေမှာကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်နိုင်ခဲ့ပေမယ့် ယခုအခါမှာ တောင်ယာစိုက်ခင်းတွေနဲ့ ဖြစ်သွားတာမို့ ဒါကိုလည်း ဆက်လက် အကောင်အထည်ဖော်သင့်ပါတယ်။ လွှဲမုတ်တောင်အရှင်ကြီးဟာ မော်လူးဒေသတစ်ခုလုံးကို ဘေးအန္တရာယ်ကင်းရှင်းစေဖို့ အစဉ်ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အရှင်ကြီးတစ်ပါး ဖြစ်ပါတယ်။ တကယ်ရှိတယ်လို့လည်း ရှေးလူကြီးတွေကပြောခဲ့ကြတယ်။ ဒါကြောင့်မို့ ဒီသမိုင်းဝင်လွှဲမုတ်တောင် စေတီတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ဦးမျိုးသန့် (ကသာ-မော်လူးကားဂိတ်မှူး)က ပြောပြသည်။

(၁၄၉)

# ပျဉ်းမနားအမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ၆၅ ရာခိုင်နှုန်း ပြီးစီး

ကာရန်ခ

**နေပြည်တော် မေ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် သုံးထပ်ကျောင်းဆောင်သစ်တည်ဆောက်မှု ထက်ဝက်ကျော် ပြီးစီးပြီဖြစ်ကြောင်း ကျောင်းဆောင်သစ် တည်ဆောက်ရေး တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသည် ပျဉ်းမနားမြို့လယ်တွင် တည်ရှိလျက်ရှိသော ကျောင်းဖြစ်ပြီး ကျောင်းဆောင်နှင့် ကျောင်းသား ဦးရေ မမျှတသဖြင့် ကျောင်းသားကျောင်းသူများ၏စက်ဘီးများကို ကျောင်းပြင်ပလမ်းပေါ်တွင် ထားရှိနေကြရသည်။

ယခုကဲ့သို့ နိုင်ငံတော်မှချမှတ်ပေးသော ပညာရေးဘတ်ဂျက်ဖြင့် ၂၀၁၅ ဇန်နဝါရီမှ စတင်၍ငါးခန်းတွဲ သုံးထပ်ကျောင်းဆောင် တည်ဆောက်လျက်ရှိရာ ကျောင်းဆောင်သစ်ကြီးပြီးစီးသွားပါက စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသားကျောင်းသူ ၇၀ ခန့်ဖြင့် အခန်း ၁၅ခန်းတွင် ၁၀၅၀ ဦးခန့်ကို နေရာချောင်ချိစွာဖြင့် စာသင်ကြားနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

ယခုအခါ ဆောက်လုပ်မှု၏ ၆၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး လာမည့် ကျောင်းဖွင့်ရာသီ ဇွန်လအမီ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်နိုင်ရေး နေ့ဆိုင်းညဆိုင်းများခွဲကာ ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေး တာဝန်ခံက ပြောကြားသည်။

နိုင်ငံတော်မှ တည်ဆောက်ပေးနေသည့် သုံးထပ်ကျောင်းဆောင်အပြင် စိုးလျှပ်စစ်ကုမ္ပဏီကလည်း သုံးထပ် ကျောင်းဆောင်သစ် တစ်ဆောင်ကို ထပ်မံတည်ဆောက်ပေးနေပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ ကျယ်ဝန်းသေသပ်စွာ ပညာသင်ယူနိုင်ကြတော့မည် ဖြစ်ကြောင်းသိရသည်။



# နိုင်ငံတကာပညာရေး ပြည်တွင်းမှာပင် တက်ရောက်သင်ယူရန် လူငယ်များ စိတ်ဝင်စားလာ




**ရန်ကုန် မေ ၂၃**

ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် ပူးပေါင်းသင်ကြားလျက်ရှိသော STI Myanmar University မှ ဗြိတိသျှအစိုးရတက္ကသိုလ် University of Bedfordshire နှင့် အပြန်အလှန်သဘောတူညီမှုရရှိထားခဲ့ပြီး မြန်မာကျောင်းသားများ ပြည်တွင်းမှာပင် သင်ယူနိုင်မည့် ဘွဲ့လွန်နှင့်ဘွဲ့ကြိုတန်းများ သင်ကြားဖွင့်လှစ်ရေး၊ STI Myanmar University မှ Advanced Diploma ကျောင်းသားများသည် University of Bedfordshire ၏ နောက်ဆုံးနှစ် ဂုဏ်ထူးတန်းများတွင် တက်ရောက်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အကြားပူးတွဲသုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် သင်ကြားရေးဆိုင်ရာ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရေးအတွက် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာနာမည်ကြီးတက္ကသိုလ်များမှ သင်ရိုးများနှင့်အသိအမှတ်ပြုခြင်းများကို ပြည်တွင်းမှာပင် ရယူသင်ကြားခွင့်ရရှိစေရန် လူငယ်များနှင့် မိဘများက ပိုမိုလိုလားချက်မြင့်တက်လာကြောင်း STI Myanmar University ဗိုလ်တထောင်နယ်မြေမှ သင်ကြားရေးတာဝန်ခံက ပြောကြားသည်။

"မိဘတွေနဲ့ လူငယ်တွေအများစုက ကုန်ကျစရိတ်သက်သာပြီး ကိုယ့်တိုင်းပြည်ထဲမှာပဲ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတွေကိုလှမ်းပြီး တက်ရောက်ကြရတာမျိုးကို ပိုစိတ်ဝင်စားတယ်။ ပြည်ပမှာသွားရောက် ပညာသင်ကြားတာထက် ကုန်ကျစရိတ် ထက်ဝက်ကျော်သက်သာတဲ့အပြင် ပြည်တွင်းက တက္ကသိုလ်ပညာရေးနဲ့ တွဲဖက်ပြီး နှစ်ဖက်စလုံးက ဘွဲ့ရရှိအောင်ကြိုးစားလိုကြတာကို တွေ့ရတယ်" ဟု STI Myanmar University မှ ဗိုလ်တထောင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ သင်ကြားရေး တာဝန်ခံက ပြောကြားသည်။

ကျောင်းသားကျောင်းသူ အများစုမှာလည်း တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသည်နှင့် တစ်ပြိုင်နက်သင့်လျော်ရာ သင်တန်းများကို ကြိုတင် တက်ရောက်ရာ အလုပ်အကိုင်အခွင့်အလမ်းအတွက် အထောက်အကူဖြစ်စေမည့် အိုင်တီနှင့်စီးပွားရေး စီမံခန့်ခွဲမှု ဘာသာရပ်တို့မှာ စိတ်ဝင်စားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

"လက်ရှိ STI အနေနဲ့ စီးပွားရေး၊ အင်ဂျင်နီယာဘာသာရပ်တွေအပြင် သင်ကြားရေးဆိုင်ရာအတတ်ပညာနဲ့ အလှအပရေးရာ ပညာရပ်တွေကို နိုင်ငံတကာ ဒီဂရီ၊ ဘွဲ့နဲ့ ဂုဏ်ထူးတန်းအဆင့်အထိ ဖွင့်လှစ်ပေးနေတာဖြစ်ပါတယ်။ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်မှာရော STIK ရွှေဘုံသာကျောင်းနဲ့ MICT park ကကျောင်းတွေမှာရော ဖွင့်ရခြင်းရဲ့ ရည်ရွယ်ချက်က အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်တွေ ထွက်ပေါ်လာဖို့ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေအနေနဲ့ အခုနောက်ပိုင်းမှာ မိဘနဲ့ရင်အုပ်မကွာ နိုင်ငံတကာ ပညာသင်ကြားမှုကို ရရှိလာခြင်းက အလွန်ကောင်းပါတယ်။ သို့သော် ကျောင်းသားကျောင်းသူတွေအနေနဲ့ ရွေးချယ်မယ့် တက္ကသိုလ်ကို စနစ်တကျ တိုင်ပင်ရွေးချယ်သင့်ပြီး အများစုက စီးပွားရေးဆန်တဲ့ တက္ကသိုလ်တွေဖြစ်တာကြောင့် တတ်ကျွမ်းသူ ဘာသာရပ်ကျွမ်းကျင်မှုဆိုင်ရာ ပညာရှင်တွေနဲ့ တိုင်ပင်သင့်တယ်"ဟု ဗိုလ်တထောင်နယ်မြေ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်မှ STI ၏ သင်ကြားရေးတာဝန်ခံက ပြောကြားသည်။

စီးပွားရေး၊ ဘဏ်စနစ်နှင့် စီမံခန့်ခွဲမှုပညာဆိုင်ရာ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဂုဏ်ထူးတန်းများ၊ ဗိသုကာ ၊ ဆောက်လုပ်ရေးနှင့် အဆောက်အအုံဆိုင်ရာ အင်ဂျင်နီယာဘွဲ့များကို လူငယ်အများစု စိတ်ဝင်စားသဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

သူရဖြိုး

# သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ရွှေဘိုမြို့၌ ကျင်းပ

**ရွှေဘို မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရန်ကြီးအောင်ခန်းမ၌ မေ ၂၂ ရက် နံနက် ၈ နာရီက အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပရာ ရှေးဦးစွာ သက်ကြီးဘိုးဘွားများကို ဩကာသကန်တော့ချိုးဖြင့် ကန်တော့ကြပြီး သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးနှင့်အဘွားတစ်ဦးတို့က ဩဝါဒစကား ပြန်လည်ပြောကြားသည်။

ထို့နောက် အသက်၉၀ နှစ်အထက် သက်ကြီးဘိုးဘွား ၇၆ ဦးတို့အား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးထွန်းကိုကိုနှင့်ဦးနီပွန်၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးထူးလွင်နှင့်ဇနီး ဒေါ်ဌေးဌေးမော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့်ဇနီး ဒေါက်တာခိုင်မီမီဇင်၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီး သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

# ပုပ္ပားတောင်ကလပ် တောင်ပတ်လမ်းဖောက်လုပ်ရန် လမ်းအူကြောင်းများစတင်ရှာဖွေနေ

**ကျောက်ပန်းတောင်း ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်သည် မြန်မာပြည်အလယ်ပိုင်း၏ အထင်ကရ နေရာများအနက် တစ်ခုဖြစ်သည့် အပြင်၊ ရွှေစက်တော်ဘုရားနှင့် ပုဂံယဉ်ကျေးမှုနယ်မြေများသို့ မြန်မာပြည်အထက်ပိုင်းဒေသများမှ ဘုရားဖူးလာရောက်ကြသူများအတွက် ခရီးတစ်ထောက်ဝင်ရောက်၍ ဘုရားဖူးခြင်း၊ နတ်ပွဲတင်ခြင်း၊ နတ်ပြခြင်းနှင့် ဘိုးတော်ပွဲထိုးခြင်းစသည်ဖြင့် ယုံကြည်မှု အမျိုးမျိုးဖြင့် လာရောက်ကြလေ့ရှိသော နေရာတစ်ခုဖြစ်သည်။ အဆိုပါ တောင်ကလပ်တောင်ခြေဝန်းကျင်သည် ဘုရားဖူးကာလများတွင်မော်တော်ယာဉ်ရပ်နားမှုကျပ်တည်းခြင်း၊ အဝင်အထွက်ခက်ခဲ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် မော်တော်ယာဉ်များ သွားလာဝင်ထွက်မှု လွယ်ကူစေရန် တောင်ကလပ်ပတ်လမ်း ဖောက်လုပ်ရန်အတွက် မြို့နယ်တာဝန်ရှိသူများနှင့်တောင်ကလပ်ဂေါပကအဖွဲ့ဝင်များက ဧပြီ ၂၁ ရက်တွင် ကနဦးလမ်းအူကြောင်း ရှာဖွေမှုလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကနဦးလမ်းအူကြောင်းမှာ တောင်ကလပ်တောင်ဘက် ကြေးသွန်းဘုရားကြီးအခြေမှ ကြပ်ကန်အဆင်းလမ်း၊ ထိုမှတစ်ဆင့် ကျောက်တစ်လုံးတောရအနီးမှကျောက်ကိုးလုံးတောရကျောင်းနှင့် သီလတောင်တို့ကိုဖြတ်၍ ညောင်ပင်ဆိပ်-တောင်ကလပ်လမ်း(ဒေသအခေါ်-အောက်ကျောင်းလမ်း)သို့ရောက်ရှိမည်ဖြစ်ကြောင်းသိရပြီးခရီးအကွာအဝေးမှာ၂ ဒသမ ၅ မိုင်ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ တောင်ကလပ်ဒေသသည် နှစ်စဉ်ဘုရားဖူးရာသီဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအပြင် ဘိုးတော် အောင်မင်းခေါင် ထွက်ပွဲကျင်းပသည့် ဩဂုတ်လများတွင် ဘုရားဖူးအများဆုံးလာရောက်လေ့ရှိကြောင်းသိရပြီး အဆိုပါကာလများတွင် မော်တော်ယာဉ်များ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လေ့ရှိသည့်အပြင် တောင်ကလပ်အခြေတွင် ဈေးသည်များ စည်းကမ်းမဲ့နေရာချဲ့ထွင်ရောင်းချခြင်းနှင့်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များစည်းကမ်းမဲ့ရပ်တန့်မှုများကြောင့် ဘုရားဖူးကာလရောက်တိုင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ယခုကဲ့သို့ တောင်ပတ်လမ်းဖောက်လုပ်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ တောင်ပတ်လမ်းဖောက်လုပ်မှုပြီးစီးပါက ယာဉ်ကြောပိတ်ဆို့မှုများကိုဖြေလျှော့နိုင်မည်ဖြစ်သည့်အပြင် တောင်ကလပ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးရေးကိုလည်း ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းအူကြောင်းရှာဖွေမှုသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်းသိရသည်။

**နေအောင်(iprd)**

## ရေစကြိုမြို့နယ်အတွင်း မိုးသက်လေပြင်းကျရောက်

**ရေစကြို ဧပြီ ၂၃**

ရေစကြိုမြို့နယ်တွင် ဧပြီ ၂၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မိုးသက်လေပြင်းတိုက်ခတ်သဖြင့် မြို့ပေါ်ရှိ သစ်ပင်သစ်ကိုင်းများ ကျိုးကျခဲ့သောကြောင့်ရေစကြိုမြို့ပေါ်ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြိုးပြတ်ခြင်း၊ လမ်းမီးတိုင်အချို့ကျိုးခြင်း၊ လူနေအိမ်သွပ်မိုးများ ပြုတ်ထွက်ခြင်း၊ အိမ်အချို့သစ်ပင်ပိခြင်း၊ ဆောက်လုပ်ဆဲမိုးလုံလေလုံ အားကစားရုံ၊ သွပ်မိုးအချို့ပြုတ်ထွက်ခြင်း၊ ရွှေချောင်းကျေးရွာ ၁၁ကေဗွီအေ ဓာတ်အားလိုင်းပြုတ်ကျခြင်းများ ဖြစ်ပွားခဲ့သည်ဟု သိရသည်။

ထိုသို့ဖြစ်ပွားခဲ့သဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ SAE ဦးထက်အောင်နိုင် ဦးဆောင်သည့် လျှပ်စစ်ဝန်ထမ်းများသည် ရွှေချောင်းကျေးရွာ ၁၁ ကေဗွီအေ ဓာတ်အားလိုင်းပြုတ်ကျကာ လျှပ်စစ်မြစ်ရေတင် ဓာတ်အားလိုင်းပေါ်တင်နေခြင်းကြောင့် ရှော့ခ်ဖြစ်ကာ မြစ်ရေတင်လုပ်ငန်းမှ ဓာတ်အားပြတ်တောက်သွားသဖြင့် မြစ်ရေတင်စိုက်ခင်းများ ထိခိုက်မှုမရှိစေရန် ပြုပြင်လျက်ရှိကြောင်းသိရသည်။

လေပြင်းတိုက်ခတ်မှုများကြောင့် အဆိုပါမြို့နယ်အတွင်းရှိ ရွာသစ်၊ သပြေပင်၊ ထန်းချောင်း၊ ခင်မွန်၊ ရှစ်အိမ်တန်း၊ သူဌေးကုန်း၊ ညောင်ပင်သာ၊ ချင်းယား၊ မိုးကွဲနှင့် မိုးဖြူကျေးရွာများတွင် ထန်းပင် ၅၀၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ စေတီတစ်ဆူ၊ စာသင်ကျောင်း ခြောက်ကျောင်း၊ လူနေအိမ် ၃၆ လုံးနှင့် တဲလေးလုံးပျက်စီးဆုံးရှုံးခဲ့ပြီး လူတစ်ဦးနှင့် နွားတစ်ကောင်သေဆုံးခဲ့ကြောင်း သိရသည်။

ရွှေချောင်းကျေးရွာအရှေ့ဘက်ခြမ်းတွင် ဆီးကင်းခန့် မိုးသီးများကြွေကျခဲ့ပြီး ၃၅ မိနစ်အတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်မှာ ၀ ဒသမ ၇၅ လက်မရှိကြောင်း သိရသည်။

သစ်ပင်သစ်ကိုင်းများကျိုးကျကာ ၄၀၀ ဗို့ဓာတ်အားလိုင်းများ ထိခိုက်မှုရှိသဖြင့် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးကြစေရန် သတိပြုသွားလာကြရန် အသံချဲ့စက်ဖြင့် လှည့်လည်သတိပေးလျက်ရှိသည်။

**အိမွန်ဆွေ (ရေစကြို)**

## ကျွန်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့်အားကစားရုံ၊ ကျောင်းဆောင်နှင့် လူနေအိမ်အဆောက်အအုံအချို့ ပျက်စီးမှုကြုံ

**ကျွန်းလှ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဧပြီ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်က ဌာနဆိုင်ရာ အဆောက်အအုံအချို့ပျက်စီးသွားကြောင်း သိရသည်။



လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံ။

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားရုံမှ သွပ်ချပ် ၄၀ ခန့်နှင့် ငှက်ကြီးသိုက်ကျေးရွာ (အမက) ကျောင်းဆောင်၊ သရက်တော ကျေးရွာ (ဘအင်း) အမက ကျောင်းဆောင်နှင့် တောင်ယာဆိပ်ကျေးရွာ မူလွန်ကျောင်းဆောင်တို့မှာ သွပ်များလန်ကျ ပျက်စီးသွားကြောင်း သိရသည်။

ထိုကျောင်းဆောင်များမှာ ယခင်ကတည်းက အန္တရာယ်ရှိကျောင်းဆောင်များဖြစ်သောကြောင့် ဖျက်သိမ်းခွင့်တင်ထားကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထို့အပြင် ကျောက်အိုင်ကျေးရွာအုပ်စု ဆင်စွယ်ကျေးရွာကျောင်းဆောင် (ဟောင်း) တွင် သွပ် ၃၂ ချပ်နှင့် လိပ်ဆင်းတောင်ကျေးရွာအုပ်စု ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံ မျက်နှာကြက် ဘိလပ်မြေပြား၂၁ ချပ် ကွာကျပျက်စီးသွားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်၍ပျက်စီးရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများဝင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက စုပေါင်းကာ ရွာသူ ရွာသားများ ပူးပေါင်းပါဝင်လျက် ပျက်စီးဆုံးရှုံးသည့် နေရာများသို့ သွားရောက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်တာဝန်ရှိသူများထံမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## စစ်ကိုင်းမြို့တည် နှန်းတည်နှစ်(၇၀၀)ပြည့် အထိမ်းအမှတ် ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်ကိုင်း ဧပြီ ၂၃**

စစ်ကိုင်းမြို့တည် နန်းတည်နှစ်(၇၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ ငြိမ်းသီရိဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၃၆ သင်းတို့မှ အသင်းအုပ်ချုပ်သူများ၊ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားကာ အတွင်းအရေးမှူးက တက်ရောက်လာသည့် အသင်းကိုယ်စားလှယ်များကို ပြိုင်ပွဲစည်းကမ်းများ ရှင်းလင်းပြောကြားပြီး ပထမအဆင့်အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို မဲနှိုက်ရေးဆွဲကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၆ သင်းတို့က အုပ်စု ၁၂ အုပ်စုတွင် ပါဝင်ကြကာ မေ ၄ ရက်မှ ဇွန် ၁၀ ရက်အထိ စစ်ကိုင်းခရိုင်အားကစားကွင်း၌ ပထမအဆင့်အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် မေ ၄ရက်တွင် (က)အုပ်စုမှ မိုးမင်းအသင်းနှင့် ABY အသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို စစ်ကိုင်းဇာတိ သီရိပျံချီ ဦးခင်အောင်မြင့် (ဗိုလ်ချုပ်-ငြိမ်း) ပြည်ထောင်စုဝန်ကြီး (ဆောက်လုပ်ရေးဝန်ကြီးဌာန -ငြိမ်း)က အဓိကပံ့ပိုးမှုဖြင့် ကျင်းပပေးကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရအသင်းများကို ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရွှေစောလူးအင်းမှ မနောသုခစတင်ရိတ်သိမ်းရာ တစ်တင်းငွေကျပ် ၄၀၀၀ နှုန်းအထိ ဈေးရရှိ

**မြင်းမူ ဧပြီ ၂၃**

မြင်းမူမြို့ ရွှေစောလူးအင်းအတွင်းရှိ ကွင်းအမှတ် (၁၂) တွင် မနောသုခစပါးများကို ဧပြီ ၂၁ ရက်မှ စတင်ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"အလုပ်သမား ၁၆ ဦး ဝန်းကျင်နဲ့ စခဲ့ပြီး အခုရိတ်သိမ်းချိန်မှာ အလုပ်သမား ၅၀ အထိ လုပ်အားသုံးပါတယ်" ဟု စိုက်ခင်းပိုင်ရှင်တစ်ဦးက ပြောသည်။ တစ်ဧက-၂၀ အတွက် စပါးတင်း ၁၅၀ ခန့် ထွက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

စပါးဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၄၀၀၀ နှုန်းရရှိနေပြီး မနောသုခစပါးမျိုးကို အင်းအတွင်းသာ စိုက်ပျိုးနိုင်သေးကြောင်း သိရသည်။

အဓိက အကြောင်းမှာ ရေဖူလုံစွာမရရှိခြင်းကြောင့်ဖြစ်ပြီး အင်းအတွင်း ရေတံခါးမှ အင်းချောင်းဘေးကပ်၍ ဖောက်ထားသောမြောင်းမှာ မြေပို့ခြင်း၊ ချုံနွယ်များ ထူထပ်စွာပေါက်ရောက်ခြင်းနှင့် တောင်သူများချဲ့ထွင်ခြင်းကြောင့် ပျောက်ကွယ်သွားခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ရှိရင်းစွဲရေနုတ်မြောင်းကိုပြန်လည်တူးဖော်ပေးရန် တောင်သူများက မျှော်လင့်နေကြသည်။

မနောသုခစပါးသည် တစ်လခွဲအရောက်တွင် အောင်ရေပေးရပြီး ဧရာဝတီမြစ်မှ ရေတင်သည့်အခါ နာရီ ၃၀ ခန့် ရေတင်ပါမှ လယ်ကွက်အတွက် ၁၅နာရီခန့်သာ ရေရရှိသည်။

ဧရာဝတီမြစ်ရေဖြင့် ရေစုပ်စက်အသုံးပြုစုပ်ယူ သုံးစွဲရခြင်းကြောင့် ကုန်ကျစရိတ် ပိုမိုများပြားသဖြင့် အများစုမှာ ရေမြောင်းမှတစ်ဆင့် ရေရယူနိုင်ရေး မျှော်လင့်နေကြပြီး ရေလွယ်ကူစွာရရှိပါက မနောသုခစပါးမျိုးများ ယခုထက်ပိုမိုစိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**(၀၇၉)**

## မြို့နယ်အဆင့် အခြေခံကြက်ခြေနီသင်တန်းနှင့် ကင်းထောက်လူငယ်သင်တန်းဖွင့်လှစ်

**ရပ်စောက် ဧပြီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၏ မြို့နယ်အဆင့် အခြေခံကြက်ခြေနီသင်တန်းနှင့် ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲကို အထက (ရပ်စောက်) ခန်းမ၌ ဧပြီ ၂၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဝင်းမောင်နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကျော်မြင့်သိန်းတို့က အမှာစကားပြောကြားပြီး ကြက်ခြေနီအခြေခံရှေးဦးပြုစုနည်းနှင့် ကင်းထောက်လူငယ်ဆိုင်ရာ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။ သင်တန်းကာမှာ ဧပြီ ၂၂ ရက်မှ ၂၇ရက်အထိဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ပွဲရအောင်ယူမယ့် မန်စီးတီး

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ် ပွဲစဉ် (၃၄)ကိုတော့ ဧပြီ ၂၅ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အကြိတ်အနယ် အားထုတ်ကြမယ့် မန်စီးတီး၊ လီဗာပူး၊ ဆောက်သမ်တန်တို့ရဲ့ စွမ်းဆောင်မှုတွေကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ အားကောင်းမောင်းသန်ယှဉ်ပြိုင်ကြမယ့် ပွဲစဉ်တွေ ဖြစ်တာကြောင့် ပရိသတ်တွေရဲ့ ရင်ခုန်လှိုက်မောစွာ အားပေးမှုနဲ့အတူ ဖြတ်သန်းကြဦးမှာပါ။

**မန်စီးတီးနှင့် ဗီလာ**

နိုင်ပွဲ အပူတပြင်းလိုအပ်နေပြီဖြစ်တဲ့ မန်စီးတီးဟာ အခုပွဲကို အလေးအနက်ထား ကစားပါလိမ့်မယ်။ အကောင်းဆုံး ကစားသမားစာရင်းနဲ့ ပွဲထွက်လာမယ့် မန်စီးတီးတို့က တိုက်စစ်မှာ အဂူရိုကိုအထောင်တိုက်စစ်ထားပြီး ဗီလာခံစစ်ကြောင်းကို ထိုးဖောက် ဖို့ စီစဉ်ပါလိမ့်မယ်။ ဗီလာတို့ကလည်း တန်းဆင်းဇုန်က လွတ်ကင်းလာပြီဖြစ်တာမို့ မန်စီးတီးကို ဖိအားကင်းကင်းနဲ့ ရင်ဆိုင်မှာ ဖြစ်ပါတယ်။ မန်စီးတီးဟာ ဗီလာနဲ့ဆုံတိုင်း နိုင်ပွဲရတာများတာမို့ အခုပွဲမှာ အစဉ်အလာမပျက်နိုင်ပွဲဆက်ပြီး တန်းစီဇယား ရပ်တည်မှု ခိုင်မြဲအောင်စွမ်းဆောင်ပါလိမ့်မယ်။



**ဝက်စ်ဘရွန်းနှင့် လီဗာပူး**

ဖိအားများနေတဲ့ လီဗာပူးတို့လည်း ဒီပွဲမှာ အဝေးကွင်းဖြစ်တာကြောင့် အားထည့်ရပါလိမ့်မယ်။ လီဗာပူးမှာ စကာတယ်နဲ့ ဂျရတ်တို့ ပါဝင်ကစားဖို့ ရှိနေတာမို့ အခြေအနေကောင်းနိုင်ပြီး ဝက်စ်ဘရွန်းအတွက် စိုးရိမ်စရာဖြစ်ပေါ်စေမှာပါ။ ဝက်စ်ဘရွန်းမှာ တိုက်စစ်မှူးတွေရဲ့ အားနည်းချက်ရှိနေပြီး ဂိုးသွင်းစွမ်းရည် ကျဆင်းနေတာမို့ လီဗာပူးခံစစ်မှူးတွေကို ခြိမ်းခြောက်နိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။ လီဗာပူးဟာ အဝေးကွင်းမှာ အမှတ်ပြည့်ရဖို့အတွက် ကြိုးစားမှုတွေ အရာထင်မယ့်ပွဲပါပဲ။

**ဆောက်သမ်တန်နှင့် စပါး**

ဥရောပဝင်ခွင့် မျှော်လင့်ချက်မြင့်မားနေတဲ့ နှစ်သင်းမို့ ဒီပွဲဟာ အပြန်အလှန်ဖိအားပေးမှုတွေ ရှိလာမယ့်ပွဲဖြစ်ပါတယ်။ ဆောက်သမ်တန်နဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲမှာ စပါးတို့ သုံးပွဲစလုံး အနိုင်ရရှိထားပါတယ်။ တိုက်စစ်၊ ခံစစ်ပိုင်း ကောင်းမွန်လာတဲ့ ဆောက်သမ်တန်တို့ဟာ အခုပွဲကို သေသေချာချာ ပြင်ဆင်ကစားရမှာဖြစ်သလို စပါးတို့ကလည်း အမှတ်ရအောင် ယူမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်လာမှာပါ။ အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

**နယူးကာဆယ်နှင့် ဆွမ်ဆီး**


နယူးကာဆယ်နဲ့ဆုံတိုင်း ဆွမ်ဆီးတို့ ရှုံးပွဲနည်းပါတယ်။ ဆွမ်ဆီးဟာ ပုံမှန်ခြေစွမ်းရနေပြီး အဲဗာတန်ကို တစ်ဂိုးစီ သရေ၊ ဟူးလ်စီးတီးကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားထားနိုင်ပါတယ်။ နယူးကာဆယ်တို့ကတော့ လောလောဆယ်မှာ ခြေစွမ်းမတည်ငြိမ်တာမို့ ဆွမ်ဆီးကို ပွဲကျပ်အဖြစ် ရင်ဆိုင်ရမှာဖြစ်ပါတယ်။ နယူးကာဆယ်က ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင်ကြိုးစားပါလိမ့်မယ်။

**ဘန်လေနှင့် လက်စတာ**

တန်းဆင်းဇုန်ထဲက နှစ်သင်းဖြစ်တာမို့ ဒီပွဲဟာ ပြင်းထန်ပါလိမ့်မယ်။ လက်စတာတို့က အိမ်ကွင်းမှာ အင်အားအပြည့် ကစားတတ်ပြီး အဝေးကွင်းမှာဆိုရင် ကစားအားကျတတ်တာမို့ ဘန်လေတို့ရဲ့ ဖိအားပေးကစားမှုကို တုံ့ပြန်ဖို့ ကြိုးစားပြင်ဆင်ရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ရလဒ်ကို ကြည့်ရင် နှစ်ပွဲသရေကျပြီး လက်စတာတို့က တစ်ပွဲနိုင်ထားပါတယ်။ ဒါပေမယ့် ဒီပွဲမှာ ဘန်လေတို့က အိမ်ရှင်စိတ်ဓာတ်နဲ့ သုံးမှတ်အပြည့်ယူဖို့ စဉ်းစားမှာပါ။

**စတုတ်နှင့် ဆန်းဒါးလန်း**

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှာ ဆန်းဒါးလန်းတို့က နှစ်ပွဲနိုင်ပြီး စတုတ်တို့က တစ်ပွဲနိုင်ထားပါတယ်။ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့ စတုတ်ဟာ ဆန်းဒါးလန်းကို မာမာကျောကျောကစားပြီး နိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ စတုတ်ရဲ့ ကစားအားကြောင့် ဆန်းဒါးလန်းတို့ အခက်တွေ့နိုင်ပေမယ့် ရှုံးပွဲကြုံရင် တန်းဆင်းဇုန်ထဲ ကျရောက်မယ့် ဆန်းဒါးလန်းတို့က ဒီပွဲမှာ အကြိတ်အနယ်ခုခံပြီး အမှတ်မရ ရအောင်စွမ်းဆောင်ပါလိမ့်မယ်။ ။




## မန်ယူနောက်တန်းမှာ ဆက်ရှိနေမယ့် စမောလင်း

မန်ယူရဲ့ အင်္ဂလန်နောက်တန်းကစားသမား ခရစ်စမောလင်းကို ၂၀၁၉ခုနှစ် ဇွန်လအထိ စာချုပ်သစ်ချုပ်ဆိုလိုက်ပါတယ်။ အသက် ၂၅နှစ်အရွယ်ရှိတဲ့ စမောလင်းဟာ ၂၀၁၀ပြည့်က ဖူလ်ဟမ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပါတယ်။ အိုးထရက်ဖို့ဒ်မှာ ပရီမီယာလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သူဟာ မန်ယူကို အချိန်တိုအတွင်းမှာ အောင်မြင်မှုတွေ ပြန်လည်ရရှိအောင် ကြိုးစားခဲ့ရာမှာ အဓိကကျတဲ့ ကစားသမားအဖြစ် ပါဝင် ကစားပေးနိုင်ပါတယ်လို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ ဒါက စိတ်လှုပ်ရှားစရာပါ။ မန်ယူမှာ ကျွန်တော့်အတွက် အမြင့်ဆုံးသော အောင်မြင်မှုတွေ ဖြစ်လာမယ်လို့ မျှော်လင့်ကြောင်း စမောလင်းက ဆိုပါတယ်။ စမောလင်းဟာ အင်္ဂလန် ယူ-၁၈၊ ယူ-၂၀ နဲ့ ယူ-၂၁ အသင်းတွေမှာလည်း ကစားခဲ့ပြီး အင်္ဂလန်အသင်းကြီးမှာတော့ ၂၀၁၁ ခုနှစ် စက်တင်ဘာလက ဘူလ်ဂေးရီးယားနဲ့ အင်္ဂလန်တို့ပွဲမှာ စတင်ကစားခဲ့တာ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းနဲ့အတူ ၁၆ ပွဲကစားထားပါတယ်။ မန်ယူ ဗဟိုခံစစ်မှူးတာဝန်ကိုတော့ ၂၀၁၀ပြည့်နှစ် ဩဂုတ်လက ချယ်လ်ဆီးနဲ့ ကွန်မြူနတီဒိုင်းလုပွဲမှာ ပါဝင်လာခဲ့ပြီးနောက် ကစားပွဲ ၁၄၇ ပွဲ ပါဝင်ကစားပေးထားပါတယ်။

## မေဝဲသားနဲ့ ပတ်ကွီယို လက်ဝှေ့ပွဲ လက်မှတ်များ မရောင်းနိုင်ဘဲဖြစ်နေ

မေ ၂ ရက်မှာ လက်စ်ဗီးဂတ်စ်မြို့မှာ ထိုးသတ်မယ့် မေဝဲသားနဲ့ ပတ်ကွီယိုတို့ရဲ့ စူပါလက်ဝှေ့ပြိုင်ပွဲအတွက် လက်မှတ်တွေ မရောင်းနိုင်သေးတဲ့အပေါ် ပြိုင်ပွဲကျင်းပသူ ဆော့အာသန်အနေနဲ့ ရှင်းမပြနိုင်ဘဲဖြစ်နေပါတယ်။ ပွဲစီစဉ်သူ MGM Grand က လက်မှတ် ၁၆၅၀၀ ရယူထားပြီး ပွဲကြည့်ပရိသတ်သို့ လက်မှတ် ၁၀၀၀ လောက်ပဲ ရောင်းချနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ MGM ရဲ့ ခွင့်ပြုချက်မရသေးတဲ့အတွက် လက်စ်ဗီးဂတ်စ်မြို့တစ်ဝန်း အရောင်းစင်တာတွေအားလုံးမှာ လက်မှတ်တွေ မရောင်းနိုင်ဘဲ ဖြစ်နေပါတယ်။ ဒီလက်ဝှေ့ပြိုင်ပွဲက လက်ဝှေ့စီးပွားရေး သမိုင်းမှာတော့ အကောင်းဆုံးပဲလို့ ပြောဆိုနေကြပါတယ်။ ဝင်ငွေအရဆုံး လက်ဝှေ့ပြိုင်ပွဲကြီးတစ်ရပ် ဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။

ဒီလက်ဝှေ့ပြိုင်ပွဲရဲ့ ဒိုင်လူကြီးတွေကတော့ ဘတ်ကလီးမန်၊ ဒါဗီမိုရက်တီနဲ့ ဂရင်းမီးမန်းတို့က တာဝန်ယူ ကြီးကြပ်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲက တကယ့်ပွဲကြီးပွဲကောင်း ပြိုင်ပွဲပါပဲ။ လက်ဝှေ့သမိုင်းမှာ လူအကြည့်ဆုံး ပြိုင်ပွဲကြီး ဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ထားကြပါတယ်။ ဝင်ကြေးအနေနဲ့ကတော့ လက်မှတ်တစ်စောင် ဒေါ်လာ ၁၅၀၀ ကနေ ၇၅၀၀ အထိ ဈေးရှိနိုင်တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် လက်မှတ်တွေကို ရောင်းချနိုင်စွမ်း မရှိသေးပါဘူး။ လက်မှတ်ခွဲဝေမှု အငြင်းပွားနေတဲ့ သဘောရှိပါတယ်။






## ဂိုးမိုးခေါင်မှုတွေ အဆုံးသတ်သွားတဲ့ နေမာ

ကောင်းမြတ်သူ-စုစည်းသည်

တိုက်စစ်မှူး နေမာဟာ ပြိုင်ဘက်တိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်တို့ ဂိုးတွေအပြိုင် သွင်းနေချိန်မှာ ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။ ဒီအတွက် ဘာစီလိုနာ ပရိသတ်တွေရဲ့ ဝေဖန်မှုတွေ ကြီးထွားလာခဲ့ပါတယ်။ တိုက်စစ်မှူး နေမာဟာ ဘရားဇီးမှ စပိန်လာလီဂါသို့ စတင်ပြောင်းရွှေ့ချိန်ကလည်း ရုန်းကန်ကြိုးစားခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ တိုက်စစ်မှူးနေမာဟာ ဂိုးတွေပြန်လည်သွင်းယူနိုင်လာခဲ့ပါတယ်။ ယခုအခါမှာတော့ နေမာဟာ ဂိုးပေါင်း ၃၀ သွင်းယူပေးထားနိုင်ပါပြီ။ တစ်နှစ်ပတ်လုံးအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ဂိုး ၃၀ အထိ သွင်းနိုင်တဲ့ တိုက်စစ်မှူးက အလွန်နည်းပါတယ်။ တကယ်တော်တဲ့ တိုက်စစ်မှူးတွေမှသာ သွင်းယူနိုင်တာပါ။ အနည်းဆုံး ဂိုး၂၀ သွင်းယူနိုင်ရင်တောင်မှ အလွန်ကောင်းတဲ့ တိုက်စစ်မှူးလို့ ပြောလို့ရပါတယ်။



သို့ပေမယ့် ဘာစီလိုနာ ပရိသတ်တွေက သူ့ရဲ့ဂိုးသွင်းမှုတွေကို စောင့်ကြည့်နေတာပါ။ လွန်ခဲ့တဲ့ သီတင်းပတ်များက သူဂိုးမသွင်းနိုင်တာနဲ့ ပတ်သက်ပြီး စိုးရိမ်စရာတွေ ဖြစ်လာတယ်လို့ ဆိုပါတယ်။ အခုအခါမှာတော့ သူ့ရဲ့ ဂိုးမိုးခေါင်မှုတွေကို အဆုံးသတ်နိုင်ခဲ့ပါပြီ။ ဘာစီလိုနာက ပီအက်စ်ဂျီကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့မှာ အနိုင်ဂိုး နှစ်ဂိုးစလုံးကို တိုက်စစ်မှူး နေမာက သွင်းယူပေးခဲ့တာပါ။

## ပိုကောင်းအောင် ကစားနိုင်မယ်လို့ ဂွာဒီယိုလာပြောတဲ့ ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်အသင်း ပထမအကျော့ ရှုံးကြွေးကို ဆပ်ပြီး စတုတ္ထအကြိမ်မြောက် ဆီမီးဖိုင်နယ် တက်ဖို့ဆိုတာ လုံးဝသံသယမဖြစ်ခဲ့မိပါဘူးလို့ ဂွာဒီယိုလာက ပြောဆိုလိုက်ပါတယ်။ ကျွန်တော်တို့အသင်းမှာ အဓိက ကစားသမားတွေဖြစ်တဲ့ ရော်ဘင်နဲ့ ရစ်ဘရီတို့မပါဘဲတောင် ပေါ်တိုကို ၂၅မိနစ်အတွင်းမှာ ရှုံးကြွေးဆပ်နိုင်ခဲ့တာဟာ ကျွန်တော်တို့ ဒီထက်ပိုကောင်းအောင်ကစားနိုင်သေးတယ်လို့ ပြောရမှာဖြစ်ပါတယ်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ ဒီရလဒ်က ကျွန်တော်တို့ အသင်းအတွက် အတော်လေး ဂုဏ်ယူစရာပါ။ ပထမအကျော့ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ ရှုံးကြွေးကို ဒုတိယ အကျော့မှာ ၂၅ မိနစ်နဲ့ ပြန်ဆပ်နိုင်ခဲ့ပါတယ်။ ဒီရလဒ်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့အသင်း ဒီထက်ပိုကောင်းအောင်ကစားနိုင်မယ်ဆိုတာ ပြသလိုက်တာဖြစ်ပါတယ်ဟု ဘိုင်ယန်မြူးနစ်အသင်း နည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။

# မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ထိတိုးမြှင့်ရန်ရည်မှန်း

**ဗီယက်နမ်ကုမ္ပဏီများသည် မြန်မာဈေးကွက်ကိုလေ့လာကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ အလျင်အမြန်ရယူသင့်ကြောင်း ဟိုချီမင်းမြို့တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာန (ITPC)က ပြောကြားသည်ဟု အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် Vietnam News သတင်းစာတွင် ဖော်ပြထားသည်။ လူဦးရေ သန်း ၆၀ ရှိသော မြန်မာနိုင်ငံမှာထုတ်လုပ်မှုထက် ဝယ်လိုအားမြင့်တက်သွားပြီဖြစ်ရာ စားသုံးသူများအတွက် ထုတ်ကုန်ဆိုင်ရာ ကြီးမားသော ဈေးကွက်တစ်ခုဖြစ်လာခဲ့သည်ဟု ITPC မှဒုတိယညွှန်ကြားရေးမှူး ဟိုရှန်လမ်က ပြောကြားသည်။**


Photo-Vietnam News

မြန်မာနိုင်ငံမှာလူသုံးကုန်ပစ္စည်းအများစုကို နိုင်ငံခြားမှတင်သွင်းပြီး အများစုမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း ဗီယက်နမ်ကုမ္ပဏီများသည် မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းပို့မိုတင်ပို့ခဲ့သော်လည်း သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်များ မြင့်မားမှုကြောင့် အလွန်သေးငယ်သော ဈေးကွက်ဝေစုသာရရှိထားသေးသည်။ ထို့ပြင် ဗီယက်နမ်ကုန်စည်များမှာ ထိုင်း၊ တရုတ်ကုန်စည်များနှင့် ပြင်းထန်သော ယှဉ်ပြိုင်မှုရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဗီယက်နမ်ကုမ္ပဏီများမှာ အမြတ်အစွန်း အလျင်အမြန်ရရှိသည့် လုပ်ငန်းများထက် ရေရှည်ရင်းနှီးမြှုပ်နှံမှုအပေါ် အလေးပေးသင့်သည်။ Lua Viet Tours Co., Ltd. ဥက္ကဋ္ဌငုရင်ဖန်မိုင်က တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်ကြည့်ပါက အားသာချက်မရှိသောကြောင့် ဗီယက်နမ်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်ရေးနယ်ပယ်၌ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့်သာ ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း ပြောကြားသည်။ တယ်လီကွန်း၊ သစ်အချောထည်၊ စားသောက်ကုန်၊ ခရီးသွားနှင့်ဆောက်လုပ်ရေးနယ်ပယ်များမှာ ဗီယက်နမ်ကုမ္ပဏီများ အလေးပေးရင်းနှီးမြှုပ်နှံသင့်သည့် ကဏ္ဍအချို့ဖြစ်သည်။

ITPC ခေါင်းဆောင်များက ရန်ကုန်မြို့တော်တွင် စက်မှုဇုန်တစ်ခုတည်ထောင်ကာ ဗီယက်နမ်ကုမ္ပဏီများအတွက် အနေအထားကောင်းတစ်ရပ် ဖန်တီးပေးရန် ဗီယက်နမ်အစိုးရအား တိုက်တွန်းခဲ့သည်။ ပြီးခဲ့သည့်နှစ်က မြန်မာနှင့်ဗီယက်နမ်နှစ်နိုင်ငံကြားကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၄၈၀ ထိ ရောက်ရှိခဲ့ပြီး ယင်းတို့အနက် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်များမှာ အမေရိကန်ဒေါ်လာ ၃၄၅ ဒသမ ၉ သန်းဖိုးရှိကာ နှစ်စဉ်တိုးတက်မှုမှာ ၅၁ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံကုန်သွယ်မှုကို ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ထိတိုးမြှင့်ရန် ရည်မှန်းထားသည်။

**သုတ**



## မန္တလေးမီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

**မန္တလေး မေ ၂၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် အကွက် (၂၆၈) ရှိ ၃၃ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား ရွှေဘုံသာကျောင်းတိုက်ရာပြည့်ဗိမာန်ဓမ္မာရုံ၌ မေ ၂၀ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားရာမှ မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၅၀၊ လူဦးရေစုစုပေါင်း ၃၀၀ တို့အတွက် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်း၏စီမံမှုဖြင့် ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့်ငွေကျပ် ၃၈၅၂၀၀ တန်ဖိုးရှိ ဆန် ၁၂ အိတ်၊ ဆီ ၂၆ ပိဿာတို့ကို ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့ဝင်များကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းခင်၊ အမှတ်(၆)နယ်မြေရဲစခန်းမှူး ရဲအုပ်စိုးလွင်နှင့် မိသားစုဝင်များက မီးဘေးသင့်အိမ်ထောင်စု တစ်စုချင်းစီသို့ မေ ၂၁ ရက် ညနေပိုင်းကသွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကျောက်ပန်းတောင်း ရေထွက်ကျေးရွာအနီး ကုမ္ပဏီတစ်ခုက လာရောက်စွန့်ပစ်ထားသည့် ရေနံတွင်းသုံး ဓာတုအညစ်အကြေးဟုယူဆရသည့် အမှိုက်များကြောင့် မြို့ခံလူထုစိတ်အနှောင့်အယှက်ဖြစ်

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာအနီး မြို့ဦးအောင်စေတီတော်မြတ်ကြီး၏ အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေနံလုပ်ငန်းကုမ္ပဏီတစ်ခုမှ ရေနံတူးဖော်ရာတွင် အသုံးပြုပြီး ပြန်လည်စွန့်ပစ်ရမည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းဟု ယူဆရသော အနံ့ဆိုးများထွက်သည့်အမှိုက်များကို လွန်ခဲ့သည့် မတ် ၂၆ ရက်ကလာရောက်စွန့်ပစ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဓာတုဗေဒစွန့်ပစ်ပစ္စည်းဟု ယူဆရသော ညစ်ညမ်းအမှိုက်များကို၎င်းတို့သက်ဆိုင်ရာ မြို့နယ်အတွင်း စနစ်တကျစွန့်ပစ်ခြင်းမပြုဘဲ ကျောက်ပန်းတောင်းမြို့နယ်အတွင်း လာရောက်စွန့်ပစ်နေမှုအပေါ် မြို့ခံလူထုမှသိရှိ၍ စိုးရိမ်မကင်းဖြစ်ပေါ်ခဲ့ကြပြီး သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများထံ သတင်းပေးတိုင်ကြားခဲ့ကြောင်း သိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများ စုံညီအစည်းအဝေးထိုင်၍ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ၎င်းကုမ္ပဏီအား ခေါ်ယူအသိပေးခဲ့ကြောင်းနှင့် ပြန်လည်သိမ်းဆည်းရန်ပြောကြားခဲ့ရာ ကုမ္ပဏီတာဝန်ရှိသူကလည်း ၎င်းစွန့်ပစ်အမှိုက်များကို သုံးရက်အတွင်း ပြန်လည်သိမ်းဆည်းသွားမည်ဟု ကတိပေးပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါကုမ္ပဏီမှ ၎င်းစွန့်ပစ်ဓာတုပစ္စည်းများကို မေ ၂၂ ရက်အထိ ပြန်လည်သိမ်းဆည်းခြင်း မရှိသေးသဖြင့် မြို့ခံလူထုမှာနယ်မြေကျော် လာရောက်စွန့်ပစ်ထားသော ညစ်ညမ်းအမှိုက်များနှင့်ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်လျက်ရှိနေကြပြီး သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးရန် ဆန္ဒရှိနေကြကြောင်း သိရသည်။

**(၄၁၈)**

## မင်းလှမြို့နယ် မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နယ်မြေစိုးမိုးရေးနှင့်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂၃**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူနေမှုများကို အရှိန်အဟုန်မြှင့်ဖမ်းဆီးဖော်ထုတ် အရေးယူလျက်ရှိသည်။

မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မင်းလှမြို့နယ်မှ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ ဘေးမဲ့တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ မတ် ၁၅ ရက်အထိ နယ်မြေစိုးမိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းခွဲသားဆိုက်စုံ ကိုးချောင်း (၁ ဒသမ ၈၂၄)တန်၊ ပျဉ်းကတိုးခွဲသား ၁၅ ချောင်း (ဝဒသမ ၂၃၁) တန်၊ လက်ကိုင် ချိန်းဆောတစ်လက်ကိုလည်းကောင်း၊ တရားမဝင်ကျွန်းတိုင် အလုံး ၂၀၊ (၂ ဒသမ ၄၇၆) တန်ကိုလည်းကောင်း ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်တွေ့ရှိမှုနှင့် မုဆိုးသတင်းစုံစမ်းခြင်း၊ မီးတားလမ်းများဖောက်လုပ်ခြင်း၊ လူနေကျေးရွာများသို့ တောဆင်များ ဝင်ရောက်၍ လူနှင့်ဆင်ပဋိပက္ခမဖြစ်စေရန်သတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ပြီးပွေးကြီးစခန်းအနီးရှိ ပုဂ္ဂလိကကျွန်းစိုက်ခင်းအလုပ်သမားများအား တောရိုင်းတိရစ္ဆာန်တွေ့ရှိမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဆတ်၊ ဆင်၊ ပြောင်၊ ဆိုင်၊ ချေ၊ တောခွေး၊ တောဝက်၊ ဝက်ဝံ၊ ဖြူ၊ မျောက် စသည့် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများဖြစ်သည့် စပါးကြီးမြွေ၊ လိပ်ဘီးဝန်း၊ လိပ်ဝါ၊ ဖွတ်နှင့်ငှက်မျိုးစိတ် ၆၄ မျိုးတို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ဇီဝမျိုးစုံမျိုးကွဲ
ကြွယ်စေဖို့
သစ်တောသစ်ပင်
ထိန်းသိမ်းစို့

## ဆွမ်ပရာဘွမ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးထုတ်ပေး

**ပူတာအို မေ ၂၃**


ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထင်အောင်နှင့်ဝန်ထမ်းများသည် မိုးပွင့်(အထူး)စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဇန်နဝါရီလမှစတင်၍ ကွင်းဆင်းကာနိုင်ငံသား စိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မေလအတွင်း မြို့ပေါ်ရပ်ကွက်သုံးခုတို့တွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ အသက် ၁၈ နှစ်ပြည့် ၈၇ ဦးကို ထုတ်ပေးပြီးစီးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

*ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ရပ်တို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသလို တစ်ခုနှင့်တစ်ခု အမှီသဟဲပြုလျက်ရှိသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေရန် နိုင်ငံသားအားလုံးအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာအောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ဆရာမ ဒေါက်တာဝါဝါမောင်၏ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်စာအုပ်ကို စာဖတ်သူများအတွက် စာအုပ်၏နောက်ဆုံးအပိုင်းကို ဖော်ပြပေးလိုက်ပါသည်။*

# ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်
# (Ensuring Good Governance)




ဒေါက်တာဝါဝါမောင်

***ယခင်အပတ်မှအဆက်***

ယခုခေတ်တွင် အဖွဲ့အစည်းများ၏ အပြုအမူ (Organizational Behaviour) အပေါ် အတွေးအခေါ်များ (Paradigm shift) ပြောင်းလဲခဲ့ပြီဖြစ်သည်။ ပြောင်းလဲမှုနည်းသည့် တည်ငြိမ်သောအနေအထား (Static) မှ ခေတ်မီစွာပြောင်းလဲသည့်အနေအထား (Dynamic) သို့ ပြောင်းလဲခဲ့ပြီဖြစ်သည်။ အရေအတွက် (Quantity)မှ အရည်အသွေး (Quality) သို့လည်းကောင်း၊ ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိရာမှ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသော (အပြောင်းအလဲကို ရင်ဆိုင်ကြုံတွေ့နိုင်သော) (In Flexible to Flexible) အနေအထားသို့ လည်းကောင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဦးစားပေး ဆောင်ရွက်တတ်သည့်စနစ်မှ ရလဒ်ကို ရှေးရှုသည့်စနစ် (Procedure Oriented to Result Oriented System) သို့ လည်းကောင်း၊ အလုပ်အလိုက် ချဉ်းကပ်မှုမှသည် စွမ်းရည်အလိုက် ချဉ်းကပ်မှုများဆီသို့ (From Job Focus to Skill Focus) သို့လည်းကောင်း၊ တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် သီးခြားလုပ်ဆောင်တတ်သည့် အလေ့အကျင့်မှ အသင်းလိုက်၊ အဖွဲ့လိုက်စုပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အထသို့ လည်းကောင်း (Individual Oriented to Team Oriented)၊ အမိန့်ပေးမှ လုပ်ဆောင်တတ်သည့် အနေအထားမှ မိမိမှာတာဝန်ရှိကြောင်း သိရှိနားလည်ပြီး မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်တတ်သည့် (Command Oriented to Involvement Oriented System) အနေအထားသို့ လည်းကောင်း၊ အားလုံး စွမ်းဆောင်ရည် ညီတူညီမျှရှိသော လုပ်သားအင်အားစုမှ အမျိုးမျိုးသော စွမ်းဆောင်ရည်များ စုစည်းလျက်ရှိသော လုပ်သားအင်အားစုသို့ (Homogeneous Workforce to Diverse Workforce) သို့လည်းကောင်း ပြောင်းလဲလျက်ရှိသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ထောင်စုနှစ်ပန်းတိုင်များ တင်ပြချက် (Millennium Report -2002) တွင် ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှုဆိုသည်မှာ "**တာဝန်ယူမှုနှင့်အတူ ပါဝင်မှုပိုမိုများပြားစေခြင်း -Better governance means greater participation, coupled with accountability**"ဟု ဖွင့်ဆိုပါသည်။ ဆိုလိုသည်မှာ **ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်စေရန်မှာ အုပ်ချုပ်သူ အစိုးရတစ်ခုတည်းသာ တာဝန်ရှိသည်မဟုတ်၊ ပြည်သူများအပါအဝင် အုပ်ချုပ်မှုနှင့် ပတ်သက်ဆက်စပ်သူများ အားလုံးနှင့် သက်ဆိုင်ပါသည်။**

ပိုမိုကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ဆိုသည်မှာ နိုင်ငံအဆင့်တွင်သာမက အပြည်ပြည်ဆိုင်ရာအဆင့်တွင်လည်း ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် ကုန်သွယ်မှုစနစ်များတွင် ပွင့်လင်းထင်သာမြင်သာဖြစ်မှု (Transparency) ရှိရမည်ဟု ဖော်ပြပါဝင်သည်။ ထို့အတူ နိုင်ငံအဆင့်တွင်လည်း ကောင်းမွန်သော အုပ်ချုပ်မှုဖြစ်ပေါ်စေရန်မှာ နိုင်ငံအတွင်းတွင် အခြေခံသယံဇာတများရရှိစေမှု၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု၊ အစားအစာ၊ အိမ်ရာနှင့် ပြည်တွင်း၌ ဝင်ငွေဖြန့်ဖြူးမှု ညီမျှရန်တို့ ပါဝင်သည်။

**အုပ်ချုပ်မှုကောင်းတစ်ရပ် ဖြစ်ပေါ်စေရန် စိန်ခေါ်မှုများ**
**(Key Challenges to Good Governance)**

နိုင်ငံတစ်နိုင်ငံအတွက် အုပ်ချုပ်မှုကောင်းတစ်ရပ် ဖြစ်ပေါ်စေရန်ပြုပြင်ချဉ်းကပ်ရမည့် ဧရိယာများနှင့် လုပ်ဆောင်ချက်များမှာ-

- ❖ လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေး (Anti-corruption) များ ဆောင်ရွက်ခြင်း၊
- ❖ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဘောင် (Corporate Regulatory Frameworks) ချမှတ်ခြင်း၊
- ❖ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Legal and Justice Reform) များဆောင်ရွက်ခြင်း၊
- ❖ ပြည်သူ့ဆုံးဖြတ်ချက်များတွင် လူမှုအဖွဲ့အစည်း၏ ပါဝင်နိုင်မှု (Participation of the Civil Society in Public Decision-making)
- ❖ ဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်ဆည်းပေးခြင်း (Pro-Poor Service Delivery)
- ❖ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု (Public Administration) များ ပိုမိုတိုးတက်ကောင်းမွန်စေခြင်း၊
- ❖ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Management) များ ပိုမိုတိုးတက်ကောင်းမွန်စေခြင်း၊
- ❖ ပြည်တွင်းနှင့် ဒေသခွဲအုပ်ချုပ်မှုများ (Sub-National/Local Governance) တိုးတက်ကောင်းမွန်စေခြင်းတို့ ဖြစ်သည်။

လာဘ်ပေးလာဘ်ယူကိစ္စရပ်များသည် ကောင်းမွန်သောအုပ်ချုပ်မှုတစ်ရပ်ဖြစ်ပေါ်စေရန် ပွင့်လင်းထင်သာမြင်သာရှိစေရန်တို့အတွက် အဓိကအဟန့်အတားတစ်ရပ် (Major Obstacle to Good Governance and Transparency) ပင်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ် World Bank နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ထုတ်ဝေသော သုတေသနစာတမ်းများတွင် ဖော်ပြပါရှိသည်။

လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း (Corruption)ဆိုသည်မှာ Public Office ကို ပုဂ္ဂလိကအကျိုးကျေးဇူး (Private Gain) အတွက် လွဲမှားစွာအသုံးချခြင်းပင်ဖြစ်ရာ ၎င်းသည် ညီမျှသော စဉ်ဆက်မပြတ်ဖြစ်သော တိုးတက်မှုအတွက် အနုတ်လက္ခဏာဆောင်သော ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အုပ်ချုပ်မှုကောင်းတစ်ရပ်ဖြစ်ပေါ်စေရန် စိန်ခေါ်မှုများကို စုပေါင်းရင်ဆိုင်ကြရန်မှာ နိုင်ငံသားတိုင်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသော စိတ်ဓာတ် (Political Will) လိုအပ်ပေသည်။

**နိဂုံး**

အုပ်ချုပ်ရေးစနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များကို မည်သည့်အစိုးရလက်ထက်တွင်မဆို အစဉ်အမြဲ ထာဝရဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပေသည်။ **ကောင်းမွန်သော အုပ်ချုပ်မှုစနစ် Good Governance ဖြစ်ပေါ်စေခြင်းဖြင့်သာ "ဂရုတစိုက်နှင့် မျှဝေခံစားမှုရှိသည့် လူ့အဖွဲ့အစည်း** (Caring and sharing society)" **ဖြစ်ပေါ်စေနိုင်မည် ဖြစ်ပါသည်။**

**လူ့အဖွဲ့အစည်းအတွင်းတွင် ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance) စနစ်ရှိရန်မှာ** နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သော်လည်း (Good Governance) ကို အချိန်တိုအတွင်း တည်ဆောက်ယူ၍ မရနိုင်ပါ။ **သိမ်မွေ့ညင်သာစွာဖြင့် စနစ်တကျ ပြောင်းလဲရမည်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ပေါ်ပေါက်စေရန် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။**

**လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း (Corruption)ဆိုသည်မှာ Public Office ကို ပုဂ္ဂလိက အကျိုးကျေးဇူး (Private Gain) အတွက် လွဲမှားစွာအသုံးချခြင်းပင်ဖြစ်ရာ ၎င်းသည် ညီမျှသော စဉ်ဆက်မပြတ်ဖြစ်သော တိုးတက်မှုအတွက် အနုတ်လက္ခဏာဆောင်သော ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေသည်**

နိုင်ငံတော်၏ အနာဂတ်လုပ်ငန်းစဉ်များတွင် အရေးကြီးဆုံးလုပ်ငန်းစဉ်မှာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းရေးပင်ဖြစ်ပါသောကြောင့် **အစိုးရဌာနအသီးသီး၊ အဆင့်အသီးသီးရှိ တာဝန်ရှိပုဂ္ဂိုလ်များသာမက စီးပွားရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အမြတ်အတွက် လုပ်ကိုင်သောအဖွဲ့အစည်း၊ အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်း၊ ပြည်သူများစသည့် လူ့အဖွဲ့အစည်းအတွင်းရှိ stakeholders များ အားလုံးအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုးပမ်းရမည်ဖြစ်ပေသည်။** ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ပေါ်ပေါက်ရေးမှာ လူတိုင်း၏ဆန္ဒပင် ဖြစ်ပေသည်။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေရန် အကျင့်စရိုက်အလေ့အထများနှင့် အခြေအနေအရာများသည် stakeholders များအကြား စိမ့်ဝင်ပျံ့နှံ့မှုရှိနေရန် လိုအပ်ပါသည်။ စနစ်တစ်ခု၊ ခေတ်တစ်ခုသို့ကူးပြောင်းခဲ့ရာတွင် ပြောင်းလဲသည့်ခေတ်စနစ်နှင့်အညီ အတွေးအခေါ်များ၊ လုပ်နည်းလုပ်ဟန်များလည်း လိုက်ပါပြောင်းလဲရန် လိုအပ်ပါသည်။ လွတ်လပ်မှု၊ တာဝန်သိမှုနှင့် စည်းကမ်းရှိမှုများနှင့်အတူ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိသော စီမံခန့်ခွဲမှုများအား မှန်မှန်ကန်ကန် ပေါင်းစပ်ကျင့်သုံးလျှင် မြန်မာ့လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီ ထွန်းကားသော၊ ကောင်းမွန်သောအုပ်ချုပ်မှုဖြင့် ရပ်တည်နေသော လူ့အဖွဲ့အစည်းဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

**Good Governance သည် လူ့အခွင့်အရေးအား ခံစားစေနိုင်သော ဝန်းကျင်ကောင်းတစ်ရပ် (Enabling environment conducive to the enjoyment of human rights) အား ဖန်တီးပေးရာရောက်သည်။ တိုးတက်မှုနှင့် စဉ်ဆက်မပြတ်လူသားဖွံ့ဖြိုးမှု (Prompting growth and Sustainable Human Development) ကိုလည်း မြှင့်တင်ရာရောက်သည်။** ထို့ကြောင့် Good Governance သည်သာလျှင် စဉ်ဆက်မပြတ် လူသားဖွံ့ဖြိုးမှု (Sustainable Human Development) ဖြစ်အောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်ပေသည်။

Good governance သည် လက်တွေ့တွင် အမှန်တကယ်ပြီးပြည့်စုံစွာ တည်ရှိအကောင်အထည်ဖော်ရန် ခက်ခဲလှပေသည်။ Ideal တစ်ခုပင်ဖြစ်ပြီး နိုင်ငံအနည်းငယ်သာလျှင် အနီးစပ်ဆုံးပြီးပြည့်စုံအောင် လုပ်ကိုင်ဆောင်ရွက်နိုင်ပေသည်။ သို့သော် နိုင်ငံများအားလုံးအနေဖြင့် **လူ့အဖွဲ့အစည်းအတွင်းတွင် ကောင်းမွန်သော အုပ်ချုပ်မှု** (Good Governance) စနစ် ဖြစ်ပေါ်စေရန်ဟူသော Ideal ကို အမှန်တကယ် အနီးစပ်ဆုံး ဖြစ်ပေါ်စေရန် ရည်မှန်းပြီးကြိုးပမ်းဆောင်ရွက်ရင်း၊ လက်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရင်းဖြင့် **စဉ်ဆက်မပြတ် လူသားဖွံ့ဖြိုးမှုကို ဦးတည်နေစေသော နိုင်ငံတစ်ခုအနေဖြင့် ရပ်တည်ရ**မည် ဖြစ်ပေသည်။

---

## အင်းတော်မြို့ သုသာန်တွင် မီးသွေးသုံး မီးသဂြိုဟ်စက်ကို အသုံးပြု

**အင်းတော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်မြို့ ရေတွင်းကုန်းသုသာန်တွင် မီးသွေးသုံး မီးသဂြိုဟ်စက်ကိုအသုံးပြု၍ သေဆုံးသူများကို မီးသဂြိုဟ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမီးသဂြိုဟ်စက်ဖြစ်မြောက်ရေးအတွက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် အင်းတော်မြို့ရှိ ငြိမ်းအေးမေတ္တာ လူမှုကူညီရေးအသင်းမှ ဦးဆောင်ကာ အခြားလူမှုအသင်းရှိ ရေတွင်းကုန်းဆရာတော်မှ နာယကအဖြစ်ဆောင်ရွက်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့ကြောင်း မြို့ပေါ် ၄ ရပ်ကွက်နှင့်အနီးတစ်ဝိုက်ရှိ ပတ်ဝန်းကျင်ကျေးရွာများမှ သေဆုံးသူများကို ရေတွင်းကုန်း သုသာန်မှမီးသွေးသုံး မီးသဂြိုဟ်စက်ကိုအသုံးပြုကာ မီးသဂြိုဟ်ပေးကြောင်း၊ မီးသဂြိုဟ်စက်ကို အသုံးပြုခြင်းကြောင့် မြေမြုပ်သဂြိုဟ်ရာတွင် ကြုံတွေ့ရသည့် မြေနေရာအခက်အခဲကို ဖြေရှင်းရာရောက်သကဲ့သို့ မီးသွေးသုံးမီးသဂြိုဟ်စက်ဖြင့် မီးသဂြိုဟ်ပါက မီးသွေးတစ်တင်းခွဲ အိတ်လေးအိတ်၊ ဒီဇယ် ၂၀ ကျပ်သားသာ ကုန်ကျကြောင်း မီးသဂြိုဟ်ရာတွင် လူနှစ်ဦးတည်းဖြင့်သာ ဆောင်ရွက်ပြီးစီးနိုင်ကြောင်း၊ သေဆုံးသူများအား မီးသဂြိုဟ်ခြင်းကို အင်းတော်မြို့ ငြိမ်းအေးမေတ္တာ လူမှုကူညီရေးအသင်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မီးသွေးသုံး မီးသဂြိုဟ်စက်တည်ဆောက်ရာတွင် ငွေကျပ်သိန်း ၇၀ ခန့် ကုန်ကျခဲ့ကြောင်း၊ ငြိမ်းအေးမေတ္တာ လူမှုကူညီရေး အသင်းသည် လူမှုကူညီရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် မော်တော်ယာဉ်လိုအပ်လျက်ရှိရာ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လှူဒါန်းလိုပါက ဦးသင်းဖေ (ငြိမ်းအေးမေတ္တာ လူမှုကူညီရေးအသင်း) ဖုန်း ၀၉-၂၅၆၀၄၈၅၆၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၇၁)

---

## ကျေးလက်မီးလင်းရေးဆောင်ရွက်

**ရမည်းသင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ထနောင်းကုန်းကျေးရွာသို့ မေ ၁၉ ရက်က လျှပ်စစ်နှင့်စက်မှုဝန်ကြီးခရိုင် နယ်မြေတာဝန်ခံ ဦးကျော်မြင့် ရောက်ရှိပြီး ကျေးလက်ပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်မီးလင်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် စုပေါင်းစိုက်ပျိုးထားသည့်(ဗီယက်နမ်) စပါးစိုက်ခင်းများကို လေ့လာပြီး ပျဉ်ပြားကျေးရွာသို့ ဆက်လက်သွားရောက်ကာ မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး စိုက်ထူသွယ်တန်းထားသည့် မီးတိုင်များကို ကြည့်ရှုပြီး မေလကုန်မီးလင်းရေး ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

**ညွန့်ရွှေ**

---

စာအုပ်စာပေ လူ့မိတ်ဆွေ



# ပြင်ဦးလွင်၌ရှိသည့် တည်းခိုခန်းများနှင့် တည်းခိုသူဦးရေ မျှတမှုမရှိသေး

**ပြင်ဦးလွင် ဧပြီ ၂၃**

**ကျောင်းသားဟောင်း**
**အသက်(၂၃)နှစ်**

ရန်ကုန်မြို့နေ [ဦးချစ်မောင်(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)]၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်နေ ဒေါ်မြင့်မြင့်ခင်၊ (ဦးစိန်ဝင်းဦး)၊ ဒေါ်ခင်သောင်းတို့၏မြေးဦး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ DELTA PLAZA၊ တိုက်(D1)၊ အခန်း ၁၀၄နေ ဦးဝဏ္ဏမောင်(CHC, TSH, PTE)၊ ဒေါ်ခင်ပပတို့၏သားကြီး၊ မောင်သက်ထူးမောင်(PISM)၏ အစ်ကိုကြီးသည် ၂၃-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၀၇နာရီတွင် ဗန်ကောက်မြို့၊ SAMITIVEJ SRINAKARIN ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း**
**ဒါယိကာမကြီး**
## ဒေါ်ခင်မြင့် (မူ-ငြိမ်း)
**အသက်(၇၈)နှစ်**

အနောက်ကမာရွတ်နေ ဦးဖေရှိန်-ဒေါ်မမကြီးတို့၏သမီး၊ ဦးစိုးမြင့်-ဒေါ်တင်မြင့်တို့၏ညီမ၊ ဦးတင်ထွန်း-ဒေါ်အေးမြင့်တို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရက်ကွက်၊ ပညာတန်ဆောင် ၂လမ်း၊ အမှတ် ၂၁၁နေ ဦးမင်းခင်၏ဇနီး၊ ဦးကျော်သူဟန်-ဒေါ်အေးအေးမာ၊ ဒေါ်ချိုချိုမာ(USA)၊ ဒေါ်ဝင်းမာ၊ ဦးသက်ထွန်း-ဒေါ်ညွှန့်ညွှန့်ကြည်၊ ဦးကျော်ခင်(USA)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂-၄-၂၀၁၅ရက် နံနက် ၇း၄၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ငမိုးရိပ်(သုဝဏ္ဏ)တံတားလုပ်ငန်းစီမံကိန်း ၈၀ ရာခိုင်နှုန်းပြီးစီး



ရန်ကုန် မေ ၂၃

ငမိုးရိပ်ချောင်းကို ဖြတ်သန်းကာ သယ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)နှင့် သာကေတမြို့နယ်တို့အား ဆက်သွယ်ပေးထားသော ခန်းဖွင့်အကျယ် Steel Box Girter အမျိုးအစားဖြစ်သည့် ငမိုးရိပ်(သုဝဏ္ဏ)တံတားအသစ်မှာ တံတားတည်ဆောက်ရေးစီမံကိန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ လာမည့် ဇွန်လကုန်တွင် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ ငမိုးရိပ်(သုဝဏ္ဏ) တံတားအသစ် အမျိုးအစားမှာ နှစ်လမ်းသွား ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားအသစ်၏ပင်မအရှည်မှာ မီတာ ၂၄၀ ရှိ၍ သုဝဏ္ဏဘက်ခြမ်းမှ ချဉ်းကပ်တံတားအရှည် မီတာ ၃၀ နှင့် သာကေတဘက်အခြမ်းမှ ချဉ်းကပ်တံတား အရှည်မီတာ ၉၀ ရှိရာ စုစုပေါင်း တံတားအသစ်၏ အရှည် ၃၆၀ မီတာရှိသည်။ တံတားအသစ်၏ အုတ်မြစ်နှင့် အောက်ထည်မှာ ဘိုးပိုင်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ကာ Steel Box ကိုယ်ထည်ကိုထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်သည်။

လက်ရှိ တံတားအသစ်၏အုတ်မြစ်ဘိုးပိုင်လုပ်ငန်းအရ တိုင်များအားလုံး ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင် ခုနစ်ခု ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။ RC ကမ်းကပ်ခုံအပေါ်ထည်လုပ်ငန်းမှာလည်း သုဝဏ္ဏဘက်ကမ်းနှင့် သာကေတဘက်ကမ်း

စာမျက်နှာ ၈ ကော်လံ ၅ ❖

## ယနေ့ မာတိကာ

**နတ်မောက်မြို့နယ် ရွာသစ်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွား**

စာမျက်နှာ » ၅

**ကျွဲ၊ နွား ထောင့်သန်းရောဂါ မဖြစ်ရေး နှစ်စဉ်ကာကွယ်ဆေးထိုးနှံပေး နွားသေသားကို ဝိုင်းကိုင်ပြီး လိုးဖြတ်ရာမှ အနာများဖြစ်လာ**

စာမျက်နှာ » ၁၁

**တမူးမြို့၌ လေပြင်းတိုက်၊ မိုးသည်းထန်စွာရွာသွန်း သစ်ပင်ပိပြီး လူနှစ်ဦးသေဆုံး**

စာမျက်နှာ » ၁၂

## တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် ထိတွေ့တိုက်ပွဲဖြစ် လက်နက်ကိုင်သုံးဦးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၃



**ရေအတွက် ရတက်အေးစေဖို့**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရေအခက်အခဲရှိသောကျေးရွာများတွင် လေးလက်မတွင်းအနက်ပေ ၄၀၀ တူးဖော်ခြင်းနှင့်ရေဝေကန် ရေစက်ရုံတည်ဆောက်ခြင်းများကို ကျေးလက်ဒေသကိုးခု၌ ဆောင်ရွက်ပေးပြီးဖြစ်ရာ မေ ၂၂ ရက်က ညောင်မြစ်ဆွဲကျေးရွာတွင် ရေပေးဝေနေသည်ကို တွေ့ရစဉ်။ (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်မြန်အောင်မြို့နယ်အတွင်း တွင်းနက်လေးတွင်းနှင့်တွင်းတိမ် ၁၈ တွင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။) (မြို့နယ် ပြန်/ဆက်)






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း
ရှုမဝ အားကစား

SUPER
COFFEEMIX
စူပါကော်ဖီမစ်

၂၀၁၅ခုနှစ်၊ မေ ၂၄ ရက်၊ သောကြာနေ့။

ရှုမှုစီးပွား

## ရေစကြိုမြို့နယ်တွင် ပြည်ပဈေးကွက်ဝင် သခွားမျိုးများ စိုက်ပျိုးသူများလာ

စာ - ၃



ပြည်တွင်းရေးရာ

## ကျေးရွာသုံး နှစ်လက်မ အဝီစိ ရေတွင်းတူးဖော်အောင်မြင်၍ ဒေသခံများ ဝမ်းသာပျော်ရွှင်

စာ - ၄



### ပရီမီယာလိဂ်ပွဲစဉ်(၃၄)

| | | | | | |
|---|---|---|---|---|---|
| **စနေနေ့ (၂၅-၄-၁၅)** | | | | | |
| ည ၆း၁၅ | ဆောက်သမ်တန် | ☐ | - | ☐ | စပါး |
| ည ၈း၃၀ | ဘန်လေ | ☐ | - | ☐ | လက်စတာ |
| ည ၈း၃၀ | ပဲလေ့စ် | ☐ | - | ☐ | ဟားလ် |
| ည ၈း၃၀ | ကာဆယ် | ☐ | - | ☐ | ဆွမ်ဆီး |
| ည ၈း၃၀ | ကျူပီအာ | ☐ | - | ☐ | ဝက်စ်ဟမ်း |
| ည ၈း၃၀ | စတုတ် | ☐ | - | ☐ | ဆန်းဒါးလန်း |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | ☐ | - | ☐ | လီဗာပူး |
| ည ၁၁း၀၀ | မန်စီးတီး | ☐ | - | ☐ | ဗီလာ |
| **တနင်္ဂနွေနေ့ (၂၆-၄-၁၅)** | | | | | |
| ည ၇း၀၀ | အဲဗာတန် | ☐ | - | ☐ | မန်ယူ |

### စပိန်လာလီဂါပွဲစဉ်(၃၃)

| | | | | | |
|---|---|---|---|---|---|
| **သောကြာနေ့ (၂၄-၄-၁၅)** | | | | | |
| နံနက် ၁း၁၅ | ကော်ဒိုဘာ | ☐ | - | ☐ | ဘီဘာအို |
| **စနေနေ့ (၂၅-၄-၁၅)** | | | | | |
| ည ၈း၃၀ | အက်စ်ပန်ညို | ☐ | - | ☐ | ဘာစီလိုနာ |
| ည ၁၀း၃၀ | အက်သလက်တီကို | ☐ | - | ☐ | အယ်လ်ချီ |
| နံနက် ၀၀း၃၀ | ဂီတာဖေး | ☐ | - | ☐ | လီဗန်တေး |
| နံနက် ၂း၃၀ | ဆိုစီဒက် | ☐ | - | ☐ | ဗီလာရီးရဲ |
| **တနင်္ဂနွေနေ့ (၂၆-၄-၁၅)** | | | | | |
| ညနေ ၄း၃၀ | မာလာဂါ | ☐ | - | ☐ | ဒီပို့တီဗို |
| ည ၉း၃၀ | အယ်မာရီးယား | ☐ | - | ☐ | အီဘာ |
| ည ၁၁း၃၀ | ဆီဗီလာ | ☐ | - | ☐ | ဗယ်လက်ကာနို |
| နံနက် ၁း၃၀ | ဆယ်တာဗီဂို | ☐ | - | ☐ | ရီးရဲ |
| **တနင်္လာနေ့ (၂၇-၄-၁၅)** | | | | | |
| နံနက် ၁း၁၅ | ဗလင်စီယာ | ☐ | - | ☐ | ဂရန်နာဒါ |

### စီးရီးအေပွဲစဉ်(၃၂)

| | | | | | |
|---|---|---|---|---|---|
| **စနေနေ့ (၂၅-၄-၁၅)** | | | | | |
| ည ၁၀း၃၀ | အူဒီးနီးစ် | ☐ | - | ☐ | မီလန် |
| နံနက် ၁း၁၅ | အင်တာ | ☐ | - | ☐ | ရိုးမား |
| **တနင်္ဂနွေနေ့ (၂၆-၄-၁၅)** | | | | | |
| ညနေ ၅း၀၀ | အတ္တလန်တာ | ☐ | - | ☐ | အမ်ပိုလီ |
| ည ၇း၃၀ | ဂျီနိုအာ | ☐ | - | ☐ | ဆီစီနာ |
| ည ၇း၃၀ | လာဇီယို | ☐ | - | ☐ | ချီယေဗို |
| ည ၇း၃၀ | တိုရီနို | ☐ | - | ☐ | ဂျူဗင်တပ် |
| ည ၇း၃၀ | ပါးမား | ☐ | - | ☐ | ပါလာမို |
| ည ၇း၃၀ | ဗီရိုနာ | ☐ | - | ☐ | ဆက်ဆူအိုလို |
| ည ၁၀း၃၀ | ဖီအိုရင်တီးနား | ☐ | - | ☐ | ကက်ဂလီယာရီ |
| နံနက် ၁း၁၅ | နာပိုလီ | ☐ | - | ☐ | ဆမ်ဒိုးရီးယား |

# အာဆင်နယ်ရဲ့ ကျောက်စိုင်းတစ်ပွင့်(သို့) ဘယ်လာရင်

စာ - ၇







ဘယ်လာရင်အနေနဲ့ ပွဲချိန်ပြည့် ပါဝင်ကစားခဲ့တဲ့ပွဲတွေကို ကြည့်မယ်ဆိုရင် ရှုံးပွဲအနေနဲ့ တစ်ပွဲသာတွေ့ရပြီး ကျန်တဲ့နိုင်တဲ့ ကိုးပွဲကို ကြည့်မယ်ဆိုရင်လည်း ပေးဂိုးတွေအနေနဲ့ အများဆုံး တစ်ဂိုးသာပေးရတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်မန်နေဂျာ အာဆင်ဝင်းဂါးက ဘယ်လာရင်ကိုအသင်းရဲ့ အဓိကအရေးကြီးတဲ့ ကစားသမားအဖြစ် ထားသုံးရတာလည်း ဖြစ်၏။



## အနိုင်သမား မော်ရင်ညို

စာ - ၂

MAHA MYA KYWUN THA
MMAC
ACADEMIC CENTRE
မဟာမြကျွန်းသာ
အကယ်ဒမစ်စင်တာ
သင့်ပညာရေးအတွက် အမှန်တကယ် အာမခံချက်ရှိစေပါသည်။
2013-2014 ဘာသာစုံဂုဏ်ထူးရှင်များ
တိုက် (၂-B)၊ ၃ လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၀၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉၈၆၂၈၆၃၈



ပရီမီယာလိဂ်ရဲ့ ပွဲစဉ်(၃၃)မှာ မန်ယူက ချယ်လ်ဆီးကိုရှုံးတယ်။ အဲဒီမှာ မန်ယူရဲ့အဲဒီအရှုံးအပေါ် လက်သင့်ခံလိုသူသိပ်မရှိကြဘူး။ အထူးသဖြင့် အဲဒီအရှုံးဟာ မန်ယူအတွက် ရှုံးသင့်ရှုံးထိုက်တဲ့အရှုံးပါလို့ မယူဆကြဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီပွဲမှာ မန်ယူကချည်း ပွဲကိုစိုးမိုးခဲ့တာ။ ဘောလုံးပိုင်ဆိုင်မှုကအစ သိပ်ကွာတယ်။ မန်ယူက ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းအထိရှိပြီး ဒုတိယပိုင်းမှာဆိုရင် မန်ယူက ဘောလုံးပိုင်ဆိုင်မှု ၇၅ ရာခိုင်နှုန်းအထိရှိကာ ချယ်လ်ဆီးက ၂၅ ရာခိုင်နှုန်းရှိတဲ့အထိ မန်ယူကပွဲကိုထိန်းချုပ်စိုးမိုးနိုင်တယ်။ ထောင့်ကန်ဘောမှာ မန်ယူက ခုနစ်ကြိမ်၊ ချယ်လ်ဆီးက သုံးကြိမ်။ ဂိုးကန်သွင်းမှုမှာ မန်ယူက ၁၀ ကြိမ်၊ ချယ်လ်ဆီးက နှစ်ကြိမ်ဆိုတော့။ အဲဒီလိုကြားမှာ မန်ယူရှုံးတဲ့အခါ အဲဒီအရှုံးကို လက်မခံလိုကြဘူး။ အဲဒီအရှုံးကို နားမလည်နိုင်ကြဘူး။



# အနိုင်သမား မော်ရင်ညို

ဝေမိုးဆက်

ဒါပေမယ့် အဲဒီပွဲအပြီးမှာ ကျွမ်းကျင်သူအများစုကတော့ မော်ရင်ညိုကို ပါးနပ်တဲ့မော်ရင်ညို၊ ထက်မြက်တဲ့မော်ရင်ညိုနဲ့ အနိုင်သမားမော်ရင်ညိုရယ်လို့ အမျိုးမျိုးကင်ပွန်းတပ်ကြပါတယ်။ အထူးသဖြင့် အဲဒီပွဲမှာ မန်ယူရဲ့ကစားပုံကောင်းမွန်ခဲ့တာကို လက်သင့်ခံကြသော်ငြား အဲဒီကြားကမှ မော်ရင်ညိုရဲ့ ချယ်လ်ဆီးကိုမနိုင်ခြင်းဟာ မော်ရင်ညိုအရည်အသွေးပါလို့ အကောက်အယူ လုပ်ကြတာပဲဖြစ်တယ်။

ပြောမယ်ဆိုရင် အဲဒီပွဲမှာ မော်ရင်ညိုက မန်ယူကို သူတိုက်ကိုယ်တိုက်မကစားဘူး။ အဲဒီပွဲမတိုင်ခင်မှာ မန်ယူဟာ အကောင်းဆုံးအခြေအနေတစ်ရပ်မှာရှိနေခဲ့တယ်ဆိုတာ မော်ရင်ညိုကသိတယ်။ အထူးသဖြင့် မာတာ၊ အက်ရှ်လေယန်း၊ ဟာရီယာ၊ ဖယ်လိုင်နီတို့ရဲ့ ကွင်းလယ်အစုအဖွဲ့ဟာ စုစည်းမှုတစ်ခုရရှိသွားပြီး တိုက်စစ်လမ်းကြောင်းကို ပုံဖော်ရာမှာ သိပ်ကောင်းနေတယ်ဆိုတာ သိတယ်။ အရှင်းဆုံးပြောရရင် လက်ရှိမန်ယူရဲ့တစ်သင်းလုံး ဟန်ချက်မိမှုနဲ့ စိတ်ပိုင်းဆိုင်ရာယုံကြည်ချက် ပြည့်ဝနေမှုတွေအရ သူတင်ကိုယ်တင်ဖွင့်ကစားရင် ရလဒ်ကအဆိုးဘက်ကို ပိုပြီးနီးတယ်ဆိုတာ မော်ရင်ညိုက သိတော့။ အဲဒီပွဲမှာ မော်ရင်ညိုက ဂိုးမပေးရေးကို အလေးထားတယ်။ ပြီးမှအမှားစောင့်ကာ တန်ပြန် ထိုးစစ်နဲ့ ဂိုးရအောင်ယူတဲ့နည်းကို သုံးသွားတယ်။

အထူးသဖြင့် အဲဒီပွဲမှာ မော်ရင်ညိုက ပုံမှန်မဟုတ်တဲ့ လှည့်ကွက်တစ်ခုကိုသုံးတယ်။ ဗဟိုခံစစ်မှူး ဇူးမားကို ကွင်းလယ်အဖျက်ဝင်ကစားခိုင်းတယ်။ အဲဒီမှာ အရင်က မာတစ်တစ်ဦးတည်းကိုသာ အားပြုနေရတဲ့ ချယ်လ်ဆီးရဲ့ ကွင်းလယ်အဖျက်အားက ဇူးမားရဲ့အသားကျစွာတွဲဖက်ကစားနိုင်မှုနဲ့အတူ ပိုကျစ်လျစ်သွားတယ်။ အရှင်းဆုံးပြောရရင် ဖယ်လိုင်နီ၊ မာတာ၊ ဟာရီယာ၊ အက်ရှ်လေယန်းတို့ဟာ ဇူးမားနဲ့မာတာရဲ့ ထိန်းချုပ်မှုကြားမှာ ရုန်းမထွက်နိုင်ကြတော့ မန်ယူရဲ့တိုက်စစ်လမ်းကြောင်းက ကောင်းကောင်းပွင့်မလာတော့ဘူး။ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ တိုက်စစ်အားပြုကစားနေသော်ငြား မန်ယူထိုးစစ်ဟာ အပိုင်အခွင့်အရေးတွေကို အနည်းငယ်သာ ဖန်တီးနိုင်ခဲ့တာက သက်သေဖြစ်သလို အဲဒါဟာ မော်ရင်ညိုရဲ့ပွဲအပေါ် ချဉ်းကပ်မှုပိုင်နိုင်ခြင်းကြောင့်ပါလို့ အကောက်အယူလုပ်ကြတယ်။

မော်ရင်ညိုကလည်း ခပ်ရှင်းရှင်းပဲ။ အဲဒီပွဲမှာ မန်ယူကဘောလုံးပိုင်ဆိုင်မှု ၉၉ ရာခိုင်နှုန်းလည်းဖြစ်နိုင်တယ်။ ဒါပေမယ့် အဲဒါကို ဂရုမစိုက်ဘူးလို့ဆိုတယ်။ ပွဲတစ်ပွဲကို မဟာဗျူဟာကျကျ ကစားနေချိန်မှာ အချက်အလက်တွေကို ဂရုမပြုနိုင်ဘူးလို့ ထောက်ပြတယ်။ ပြီးတော့ အဲဒီပွဲမှာ ချယ်လ်ဆီးက သုံးမှတ်ရပြီး ပြိုင်ဘက်က သုံးမှတ်ဆုံးရှုံးရတယ်။ အဲဒီအတွက် အဲဒီပွဲမှာ ချယ်လ်ဆီးရဲ့ ကစားပုံကို အချို့လူတွေဘယ်လိုထင်မြင်ယူဆမလဲဆိုတာ သိပေမယ့် ဘောလုံးဟာ ပင်ကိုစွမ်းရည်အပေါ်မှာ အမှီပြုတဲ့ကစားနည်းဆိုသော်ငြား တစ်ခါတစ်ရံမှာ နည်းဗျူဟာက သိပ်အရေးပါတယ်။ အဲဒီမှာချယ်လ်ဆီးကလိုချင်တဲ့ပုံစံအတိုင်း ကစားနိုင်ခဲ့ပြီး မန်ယူရဲ့ အဓိကကစားသမားတွေ ခြေစွမ်းမပြနိုင်အောင် လုပ်နိုင်ခဲ့တယ်။ မန်ယူမှာခြေစွမ်းပြနိုင်တဲ့ ကစားသမားကို မမြင်တွေ့ခဲ့ရပါဘူးလို့ အသေအချာရှင်းပြတယ်။ အဓိကကတော့ အနိုင်ရဖို့နဲ့ သုံးမှတ်ရရှိရေးကသာ အဓိကပါလို့ဆိုချင်တယ်။

ဒါပေမယ့် တချို့က သူပြောသလို အဲဒါကိုသဘောမကျဘူး။ အရှင်းဆုံးပြောရရင် မော် ရင် ညိုဆိုတာ ဘောလုံးအားကစားကို ဖျက်ဆီးနေသူရယ်လို့ ဆိုကြတယ်။အထူးသဖြင့် ဘောလုံးဆိုတာက အားကစား။ အဲဒီလိုအားကစားဖြစ်တာနဲ့အမျှ လှပတဲ့ ကစားဟန်နဲ့ ပရိသတ်ကိုဖြေဖျော်မှုပေးနိုင်ရမယ်။ တစ်ချိန်လုံးခံစစ်ကိုချည်း အသားပြုနေရင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းပါတယ်လို့ မြင်ကြပေမယ့် မော်ရင်ညိုကတော့ လက်မခံဘူး။ ဘောလုံးဆိုတာပြိုင်ပွဲတစ်ခု။ ပြိုင်ပွဲဆိုတာနဲ့အမျှ အနိုင်ရဖို့က အရေးအကြီးဆုံးပဲ။ ၁-၀ နဲ့နိုင်ခြင်းကလည်း သုံးမှတ်ရတာပဲ။ ၃-၀ နဲ့နိုင်ခြင်းကလည်း သုံးမှတ်ပဲ ရတာပဲ။ ပရိသတ် ဆိုတာက လည်း ကိုယ်အားပေးတဲ့ အသင်း နိုင်ပွဲ ရရင် ကျေ နပ် ပျော် ရွှင် တာ ပဲ။ ဒီတော့ နိုင်ပွဲရပြီး အောင်ပွဲယူနိုင်ခြင်းကလည်း ပရိသတ်ကိုဖြေဖျော်ရာရောက်ပါတယ်လို့ ချယ်လ်ဆီးကို ပထမအကြိမ် တာဝန်ယူစဉ်ကတည်းက ပွင့်ပွင့်လင်းလင်းပြောခဲ့ဖူးတာ။

ပြောရမယ်ဆိုရင် အဲဒီပွဲမတိုင်ခင်မှာ ချယ်လ်ဆီးက ချန်ပီယံဖြစ်ဖို့ အလားအလာအကောင်းဆုံးဆိုတာ မှန်တယ်။ ဒါပေမယ့် အသေချာဆုံး မဟုတ်ဘူး။ သူ့ရဲ့လက်ကျန်ပွဲတွေမှာ အဲဒီမန်ယူအပါအဝင် အာဆင်နယ်၊ လီဗာပူးတို့နဲ့ ကျန်သေးတယ်။ အဲဒီပွဲတွေမှာ ရလဒ်မကောင်းရင် ချယ်လ်ဆီးဟာ အမြီးရောက်မှတစ်နိုင်သေးတာကိုသူသိတော့ အဲဒီပွဲအကောင်းဆုံးဖြစ်လာတဲ့ အသင်းတစ်သင်းကို နိုင်လောက်တဲ့မဟာဗျူဟာနဲ့ အနိုင်ယူသွားတဲ့သူ့အပေါ် အပြစ်တင်လို့လည်းမရဘူး။ အဲဒါကြောင့်လည်း သူ့ကိုအဲဒီပွဲအပြီးမှာ အနိုင်သမား မော်ရင်ညို၊ ပါးနပ်တဲ့မော်ရင်ညိုနဲ့ ထက်မြက်တဲ့မော်ရင်ညိုလို့ ကင်ပွန်းတပ်ကြတာ။

ဒီတော့ အဲဒီပွဲမှာ မန်ယူ ဘာကြောင့်ရှုံးတာလဲ၊ ကစားပုံကောင်းပြီးပွဲကိုစိုးမိုးနိုင်သော်ငြား ဘာကြောင့်နိုင်ပွဲမရသလဲ။ တကယ်တော့ အဲဒီပွဲမှာ မန်ယူကတစ်သင်းလုံးကောင်းတာပါ။ ဒါပေမယ့် မော်ရင်ညိုတစ်ယောက်တည်ထောင်ခဲ့တဲ့ချယ်လ်ဆီးကို ရှုံးရတဲ့အခါ အဲဒါဟာ မန်နေဂျာတစ်ဦးရဲ့ ဦးဆောင်မှုအခန်းကဏ္ဍ အရေးကြီးပုံကို လှစ်ဟပြလိုက်သလိုပါပဲလို့ မြင်ကုန်ကြပါတယ်

# မန်စီးတီးကို ယာယာတိုရေးစွန့်ခွာနိုင်ကြောင်း ထင်ကြေးပေးမှုများထွက်ပေါ်လာ




မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ယာယာတိုရေးက သူ့အတွက်စိန်ခေါ်မှုများမရှိနိုင်သည့်ကလပ်တွင် ကစားရန်ဆန္ဒမရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းကြောင့် လာမည့်နွေရာသီဈေးကွက်ကာလတွင် အိုင်ဗရီကို့စ်ကစားသမား ယာယာတိုရေးသည် မန်စီးတီးအသင်းမှ ထွက်ခွာနိုင်ကြောင်း ထင်ကြေးပေးမှုများ ပိုမိုကျယ်ပြန့်စွာထွက်ပေါ်လာခဲ့သည်။

မိုနာကိုနှင့် ဘာစီလိုနာအသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ ကွင်းလယ်ကစားသမား ယာယာတိုရေးအား ပီအက်စ်ဂျီနှင့် အင်တာမီလန်အသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားနေသည်။ အသက် ၃၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ယာယာတိုရေးနှင့် မန်စီးတီးအသင်းတို့ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၇ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်ပြီး ယာယာတိုရေးသည် အဆိုပါစာချုပ်အရ တစ်ပတ်လုပ်ခငွေ ပေါင် ၂၀၀၀၀၀ ရရှိနေသူဖြစ်သည်။

ယာယာတိုရေးက "လုပ်ခငွေပမာဏဟာ အသင်းတစ်သင်းမှာ ကျွန်တော်ရှိနေစေဖို့ မလုပ်ဆောင်နိုင်ပါဘူး။ တကယ်လို့ ကျွန်တော်ရှိနေတဲ့ကလပ်မှာ ကျွန်တော်ဆက်ရှိသင့်တယ်လို့ မယူဆတော့တဲ့အခါ၊ အဲဒီအသင်းမှာ ကျွန်တော့်အတွက် စိန်ခေါ်မှုမရှိတော့ဘူးလို့ ခံစားရတဲ့အခါမျိုးတွေမှာ ကျွန်တော့်အတွက် တစ်ခုတည်းသောနည်းလမ်းက အဲဒီအသင်းက ထွက်ခွာသွားဖို့ပဲဖြစ်ပါတယ်။ ငွေကြေးပမာဏတွေဟာ ကျွန်တော့်ရဲ့ ရပ်တန့်စေမှာမဟုတ်ပါဘူး။ လက်ရှိအချိန်မှာ အင်္ဂလိပ်မီဒီယာတွေက အားကစားရေးရာကိစ္စထက် ကိန်းဂဏန်းတွေကို ပိုမိုစိတ်ဝင်စားပုံရှိနေပါတယ်။

ကျွန်တော့်ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင်လည်း အခြားသူတွေထက်ပိုပြီး သိရှိထားခြင်းမရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ကျွန်တော့်အတွက် စိန်ခေါ်မှုအသစ်တွေရှိရာကို အမြဲပြောင်းရွှေ့တတ်သူဖြစ်လို့ပါပဲ။ ဒါဟာ ကျွန်တော့်ရဲ့သဘာဝပါ။ အင်တာမီလန်အသင်းနည်းပြ မန်ချီနီဟာ ထိပ်တန်းနည်းပြတစ်ဦးပါ။ မန်စီးတီးအသင်းမှာ သူနဲ့လက်တွဲခဲ့ရတဲ့ အချိန်ကာလတွေကို ကျွန်တော်နှစ်သက်ပါတယ်။ ဒါဟာ လျှို့ဝှက်ထားစရာမဟုတ်ပါဘူး"ဟု ပြင်သစ်နိုင်ငံ၌ မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

ယာယာတိုရေးသည် ၂၀၁၀ ပြည့်နှစ် ဇူလိုင်လအတွင်းတွင် မန်စီးတီးသို့ရောက်ရှိလာသူဖြစ်ကာ မန်စီးတီးနှင့်အတူ ပရီမီယာလိဂ်ဆုဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား၊ ကားလင်းဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို တစ်ကြိမ်စီ ရရှိထားသူဖြစ်သည်။

**အောင်က**

မကွေးတိုင်းဒေသကြီး

# ရေစကြိုမြို့နယ်တွင် ပြည်ပဈေးကွက်ဝင် သခွားမျိုးများ စိုက်ပျိုးသူများလာ

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ပြည်ပဈေးကွက်ဝင် သခွားမျိုးများကို စီးပွားဖြစ်စိုက်ပျိုးကြသူ များပြားလာလျက်ရှိသည်။ အဆိုပါသခွားသီးများကို တရုတ်ပြည်သို့ အများဆုံး တင်ပို့ရောင်းချကြခြင်းဖြစ်သည်ဟု သိရသည်။ ဖရဲသခွား၊ ရွှေသခွား၊ ဂူခုံးဖရဲသခွား၊ ပိုက်သခွားစသည်ဖြင့် သခွားမျိုးအများအပြားရှိရာတွင် တရုတ်ပြည်မှ အဝယ်များ၏ ဈေးကောင်းရလျက်ရှိသည့် ဖရဲသခွားနှင့် ရွှေသခွားမျိုးများကို အဓိကထားစိုက်ပျိုးကြလျက်ရှိသည်ဟု သိရသည်။ သခွားစိုက်တောင်သူများသည် တရုတ်-မြန်မာနယ်စပ်ရှိ ၁၀၅ မိုင် သစ်သီးကွင်းသို့သွားကာ သခွားသီးများကို တရုတ်အဝယ်ဒိုင်များထံရောင်းချကာ ဝမ်တိန်၊ ကျယ်ခေါင်သို့သွား၍ အသီးများကို ကားချင်းလှယ်ရသည်ဟုသိရသည်။ ရေစကြိုမြို့နယ်မှ သခွားစိုက်တောင်သူများသည် ရေစကြိုမှ ၁၀၅ မိုင် သစ်သီးကွင်းထိ သခွားသီးများ သယ်ယူရန်ကားစီးလုံးငှား၍ သွားရောက်ရောင်းချကြလျက်ရှိရာ ခြောက်ဘီးကားတစ်စီးလျှင် ငွေကျပ် ရှစ်သိန်းခွဲဖြင့်လည်းကောင်း၊ ၁၂ဘီးကား တစ်စီးလျှင် ငွေကျပ် ၁၅ သိန်းဖြင့်လည်းကောင်း ကားငှားခပေးရလေ့ရှိသည်ဟု သိရသည်။ ထိုသို့ တရုတ်-မြန်မာနယ်စပ်ရှိ ၁၀၅ မိုင် သစ်သီးကွင်းထိ သွားရောက်ရောင်းချရာတွင် တရုတ်အဝယ်ဒိုင်များက သခွားသီးများ၏အလေးချိန်ကိုကီလိုဖြင့်တွက်၍ ဝယ်ယူကြသည်ဟု သိရသည်။ သခွားသီးတစ်လုံးလျှင် နှစ်ကီလိုနှင့်အထက်ရှိ အနာအဆာကင်းသော သခွားသီးများကိုသာ ဝယ်ယူကြသည်ဟု သိရသည်။ ထိုကဲ့သို့ရောင်းချကြရခြင်းဖြင့် သခွားစိုက်တောင်သူများသည် တစ်ခါတစ်ရံ အမြတ်များများရရှိကြသော်လည်း တစ်ခါတစ်ရံ အရှုံးနှင့် ကြုံကြရသည်ဟု သိရသဖြင့် သခွားစိုက်တောင်သူတစ်ဦးအား မေးမြန်းကြည့်ရာတွင် "ကျွန်တော်က ဖရဲသခွားတစ်ဧကခွဲနဲ့ ရွှေသခွား တစ်ဧကခွဲစိုက်ထားပါတယ် စုစုပေါင်း သုံးဧကစိုက်ထားပါတယ်၊ တရုတ်က အောက်တိုဘာလကနေ မေလအတွင်းမှာ အဝယ်များတာမို့ အဲဒီအချိန်မှာရောင်းလို့ရအောင် အချိန်ကိုက် စိုက်ပျိုးပါတယ်၊ နှစ်ကီလိုနဲ့ နှစ်ကီလိုအထက်သခွားသီးတွေကိုတော့ ၁၀၅မိုင်မှာ သွားရောင်းပါတယ်၊ နှစ်ကီလိုအောက်သခွားသီးတွေနဲ့ အနာအဆာပါတဲ့ သခွားသီးတွေကိုတော့ ရေစကြိုမြို့ပေါ်က ဈေးသည်တွေကို ရောင်းချပါတယ်၊ သခွားသီးတွေကို ၁၀၅ မိုင်မှာ သွားရောင်းတဲ့အခါမှာ တရုတ်ငွေနဲ့ ရောင်းချရပါတယ်၊ အဲလိုရောင်းတဲ့အခါမှာ ဈေးကောင်းရရင်တော့ သုံးဧကကို အမြတ်ငွေကျပ် သိန်း ၁၅၀ လောက်ရတတ်ပါတယ်၊ ဈေးကွက်က မတည်ငြိမ်တော့ ကံသေကံမတော့ ပြောမရဘူးဗျာ၊ ဧပြီ ၂ ရက်တုန်းက သခွားသီး ၁၂ ဘီးကားတစ်စီးစာ သွားရောင်းတော့ ကျွန်တော်ရှုံးပြီး ပြန်လာခဲ့ရတယ်၊ မသွားခင်က ဖုန်းဆက်ပြီးတော့ ဈေးစုံစမ်းတော့ ဖရဲသခွားက တစ်ကီလိုကို လေးယွမ်၊ ရွှေသခွားကခြောက်ယွမ် ပေါက်ဈေးရှိတယ်ဆိုလို့ သွားရောင်းတာပါ၊ ဟိုရောက်တော့ ၁၀၅ မိုင် သစ်သီးကွင်းကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ကနေ သခွားလာရောင်းတဲ့ ကားပေါင်း အစီး ၃၀၀ လောက်ရှိပါတယ်၊ ကားအဝင်များတော့ သခွားသီးတွေကို တစ်ကီလိုတစ်ယွမ်နဲ့ပဲ ရောင်းခဲ့ရပါတယ်၊ ကားငှားခ ၁၅ သိန်းလောက်ပဲရခဲ့တာပါ၊ ရှုံးပြီးပြန်လာခဲ့ရပါတယ်၊ ကားဝင်နည်းရင်တော့ ဈေးကောင်းရမှာပါ၊ အဲဒီလိုဆိုတော့ ဈေးကမတည်ငြိမ်တော့ ကံစမ်းရသလိုပါဘဲ။ အတိအကျတော့ မြတ်မယ်ရှုံးမယ်ဆိုတာကို ပြောလို့တော့ မရပါဘူး။ ကိုယ်က ကားငှားပြီးတော့ အဝေးကြီးသွား ရောင်းရတာဆိုတော့ ဟိုရောက်မှတော့တရုတ် အဝယ်ဒိုင်တွေ ဖြတ်တဲ့ဈေးနဲ့ပဲ ဘယ်လောက်ရရ ရောင်းခဲ့ကြရတာပါ၊ ကျွန်တော်တို့ မြန်မာတောင်သူတွေက သခွားသီးတွေကို ဈေးကွက်ဝင်အောင် အသီးကို အောင်အောင်မြင်မြင်နဲ့ ကောင်းအောင် စိုက်ပျိုးနိုင်ကြပါတယ်၊ ဒါပေမယ့် ဈေးကွက်ကို မထိန်းချုပ်နိုင်တော့ မြတ်တဲ့အခေါက်မြတ်၊ ရှုံးတဲ့အခေါက်ရှုံးနဲ့ ဖြစ်ရတာပါ၊ တောင်သူတွေ အရှုံးမများအောင် ဈေးကို အနိမ့်ဆုံးထိမရောက်အောင် သတ်မှတ်ပေးထားရင်တော့ကောင်းမှာပါ"ဟု သင့်သည်ကျေးရွာမှသခွားစိုက်တောင်သူ ဦးဇော်လင်းက ပြောပြသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ လမ်း တံတားများ ကောင်းမွန်လာလျက်ရှိရာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးမှာ ယခင်ထက်ပိုမိုမြန်ဆန်စွာသွားလာရောင်းဝယ်နိုင်ကြလျက်ရှိသည်ဟု သိရသည်။ ထို့ကြောင့်ပင် ရေစကြိုမြို့နယ်မှ သခွားစိုက်တောင်သူများအနေဖြင့် ရေစကြိုမြို့မှ မွန်းလွဲ ၁ နာရီခန့်တွင် ထွက်ပါက နောက်နေ့နံနက် ၈နာရီခန့်တွင် ၁၀၅ မိုင် သစ်သီးကွင်းသို့ရောက်ရှိ၍ အချိန်မီရောင်းချနိုင်ကြသော်လည်း ဈေးကွက်မတည်ငြိမ်မှုကြောင့် အမြတ်အရှုံးမသေချာပဲရှိနေကြသည်ဟု သိရသည်။



**အိမွန်ဆွေ(ရေစကြို)**

ဧရာဝတီတိုင်းဒေသကြီး

# ရွှေမြေသစ်အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်း(ညောင်တုန်း) အော်ဂဲနစ်နည်းပညာပေးဟောပြော




သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေး၊ စားသုံးသူပြည်သူများ အန္တရာယ်ကင်းစွာဝယ်ယူစားသုံးနိုင်ရေး၊ ဓာတုဆိုးကျိုးများကင်းဝေးစေရေးတို့အတွက် အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများဖြင့် အစားထိုးစိုက်ပျိုးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ညောင်တုန်းမြို့နယ် ရွှေမြေသစ်အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူးကျင်းပသော အော်ဂဲနစ်နည်းပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအုပ်စု၌ ဧပြီ ၂၂ ရက်ကကျင်းပရာ ရွှေမြေသစ်အော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်းဝင်များနှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုစိတ်ဝင်စားသည့် တောင်သူလယ်သမားများတက်ရောက်ကြသည်။

အခမ်းအနားတွင် နတ်ပေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစိုးသိမ်းက အမှာစကားပြောကြားပြီး အသင်းမှ ဦးကျော်အောင်က အသင်း၏ရည်ရွယ်ချက်များနှင့် အသင်းမှ အပတ်စဉ်စနေနေ့တိုင်း မြေပဒေသာကျွန်းတွင် မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်သစ်သီးဝလံအသင်းနှင့်အတူ ညောင်တုန်းမြို့နယ်မှ စိုက်ပျိုးထုတ်လုပ်သော သီးနှံများပူးပေါင်းရောင်းချနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းနည်းပညာအကြံပေးဒေါက်တာလှအောင်က မြေဆီလွှာထိန်းသိမ်းပြုပြင်နည်း၊ မျိုးစေ့များထားသိုထိန်းသိမ်းနည်းများနှင့် အော်ဂဲနစ်ဆိုင်ရာနည်းပညာများကို ရှင်းလင်းဟောပြောပြီး မြန်မာနိုင်ငံအော်ဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဒေါ်သီတာထွန်းက အာဟာရပြည့်ဝသော အော်ဂဲနစ်သီးနှံများအကြောင်း၊ အော်ဂဲနစ်ဈေးကွက်အကြောင်း ဟောပြောသည်။

"ဓာတုပစ္စည်းတွေ၊ ပိုးသတ်ဆေးတွေနဲ့ လွှမ်းမိုးနေတဲ့ စိုက်ပျိုးရေးကို အော်ဂဲနစ်စိုက်ပျိုးရေးစနစ်နဲ့ အစားထိုးရမှာဖြစ်ပါတယ်။ ဓာတုဆိုးကျိုးတွေကို ကိုယ်တိုင်သိမြင်ပြီး စစ်မှန်တဲ့ သဘာဝနည်းစနစ်ဖြစ်တဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်နဲ့ စိုက်ပျိုးကြဖို့လိုပါပြီ"ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

**နေလင်း(ညောင်တုန်း)**

မြန်မာ့အလင်း
၂၄-၄-၂၀၁၅ (သောကြာနေ့)

**စစ်ကိုင်းတိုင်းဒေသကြီး**

# ကျေးရွာသုံး နှစ်လက်မ အဝီစိရေလျှံတွင်းတူးဖော်အောင်မြင်၍ ဒေသခံများဝမ်းသာပျော်ရွှင်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ပြန်လှည့်ကျေးရွာတောင်ပိုင်း ဦးကြည်မင်း လှူဒါန်းထားသော မြေနေရာတွင် ယခုနှစ် မတ်လပိုင်းမှ စတင်ကာ ကျေးရွာသုံး နှစ်လက်မ အဝီစိ ရေလျှံတွင်းတစ်တွင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်ပြီး ကျေးရွာသန့်ရှင်းသော သောက်သုံးရေရရှိရေးကော်မတီတို့မှ တာဝန်ရှိသူများက တူးဖော်ပေးခဲ့ရာ အောင်မြင်စွာရေများ ပန်းထွက်လျက်ရှိသောကြောင့် ဒေသခံများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ပြန်လှည့်ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ လွှတ်တော်ရန်ပုံငွေကျပ် ၁၅သိန်းဖြင့် မတည်ပြီး ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀ အကုန်အကျခံကာ အနက်ပေ ၅၁၀ခန့်၊ နှစ်လက်မ အဝီစိ ရေလျှံတွင်း တစ်တွင်း၊ အလျား ၁၄ ပေ၊ အနံကိုးပေ၊ အမြင့်ခုနစ်ပေ ရေဂါလန် ၂၀၀၀ ဆံ့ ရေကန်တစ်ကန်တို့ကို တာဝန်ရှိသူများက ဦးဆောင်ပြီးတူးဖော်တည်ဆောက်ပေး၍ နိုင်ငံတော်နှင့်သက်ဆိုင်ရာ တာဝန်ရှိသူများကို ကျေးဇူးတင်လျက်ရှိကြသည်။

"လွန်ခဲ့တဲ့ နှစ်များစွာကဆိုရင် ရွာမှာနေထိုင်ကြသူများဟာ သန့်ရှင်းသော သောက်သုံးရေရဖို့က အင်မတန်မှခက်ခဲပါတယ်။ ယမားချောင်းက ရေကိုအဓိက အမှီပြုခပ်ပြီး ကျိုချက်ကာ ရေချိုရေသန့်အဖြစ်နဲ့ ခက်ခက်ခဲခဲအသုံးပြုခဲ့ရပါတယ်။ တိရစ္ဆာန်များအတွက်နဲ့ စားဖိုဆောင်သီးနှံ စိုက်ပျိုးဖို့အတွက်လည်း ခက်ခဲခဲ့ပါတယ်။ သန့်ရှင်းသောသောက်သုံးရေ မသောက်ရတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ မီးဘေးစတာတွေမှာ အဘက်ဘက်က နောက်ကျဆုံးရှုံးလျက်ရှိပြီး အခက်အခဲများကြုံရကာ စိုးရိမ်မှုများနဲ့ နေခဲ့ရပါတယ်။ ရေအလွယ်တကူရအောင် ရေတွင်းတို့ ရေလျှံတွင်းတို့ မရှိခဲ့လို့ ယခင်နှစ်က အိမ်တစ်လုံးတည်းဆုံးရှုံးရမှာကို အိမ်နှစ်လုံးဆုံးရှုံးရတဲ့အဖြစ်နဲ့ တွေ့ကြုံခဲ့ရဖူးပါတယ်။

ယခုတော့ အဲဒီ အခက်အခဲများ၊ စိုးရိမ်ပူပန်မှုများ စတဲ့ဘေးဒုက္ခအမျိုးမျိုးမှ ကင်းဝေးအောင်တာဝန်ရှိသူများက ရွာရဲ့သန့်ရှင်းသော သောက်သုံးရေရှိရေးနဲ့ မီးဘေးကြိုတင်ကာကွယ်လုံခြုံရေး၊ မိမိတို့အတွက်လိုအပ်သလိုစနစ်တကျအသုံးချဖို့အတွက် နှစ်လက်မ အဝီစိရေလျှံတွင်းတစ်တွင်းကို အထူးအလေးထားဦးစားပေးကာ တူးဖော်ပေးလို့ ထိုရေလျှံတွင်းမှ ရွှေထက်တန်တဲ့ ရေချိုရေသန့်များဟာ ရွာမှာရှိတဲ့အိမ်ထောင်စု ၂၀၀ ကျော်မှ လူဦးရေ ၁၀၀၀ ကျော်ကို အမှန်တကယ်သန့်ရှင်းသော သောက်သုံးရေဖူလုံအကျိုးပြုရုံတင်မကဘဲ တိရစ္ဆာန်များအတွက်ပါ ရေကောင်းရေသန့်များကို ရရှိစေပါတယ်။ ဒါ့အပြင်ရေပိုရေလျှံများကိုလည်း အကျိုးရှိစွာ အသုံးချ၍ စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးနိုင်ပါတယ်။ ရွာအတွက် မီးဘေးလုံခြုံစိတ်ချရလို့ ရွာသူ ရွာသားများအားလုံးစိတ်ချမ်းသာပျော်ရွှင်ပီတိဖြစ်မိပါတယ်"ဟု ဒေသခံ ဒေါ်ခင်ထူး၏ ပီတိစကားသံကို ကြားသိရသည်။

ပြန်လှည့်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်မင်းက ရေလျှံတွင်းတူးဖော်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် "ကျွန်တော်တို့ရွာလေးဟာ ယင်းမာပင်မြို့နှင့်လေးမိုင်အကွာမှာတည်ရှိပါတယ်။ အဓိက စီးပွားရေးက တောင်သူလုပ်ငန်းအဖြစ်နဲ့ စိုက်ပျိုးရေးကိုလုပ်ကိုင်ကြပြီး ရာသီအလိုက် စိုက်ခင်းများလည်း လုပ်ကိုင်ကြတဲ့အပြင် ဥယျာဉ်ခြံများလည်း စိုက်ပျိုးကြပါတယ်။ ယခင်ကထက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစတာတွေ ဘက်ပေါင်းစုံတိုးတက်အောင် စေတနာထားပြီး ရွာအတွက် မရှိမဖြစ်လိုအပ်နေတဲ့ သန့်ရှင်းသောသောက်သုံးရေရရှိအောင် မတည်လှူဒါန်းပေးတဲ့ နိုင်ငံတော်၊ လွှတ်တော်တို့မှ တာဝန်ရှိသူများနဲ့ ဒေသခံ အလှူရှင်များကို လေးလေးနက်နက် ကျေးဇူးအထူးတင်ဂုဏ်ယူဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ရွာအတွက်ကို ကျွန်တော်ဦးဆောင်ပြီး ကျေးရွာသန့်ရှင်းသောသောက်သုံးရေရှိရေးကော်မတီတို့မှ ဒေသခံအလှူရှင်အားဖြင့် ယခုရေလျှံတွင်းမှ ရေဂါလန် ၂၀၀၀ ဆံ့ ရေကန်တစ်ကန်ကို ရွာလယ်ပိုင်းက ဦးစောထွန်း လှူဒါန်းထားတဲ့ မြေနေရာတွင် ဆက်လက်ပြီး တည်ဆောက်ပေးကာ ကျေးရွာသောက်သုံးရေရှိရေးကော်မတီရဲ့ ဆုံးဖြတ်ချက်များဖြင့် ရေယူလိုတဲ့အိမ်များအရောက် သွယ်တန်းပေးသွားပါမယ်" ဟု ပြောကြားသည်။

**■ ထွန်းကိုကို(ယင်းမာပင်) ■**



# မြန်အောင်တွင် နွေရာသီရေရှားသည့်ရပ်ကွက်ကျေးရွာများ၌ တွင်းနက်စက်ရေတွင်းများတူးဖော်ပေး



**ဧရာဝတီတိုင်းဒေသကြီး**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်၌ နွေရာသီ ရေရှားသည့်ရပ်ကွက်၊ကျေးရွာများတွင် ဒေသခံပြည်သူများ၏ တင်ပြချက်အရ မြန်အောင်မြို့နယ်စည်ပင်သာယာရေးကော်မတီက ကွင်းဆင်းကြည့်ရှု၍ မြန်အောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ စီစဉ်မှုဖြင့် မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ရန်နိုင်အေး ၃ လမ်းနှင့် မြန်အောင်မြို့ အမှတ်(၆)ရပ်ကွက် စိန်ပန်းရပ်တို့တွင် တွင်းနက်စက်ရေတွင်းများ တူးဖော်ခြင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စက်ရေတွင်းများ တူးဖော်ခြင်း ဆောင်ရွက်နေမှုကို ဧပြီ ၂၁ ရက်က ကော်မတီ သုံးရပ်မှ တာဝန်ရှိသူများက စက်ရေတွင်းတူးခြင်းကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းပိုလ်**

**နွေရာသီတွင် ရေရှားပါးမှု ဖြေရှင်းပေးနိုင်ရန်အတွက် စက်ရေတွင်း တူးဖော်နေမှုကို တွေ့ရစဉ်။**

# အပူဒဏ်ကြောင့် ငါးသေဆုံးမှုနှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ လှေလှော်ပေးခြင်းစသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊

ရေငွေ့ပြန်ခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်၊

ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန် ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅ -၄၀) စင်တီမီတာ အတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည်ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကစော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးမွေးရန်၊

အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊

မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရန်ကန်များထားရှိရန်၊

ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီး ရေများ ဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်ပိုင်း (၆နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သောအခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# တပ်ကုန်းမြို့နယ် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးတော့မည်

**နေပြည်တော်ကောင်စီနယ်မြေ**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့အုပ်စု ရွှေမြို့အနောက်ကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဒိုင်းမွန်းစီးတီးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး မကြာမီလုပ်ငန်းများအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း ကုမ္ပဏီမှ ကိုစိုးသူဝင်း၏ ပြောကြားချက်အရ သိရသည်။

“ ကျွန်တော်တို့အနေနဲ့ ဒီ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ခွင့်ပြုငွေနဲ့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်ပိုင်းလောက်က စတင်တည်ဆောက်ခဲ့တာပါ။ အခုဆိုရင် ဆေးရုံပင်မဆောင်နဲ့ ကျန်တဲ့ဝန်ထမ်းအိမ်ရာများ အပါအဝင် အခြားအဆောက်အအုံတွေပါ အားလုံးပြီးစီးလုနီးပါး ဖြစ်နေပါပြီ။ ဆောက်လုပ်ရေးကာလကို ရှစ်လပိုင်းအထိ လျာထား သတ်မှတ်ထားပေမယ့် သတ်မှတ်ချိန်ထက်စောပြီး ပြီးစီးအောင် ကျွန်တော်တို့အနေနဲ့အချိန်ပြည့် ကြိုးစားလုပ်ဆောင်နေပါတယ်” ဟု ၎င်းက ပြောသည်။


တင်မောင်လွင်(မြန်မာ့အလင်း)

တပ်ကုန်းမြို့နယ်၏ တစ်ခုတည်းသော တိုက်နယ်ဆေးရုံဖြစ်သည့် အဆိုပါ (၁၆) ခုတင်ဆံ့ဆေးရုံသစ် တည်ဆောက်ရာတွင် ဝန်ထမ်းအိမ်ရာများပါ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိရာ ယင်းအဆောက်အအုံများမှာ ရုပ်လုံးပေါ် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံသစ် တည်ဆောက်မှုမှာ အလျား ၁၉၄ ပေနှင့် အနံ၁၁၇ ပေရှိ ပင်မဆောင် တစ်ဆောင်၊ အလျား ၄၄ ပေ အနံ ၃၆ ပေရှိ ဆေးရုံအုပ် နေအိမ်တစ်လုံး၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာနှစ်ဆောင်၊ သုံးခန်းတွဲဝန်ထမ်းအိမ်ရာ တစ်ဆောင်၊ ရင်ခွဲရုံတစ်ရုံ၊ ရေဂါလန် ၃၂၀၀ဆံ့ မြေအောက်ရေကန်တစ်လုံးနှင့် ရေစက်အိမ်တစ်လုံးတို့ဖြစ်ကြောင်း သိရသည်။

# ဝါးကိုနှီးဖြာ တောင်းအမျိုးမျိုးရက်လုပ်သော ရမည်းသင်းမြို့နယ်အတွင်းမှ လက်ပံကုန်းရွာ

ဝါးကိုနှီးဖြာပြီး မြန်မာ့ရိုးရာ လက်မှုပညာဖြင့် လူ့အသုံးအဆောင်ပစ္စည်း တောင်းအမျိုးမျိုးကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လက်ပံကုန်းအုပ်စု လက်ပံကုန်းကျေးရွာတွင် ယနေ့ထက်တိုင် လုပ်ကိုင်ရက်လုပ်ကြကြောင်း သိရသည်။

ယင်းလက်ပံကုန်းရွာတွင် ဝါးကိုနှီးဖြာပြီး တောင်းအမျိုးမျိုးရက်လုပ်သောလုပ်ငန်းကို ရှေးယခင်ကပင် လုပ်ကိုင်ခဲ့သည်ဟု သိရပြီး

**မန္တလေးတိုင်းဒေသကြီး**



တင်းတောင်း၊ ခွဲတောင်း၊ စိုက်တောင်း၊ ပြည်တောင်း၊ လက်ဆွဲခြင်းအမျိုးမျိုးနှင့် ပွဲတင်ခြင်း အစရှိသည်တို့ကို ပြုလုပ်ကြသည်။

အများအားဖြင့် မိသားစုလိုက် တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြခြင်းဖြစ်သည်။ ယင်းသို့ တောင်းအမျိုးမျိုးရက်လုပ်ရန်အတွက် အဓိက ကုန်ကြမ်းမှာ ဝါးဖြစ်သည်။ ကြသောင်းဝါး၊ တင်းဝါးကိုသာ အများဆုံးအသုံးပြုကြပြီး၊ ဝါးကို အဆစ်လိုက်ဖြတ်၍ မိမိပြုလုပ်လိုသော ပစ္စည်းအပေါ်မူတည်ကာ ဖြတ်ထားသော ဝါးဆစ်ပိုင်းကို နှီးအရွယ်အစားအမျိုးမျိုးဖြာရသည်။ ဝါး၏အူကို အတန်ငယ်ဖယ်၍ ဖြာရသည်။ သို့မှသာ ကျိုးပဲ့မှုနည်းမည်ဖြစ်ကာ ဝါးအကြောကို ပတ်နှီးအဖြစ်အသုံးပြုကြသည်။

ဝါးတစ်လုံးကို တင်းတောင်းရက်ပါက တင်းတောင်းနှစ်လုံး၊ စိုက်တောင်းရက်ပါက စိုက်တောင်းသုံးလုံး၊ ပွဲတင်တောင်းရက်ပါက အလုံးနှစ်ဆယ်နီးပါး၊ ပြည်တောင်းရက်ပါက ၂၅ လုံး ဝန်းကျင်ရရှိသည်ဟု သိရပြီး လူတစ်ဦးတစ်နေ့လျှင် တင်းတောင်း၊ စိုက်တောင်း ရက်ပါက သုံးလုံးပြီးအောင်ရက်နိုင်ပြီး ပွဲတင်တောင်းနှင့် ပြည်တောင်းရက်ပါက ဆယ်လုံးနီးပါး ပြီးစီးသည်ဟု သိရသည်။

ငရုတ်သီး ဆွတ်(ခူး)ချိန်၊ ပဲတီစိမ်းကောက်ချိန်တွင် လက်ဆွဲခြင်းအများဆုံး ပြုလုပ်ကြရပြီး စပါးပေါ်ချိန်တွင်တင်းတောင်း၊ စိုက်တောင်း၊ ခွဲတောင်းတို့ကို ရက်လုပ်ရပြီး အရောင်းသွက်သည်။ ပွဲတင်တောင်းမှာ ရာသီမရွေးရက်လုပ်ကြရသည်။ တင်းတောင်း တစ်တောင်းလျှင်ငွေကျပ်၃၅၀၀၊ စိုက်တောင်းတစ်တောင်းလျှင်ငွေကျပ် ၁၆၀၀၊ လက်ဆွဲခြင်းတစ်ခြင်းလျှင်ငွေကျပ် ၁၁၀၀၊ ပြည်တောင်းတစ်လုံးလျှင်ငွေကျပ် ၄၅၀၊ ပွဲတင်ခြင်းတစ်ခြင်းလျှင်ငွေကျပ်၄၀၀၀ဝန်းကျင် ရောင်းချရသည်။

တောင်းရက်သူတစ်ဦးလျှင် ပြီးစီးမှုအတိုင်းအတာကိုမူတည်၍ ဝါးဖိုး၊ ကြိမ်ဖိုးနုတ်ပြီး တစ်နေ့လျှင် နေ့တွက် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ဝန်းကျင် ဝင်ငွေရရှိသည်။ လက်ပံကုန်းဒေသမှ ရက်လုပ်သော တောင်းအမျိုးမျိုးကို ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့၊ မိတ္ထီလာမြို့နှင့်တပ်ကုန်းမြို့ အစရှိသော မြို့များသို့ တင်ပို့ရောင်းချကြသည်။

ယင်းလက်ပံကုန်းကျေးရွာမှ ရက်လုပ်သော တောင်းများမှာ အရည်အသွေးကောင်းမွန်သပ်ရပ်ပြီး ကြာရှည်ခံသောကြောင့် လက်ပံကုန်းတောင်းမှာ ယနေ့ထက်တိုင် နာမည်ရရှိလျက် ပြောင်းလဲလာသော ခေတ်အလိုက် ပလတ်စတစ်တောင်းများ၊ လက်ဆွဲခြင်းများ အစားထိုးဝင်ရောက်လာသော ပစ္စည်းများနှင့်ယှဉ်ကာ လက်ပံကုန်းဒေသထွက် တောင်းအမျိုးမျိုးကို ယနေ့ထက်တိုင်လူကြိုက်များကြကြောင်း သိရသည်။

အတ်ကလေး(ရမည်းသင်း)

# မော်လမြိုင်ကျွန်း-မအူပင် ကတ္တရာလမ်းပြီးစီး ခရီးသွားပြည်သူများ အဆင်ပြေလွယ်ကူ

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေ လွယ်ကူစေရေးအတွက် မော်လမြိုင်ကျွန်း-မအူပင်အဝေးပြေး မော်တော်ကားလမ်း၏ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက မော်လမြိုင်ကျွန်း တပင်ရွှေထီးတံတားမှ ရာဇူဒိုင်တံတား အမှတ် (၁) အထိလည်းကောင်း၊ လမ်းအထူးအဖွဲ့ (၄) နှင့် လမ်းအထူးအဖွဲ့ (၁၅)တို့က ရာဇူဒိုင်တံတား အမှတ်(၁)မှ မအူပင်မြို့နယ်အထိလည်းကောင်း အပိုင်းလိုက်ခွဲခြားပြီး ကတ္တရာလမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းမော်လမြိုင်ကျွန်း-မအူပင် ကတ္တရာလမ်းခင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ ၂၀၁၅ ခုနှစ် ဧပြီ ပထမပတ်တွင် ကတ္တရာလမ်းခင်းခြင်း ပြီးစီးသွားသဖြင့် မော်လမြိုင်ကျွန်း-ရန်ကုန်အဝေးပြေးယာဉ်များ၊ မော်လမြိုင်ကျွန်း-ကျိုက်ပိ-ကျော်ဇံ အဝေးပြေးယာဉ်များ၊ မော်တော်ယာဉ်မျိုးစုံနှင့် ဆိုင်ကယ်များ သွားလာဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားပြီဖြစ်သည်။

ယခင်က မော်လမြိုင်ကျွန်း-ရန်ကုန် ခရီးစဉ်မှာ ကတ္တရာလမ်းမခင်းမီက မောင်းနှင်ချိန် ငါးနာရီမှ ခြောက်နာရီကျော်အထိ ပြေးဆွဲမောင်းနှင်ခဲ့ရသော်လည်း မော်လမြိုင်ကျွန်း-မအူပင် ကတ္တရာလမ်းခင်းခြင်းပြီးစီးသွားသောအခါ မော်လမြိုင်ကျွန်း-ရန်ကုန်ခရီးမှာ သုံးနာရီမှ သုံးနာရီခွဲအတွင်းသာ အချိန်ကြာသည်ဟု သိရသည်။

အဆိုပါ မော်လမြိုင်ကျွန်း-မအူပင် ၄၄ မိုင် ၆ ဖာလုံ လမ်းခရီးတစ်လျှောက်ရှိ ကညင်ခဲ၊ ဖူထီ၊ နွားရေကျော်၊ ကျိုက်ပိ၊ ညောင်တုန်းစု၊ ဝဲဒေါင့်၊ ရွှေတောင်မော်၊ ရေလဲကလေးနှင့် မအူပင်မြို့နယ်မှ ခရီးသွားပြည်သူများ၊ မအူပင်-ရန်ကုန်ကားလမ်းတစ်လျှောက်ရှိ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ လွယ်ကူလျက်ရှိကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 Residence

We Define Lifestyle

# 68 Residence Condominium


Developed By: United GP

Development by Golden Palace

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
Somerset Serviced Residence ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း







5 % Discount
+
Interior Decoration Package with fully furnished facilities

( 5th February - 12th April, 2015)
*Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်ဆွေနေအိပ်ခန်းတွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံရေး Finger Print Access System
- အဆင့်မြင့်မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than
84 %
Sold Out

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။

လျှပ်စစ်ဓာတ်ကိုချွေတာသောအနည်းဆုံး(၈)ခန်းနိုင်အောင်
တည်ဆောက်ထားပါသည်။

Condominium Law အရ မြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့်
အလွန်စိတ်ချရသော ဘိုးဘွားပိုင်မြေ

| Room Types | SQFT |
|---|---|
| 1 Bedroom | 750 Sqft |
| 2 Bedrooms | 1000 - 1100 Sqft |
| 2 Bedrooms + Study | 1200 - 1300 Sqft |
| 3 Bedrooms + Study | 1380 - 1580 Sqft |
| Duplex (3 Bedrooms + 1) | 2100 Sqft |
| Dual Key (2 Bedrooms + 1 Bedroom) | 2100 Sqft |

Showroom :
44/A, Sayar San Road, Bahan Township, Yangon, Myanmar.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

# အာဆင်နယ်ရဲ့ကျောက်ရိုင်းတစ်ပွင့် (သို့) ဘယ်လာရင်


*ပရီမီယာလိဂ်ဘောလုံးလောကကိုကြည့်မယ်ဆိုရင် လူငယ်ကစားသမားတွေကို မြေတောင်မြှောက်ပေးတဲ့နေရာမှာ အာဆင်နယ်အသင်းကို မီတဲ့အသင်းမရှိပါဘူး။ အာဆင်နယ်အသင်းဟာ အမြဲတမ်း လူငယ်ကစားသမားကောင်းတွေကိုမွေးထုတ်ကာ တန်ကြေးကြီးကစားသမားတွေအဖြစ် မွေးထုတ်ပြီး ဘောလုံးဈေးကွက်ခုံမှာတော့ အမြတ်တွေအလွန်အမင်းရရှိလေ့ရှိတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ဖလားလက်မဲ့ရာသီတွေ ရှည်ကြာခဲ့ပေမယ့် အာဆင်နယ်အသင်းရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ယိုင်သွားခြင်းမရှိဘဲ အကောင်းဆုံးရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။*

အာဆင်နယ်အသင်းရဲ့ ပွဲကိုင်ရှင်လို့ပြောလို့ရတဲ့ အာစင်ဝင်းဂါးဆိုရင်လည်း အမြဲတမ်း လူငယ်ကစားသမားတွေကို အားပေးအားမြှောက်ရှိတာကြောင့် ကမ္ဘာအနှံ့၊ ကလပ်အသီးသီးက လူငယ်ကစားသမားတွေဆိုရင် အာစင်ဝင်းဂါးရဲ့ ရင်ခွင်ကို ခိုလှုံခွင့်ရရှိဖို့ အစဉ်အမြဲ အာသီသရှိနေကြတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်နဲ့ အာဆင်ဝင်းဂါးတို့ဟာ လူငယ်ကစားသမားတွေအတွက်တော့ အားကိုးရာလို့ ဆိုရမှာပါ။

အာဆင်နယ်အသင်းဟာ နှစ်စဉ်နှစ်တိုင်းလည်း လူငယ်ကစားသမားကောင်း မြောက်မြားစွာပေါ် ထွက်လေ့ရှိပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်အသင်းရဲ့ လူငယ်ကစားသမားတွေထဲမှာတော့ လူတိုင်းစိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတဲ့ လူငယ်ကစားသမားကတော့ ကိုကွီလင်နဲ့ ဘယ်လာရင်တို့ပဲရှိပါတယ်။ အခုပြောချင်တဲ့ ကစားသမားက ဘယ်လာရင်ပါ။ အရင်ကဆိုရင် ဘယ်လာရင်ဆိုတာ ဘယ်သူလဲဆိုတာမသိပေမယ့် လီဗာပူးအသင်းနဲ့ ကစားပြီးတဲ့ ပွဲကနေစပြီး လူတိုင်းဟာ အာဆင်နယ်အသင်းရဲ့ ခံစစ်မှူးဘယ်လာရင်ကို အခြားကစားသမားတွေထက် ပိုမိုအာရုံစိုက်မိလာကြတာကတော့ အမှန်ပါပဲ။

အာဆင်နယ် ၄-၁ နဲ့ နိုင်ခဲ့တဲ့ပွဲဟာ ဘယ်လာရင်အတွက်တော့ ဒီနှစ်ရာသီမှာ အတောက်ပဆုံးနဲ့ လူတိုင်းသူ့ရဲ့ခြေစွမ်းကို သတိပြုမိ စေခဲ့တဲ့ပွဲလို့လည်း ပြောရမှာပါ။ ဒါကလည်း အသင်းရဲ့ ဝါရင့်ခံစစ်မှူး ဒီဘူချီဟာ ဒဏ်ရာကြောင့် အသင်းမှာအနားယူနေရတာကြောင့်လည်း ဖြစ်ပါတယ်။ ဒါတွေဟာ သူ့အတွက်တော့ ကံကောင်းစေဖို့အတွက် ဖြစ်လာစေခဲ့တယ်လို့လည်း ပြောရမှာပါ။ အဲဒီပွဲမှာဆိုရင် ဘယ်လာရင်ဟာ အသင်းအတွက် အရေးကြီးတဲ့အဖွင့်ဂိုးကို အသင်းရဲ့ ထိပ်တန်းတိုက်စစ်မှူး ဆန်ချက်ဇ်ကိုတောင် ဖြတ်ကျော်ဆွဲပြေးပြီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အဲဒီသွင်းဂိုးဟာ မန်နေဂျာ အာစင်ဝင်းဂါးနဲ့ အာဆင်နယ်ပရိသတ်တွေရဲ့ အံ့သြဝမ်းသာခြင်းတွေသာမက အားလုံးရဲ့ဂရုစိုက်ခြင်းတွေကိုပါ ရရှိခဲ့ပါတယ်။

ဒါကြောင့်လည်း အများက ဘယ်လာရင်ဟာ ဘယ်ကနေ အာဆင်နယ်အသင်းကို စတင်ရောက်ရှိလာခဲ့တာလဲဆိုတာကိုလည်း စိတ်ဝင်တစားနဲ့ ရှိလာခဲ့ကြပါတယ်။ တကယ်တော့ ဘယ်လာရင်ဟာ ဖာဘရီဂက်စ်လိုပဲ အာဆင်နယ်အသင်းကို ဘာစီလိုနာ အကယ်ဒမီကျောင်းကနေ အသက် ၁၆ နှစ်အရွယ်က ပြောင်းရွှေ့လာခဲ့တာလည်းဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ဘယ်လာရင်ကို အသင်းရဲ့ လူငယ်အသင်းမှာ အကောင်းဆုံးလေ့ကျင့်သင့်ကြားမှုတွေပြုလုပ်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်ကစတင်ပြီး လိဂ်ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းမှာ အငှားနဲ့ တစ်ရာသီလုံး သွားကစားစေခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လာရင်ဟာ ဝက်ဖို့ဒ်အသင်းမှာ ရှစ်ပွဲသာပါဝင်ရပါတယ်။ အဲဒီနောက်ပိုင်း အာဆင်နယ်အသင်းဟာ ဘယ်လာရင်ကို အသင်းကိုပြန်လည် ခေါ်ယူခဲ့ပါတယ်။



ဘယ်လာရင်ဟာ အာဆင်နယ်အသင်းကို ပြီးခဲ့တဲ့နွေရာသီမှာ ပြန်လည်ရောက်ရှိလာခဲ့ပြီး အာဆင်နယ်အသင်းနဲ့အတူ ရာသီအကြိုပွဲစဉ်ဖြစ်တဲ့ ဘင်ဖီကာအသင်းကိုနိုင်ခဲ့တဲ့ အီမရိတ်ဖလားပြိုင်ပွဲမှာဆိုရင်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် အာဆင်နယ်မန်နေဂျာ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းကြီးမှာ ဘယ်လာရင်ကို စတင်အသုံးပြုဖို့အတွက် အဆင်သင့်အနေအထားနဲ့ ထားရှိခဲ့တာလည်းဖြစ်ပါတယ်။

လူငယ်ခံစစ်မှူးလေး ဘယ်လာရင်ရဲ့ အဓိကအားက ခန္ဓာကိုယ်တောင့်တင်းရုံသာမက အလွန်လျင်မြန်တဲ့ အမြန်နှုန်းနဲ့ပြေးလွှားကစားနိုင်ခြင်းပါ။ ဒါကြောင့်လည်း ဘယ်လာရင်ဟာ ယခင်က အာဆင်နယ်အသင်းမှာ အမြန်ဆုံးကစားသမားတွေအဖြစ် စံချိန်တင်ထားတဲ့ အွန်နရီ၊ ဝေါလ်ကော့တို့ရဲ့ စံချိန်ကိုကျော်လွန်ပြီး အာဆင်နယ်ဘောလုံးသမိုင်းမှာတော့ အမြန်ဆုံးကစားသမားအဖြစ်လည်း စံချိန်တင်ထားနိုင်တဲ့ ကစားသမားအဖြစ်ရောက်ရှိလာရခြင်းဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ ဘောလုံးပေးပို့ရာမှာ တိကျမှု၊ ဘောလုံးဖျက်ထုတ်နိုင်စွမ်းနဲ့ နောက်တန်းခံစစ်ကနေ ပြိုင်ဘက်တိုက်စစ်မှူးတွေကို တွန်းတိုက်ပြီး အကောင်းဆုံးကစားနိုင်တာကလည်း ဘယ်လာရင်ရဲ့ အဓိကအရည်အချင်းတွေဖြစ်ပါတယ်။

ဘယ်လာရင်ဟာ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်မှာ အာဆင်နယ်အသင်းနဲ့အတူ ၁၄ ပွဲ ပါဝင်ကစားထားပြီး ၁၁ ပွဲကတော့ ပွဲချိန်ပြည့် ပါဝင် ကစားနေခဲ့တာလည်းဖြစ်ပါတယ်။ ဘယ်လာရင်အနေနဲ့ ပွဲချိန်ပြည့် ပါဝင်ကစားခဲ့တဲ့ပွဲတွေကို ကြည့်မယ်ဆိုရင် ရှုံးပွဲအနေနဲ့ တစ်ပွဲသာတွေ့ရပြီး ကျန်နိုင်တဲ့ကိုးပွဲကို ကြည့်မယ်ဆိုရင်လည်း ပေးဂိုးတွေအနေနဲ့ အများဆုံး တစ်ဂိုးသာပေးရတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်မန်နေဂျာ အာစင်ဝင်းဂါးက ဘယ်လာရင်ကို အသင်းရဲ့အဓိကအရေးကြီးတဲ့ ကစားသမားအဖြစ် ထားသုံးရတာလည်းဖြစ်ပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် အာဆင်နယ်အသင်းရဲ့ အနာဂတ်အတွက်တော့ ဘယ်လာရင်ဟာ ကျောက်ရိုင်းတစ်ပွင့်လို့ ဆိုရမှာဖြစ်ပါတယ်။

**အောင်က**

**အရင်ကဆိုရင် ဘယ်လာရင်ဆိုတာ ဘယ်သူလဲဆိုတာမသိပေမယ့် လီဗာပူးအသင်းနဲ့ကစားပြီးတဲ့ပွဲကနေစပြီး လူတိုင်းဟာ အာဆင်နယ်အသင်းရဲ့ ခံစစ်မှူးဘယ်လာရင်ကို အခြားကစားသမားတွေထက် ပိုမိုအာရုံစိုက်မိလာကြတာကတော့ အမှန်ပါ။**

## ရီးရဲအတွက် အန်ဆယ်လော့တီသည် အသင့်တော်ဆုံးနည်းပြဖြစ်ကြောင်း မိုရီယန်တေးစ် မှတ်ချက်ပြု

ရီးရဲမက်ဒရစ်အသင်း၏ လက်ရှိနည်းပြ အန်ဆယ်လော့တီသည် ရီးရဲအသင်းအတွက် အသင့်တော်ဆုံးနည်းပြဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် ရီးရဲအသင်းအနေဖြင့် ဆုဖလားလက်မဲ့ဖြစ်ခဲ့လျှင်ပင် နည်းပြ အန်ဆယ်လော့တီအား



ဆက်လက်ခန့်ထားသင့်ကြောင်း ရီးရဲမက်ဒရစ်တိုက်စစ်မှူးဟောင်း ဖာနန်ဒိုမိုရီယန်တေးစ်က ရီးရဲအသင်း၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲမတိုင်မီတွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

အီတလီလူမျိုး နည်းပြအန်ဆယ်လော့တီသည် ၂၀၁၃ ခုနှစ် ဇွန်လကုန်ပိုင်းတွင် ရီးရဲအသင်းနည်းပြအဖြစ် သုံးနှစ်သက်တမ်းရှိစာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ နည်းပြအန်ဆယ်လော့တီသည် ရီးရဲအသင်းအား ချန်ပီယံလိဂ်ဆုဖလား၊ ယူအီးအက်ဖ်အေစူပါဖလား၊ ကမ္ဘာ့ကလပ်ချန်ပီယံများဖလားနှင့် စပိန်ဘုရင့်ဖလားတို့ကို တစ်ကြိမ်စီရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲအသင်းအနေဖြင့် ချန်ပီယံလိဂ်နှင့် စပိန်လီဂါဖလားတို့အနက်မှ ဆုဖလားတစ်ခု ရယူပေးနိုင်ခြင်းမရှိပါက ရီးရဲမက်ဒရစ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်ဟု အသင်းတာဝန်ရှိသူများက နည်းပြ အန်ဆယ်လော့တီအား သတိပေးထားဖွယ်ရှိကြောင်း မီဒီယာများတွင် ဆက်လက်ရေးသားထားသည်။

ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလား သုံးကြိမ်၊ စပိန်လီဂါဆုဖလားနှစ်ကြိမ် ရရှိခဲ့ဖူးသူ စပိန်တိုက်စစ်မှူး မိုရီယန်တေးစ်(၃၉နှစ်)က "လက်ရှိအချိန်မှာ နည်းပြ အန်ဆယ်လော့တီဟာ ရီးရဲအသင်းအတွက် အသင့်တော်ဆုံးနည်းပြပါပဲ။ ဒီအချက်ကိုလည်း သူသက်သေပြခဲ့ပြီးပါပြီ။ အန်ဆယ်လော့တီဟာ စပိန်အပြင် အီတလီ၊ ပြင်သစ်နဲ့ အင်္ဂလန်တို့မှာလည်း ဆုဖလားတွေ ဆွတ်ခူးနိုင်ခဲ့သူပါ။ ဒါကြောင့် အန်ဆယ်လော့တီကို ထိပ်တန်းအဆင့် နည်းပြတစ်ဦးအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ ခြေစွမ်းသာမန်အဆင့်သာရှိတဲ့ ကစားသမားတွေရဲ့ နည်းပြအဖြစ် တာဝန်ယူရတာထက် ရီးရဲမက်ဒရစ်အသင်းကစားသမားတွေလို ထိပ်တန်းကစားသမားတွေရဲ့ နည်းပြအဖြစ် တာဝန်ယူရတာက အများကြီးကွဲပြားခြားနားမှုရှိပါတယ်။ အန်ဆယ်လော့တီအနေနဲ့ အသင်းရဲ့ဟန်ချက်ကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာကို သိရှိထားလို့မ်မယ်လို့ ကျွန်တော်ထင်တယ်"ဟု ပြောသွားသည်။



ရီးရဲအသင်းသည် စပိန်လာလီဂါပွဲစဉ် (၃၂)အထိ ကစားပြီးချိန်တွင် ရမှတ် ၇၆ မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်နေပြီး ထိပ်ဆုံးမှဘာစီလိုနာအသင်းထက် နှစ်မှတ်လျော့နည်းနေသည်။

**ထက်အောင်**

မြန်မာ့အလင်း
၂၄-၄-၂၀၁၅ (သောကြာနေ့)

# ARSENAL VS CHELSEA

ဧပြီ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ ည ၉ း ၃၀

ဧပြီ ၂၅၊ ၂၆ ရက်နေ့တွေမှာကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၃၄) မှာ အာဆင်နယ်နဲ့ ချယ်လ်ဆီးဆုံတဲ့ပွဲပါတယ်။ ချယ်လ်ဆီးက နောက်ဆုံးပွဲစဉ်မှာ မန်ယူကိုအနိုင်ကစားနိုင်ခဲ့တာကြောင့် အာဆင်နယ်ကိုရော ဘယ်လိုရင်ဆိုင်သွားမလဲဆိုတာ စောင့်ကြည့်ရမယ်။

## KEY PLAYER



လက်ရှိအချိန်မှာ အာဆင်နယ်ရဲ့ ကစားသမားအများစုဟာ ပုံမှန်ခြေစွမ်းရနေကြတယ်။ ကိုကွီလင်က ကွင်းလယ်အဖျက်နေရာမှာ အကောင်းဆုံးကစားနိုင် နေသလို အိုဇေးလ်၊ ရမ်ဆေးတို့ကလည်း ကွင်းလယ်မှာ ခြေစွမ်းပြနေကာ ဂီရောက်ဆိုရင်လည်း ပုံမှန်ခြေစွမ်းရပြီး ဂိုးတွေသွင်းနိုင်နေတယ်။ဒါပေမယ့် အဓိက ကျတာကတော့ ဆန်းချက်ဇ် ဖြစ်ပြီး သူ့ရဲ့ထိုးဖောက်အားနဲ့ အဆုံးသတ်ကောင်းမှု၊ ဖန်တီးပေးနိုင်မှုတွေကအာဆင်နယ်ကို အကျိုးရှိစေတယ်။

## KEY PLAYER



အခုအချိန် ချယ်လ်ဆီးမှာ အကောင်းဆုံးခြေစွမ်းကို ထုတ်ပြနေနိုင်တာက ဟာဇတ်ကလွဲလို့ အခြား မရှိဘူး။ တိုက်စစ်နဲ့ ကွင်းလယ်ကို အကောင်းဆုံးထိန်းချုပ် ချိတ်ဆက်နိုင်ပြီး ကိုယ်တိုင်လည်း အဆုံးသတ် ဂိုးသွင်းနိုင်သလို ကစားဖော်တွေဂိုးရအောင်လည်း ဖန်တီးပေးနိုင်တယ်။ အထူးသဖြင့် သူ့ရဲ့ လျင်မြန်မှုနဲ့ ဘောလုံးအခြေခံကျွမ်းကျင်မှုတွေနဲ့အတူ ချယ်လ်ဆီး ထိုးစစ်ဇုန်ဟာ အခွင့်အရေး တွေရပြီး ဂိုးတွေပါရလာတာဖြစ်တယ်။

## PREDICTED TEAM

လက်ရှိ အာဆင်နယ်ရဲ့ခြေစွမ်းက တည်ငြိမ်မှုရှိလွန်းနေတယ်။ ပရီမီယာလိဂ်မှာ နောက်ဆုံးရှစ်ပွဲဆက်အနိုင်ရခဲ့တယ်။ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပြီး ကွင်းလယ်ကစားပုံတည်ငြိမ်လာတာနဲ့အမျှ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း ကောင်းလာတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ ထင်သလောက်ကျစ်လျစ်မှုမရှိဘူး။

## PREDICTED TEAM

လက်ရှိချယ်လ်ဆီးရဲ့ကစားပုံက ထင်သလောက်မကောင်းဘူးလို့ ဆိုနိုင်တယ်။ ဒီပွဲမှာလည်း ကော်စတာပါဝင်ဖို့မသေချာသေးလို့ တိုက်စစ်ပိုင်းကအားကောင်းဖို့ခက်မယ်။ ဒါပေမယ့် မော်ရင်ညိုရဲ့ပွဲအပေါ် ထိန်းချုပ်နိုင်မှုနဲ့ ခံစစ်ပိုင်းကိုလုံခြုံအောင်တည်ဆောက်နိုင်မှုတွေကိုတော့ လျစ်လျူရှုထားလို့ မရတာသေချာတယ်။




## OTHER MATCHES

**ဆောက်သမ်တန် - စပါး**

လက်ရှိခြေအရ ဆောက်သမ်တန်ဟာ ကျဆင်းနေတာ မှန်ပေမယ့် စပါးကလည်း အဝေးကွင်းစွမ်းဆောင်ရည် မတည်ငြိမ်သူ။ ဆောက်သမ်တန် သရေလောက်ကစားနိုင်မယ်။

**ဘန်လေ - လက်စတာ**

လက်ရှိဘန်လေရဲ့ ခံကစားပုံမဆိုးပေမယ့် လက်စတာက ခြေစွမ်းပိုင်းပိုမို ကောင်းမွန်မှုရှိတယ်။ ဘန်လေကွင်းဖြစ်ပေမယ့် လက်စတာကပဲ ကပ်နိုင်သွားဖို့ ရှိတယ်။

**ပဲလေ့စ် - ဟားလ်**

ဝက်စ်ဘရွန်းကိုရှုံးခဲ့တဲ့ ပဲလေ့စ်ဟာ နိုင်ပွဲပြန်ရှာဖို့ရှိနေသလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် တကယ်ကို ထိန်းချုပ်နိုင်ဖို့ မခက်ဘူး။ ပဲလေ့စ်ပဲအနိုင်ရမယ်။

**ကာဆယ် - ဆွမ်ဆီး**

လက်ရှိခြေစွမ်းအရတော့ ကာဆယ်ဟာ ဆွမ်ဆီးကို မမီဘူး။ ဒါပေမယ့် ကာဆယ်က အမှတ်လိုနေပြီး အိမ်ကွင်းဖြစ်နေလို့ ဒီပွဲမှာတော့ သရေလောက် ကစားနိုင်ဖို့ရှိတယ်။

**ကျူပီအာ - ဝက်စ်ဟမ်း**

လက်ရှိဝက်စ်ဟမ်းရဲ့ခြေက မတည်ငြိမ်လို့ ကျူပီအာတို့ အိမ်ကွင်းမှာ အမှတ်ခွဲယူနိုင်မယ့် အခြေအနေမှာရှိနေတယ်။

**စတုတ် - ဆန်းဒါးလန်း**

ဆန်းဒါးလန်းတို့တန်းမဆင်းရရေး ရုန်းကန်လာမှာဖြစ်ပေမယ့် စတုတ်ရဲ့မာကျောမှုနဲ့ အိမ်ကွင်းအားကို ထိန်းချုပ်ဖို့မဖြစ်နိုင်ဘူး။ စတုတ်နိုင်ပွဲရမယ်။

**ဝက်စ်ဘရွန်း - လီဗာပူး**

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လီဗာပူးအားစိုက်ကစားမှာဖြစ်သလို ခြေသာမန်သာရှိတဲ့ဝက်စဘရွန်းကို အနိုင်ကစားသွားနိုင်မှာပါ။

**မန်စီးတီး - ဗီလာ**

အမှားမခံတဲ့အခြေအနေရောက်နေတဲ့ မန်စီးတီးက အိမ်ကွင်းအားနဲ့ ဗီလာလိုအသင်းမျိုးကို ဖိလားပေးအနိုင်ယူသွားဖို့မခက်ပါဘူး။

**အဲဗာတန် - မန်ယူ**

ချယ်လ်ဆီးကို ရှုံးခဲ့ပေမယ့် မန်ယူခြေကောင်းမွန်နေတာကြောင့် အဲဗာတန် အခက်တွေ့နိုင်ပြီး မန်ယူကသာ ကပ်ပြီးအနိုင်ရဖို့ရှိတယ်။

■ လင်းဆက်

# ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို ခေါ်ယူရန် မန်ယူ ပစ်မှတ်ထားနေ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး လီဝမ်ဒေါ့စကီးအား ခေါ်ယူရေးအတွက် စုံစမ်းမှုများပြုလုပ်နေကြောင်း စပိန်မီဒီယာများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းတာဝန်ရှိသူများသည် အသက် ၂၆ နှစ်အရွယ်ရှိ ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ့စကီး၏ခြေစွမ်းကို နှစ်သက်မှုရှိပြီး ဒေါ့မွန်အသင်းတွင် တိုက်စစ်မှူး လီဝမ်ဒေါ့စကီး ကစားနေချိန်ကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးသော်လည်း အောင်မြင်မှုမရှိခဲ့ပေ။ လီဝမ်ဒေါ့စကီး၏ အေးဂျင့်ဖြစ်သူက လီဝမ်ဒေါ့စကီး ဘိုင်ယန်မှထွက်ခွာရန် ဆန္ဒမရှိကြောင်း ပြောဆိုထားခြင်းကြောင့် မန်ယူအနေဖြင့် လက်ရှိအချိန်တွင်လည်း လီဝမ်ဒေါ့စကီးကို ခေါ်ယူရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

ပြီးခဲ့သည့် နွေရာသီအတွင်းတွင် ဒေါ့မွန်မှ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ဘိုင်ယန်နှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသူ လီဝမ်ဒေါ့စကီးသည် ယခုနှစ်ဘောလုံး ရာသီတွင် ဘိုင်ယန်အတွက် စုစုပေါင်း ၄၁ ပွဲ ပါဝင်ကစားထားကာ ၂၂ ဂိုး သွင်းယူထားသူဖြစ်သည်။

မန်ယူအသင်းက ခေါ်ယူနိုင်ရန် နီးစပ်နေသည့် ဟော်လန်ကလပ် ပီအက်စ်ဗွီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဒီပေးသည် မန်ယူနှင့် စာချုပ်ချုပ်ဆိုဖြစ်ခဲ့ပါက တစ်ရာသီလျှင် လုပ်ခငွေ ပေါင် ၇ သန်းရရှိလိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းတာဝန်ရှိသူများသည် ပီအက်စ်ဗွီအသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒီပေး၏အပြောင်းအရွှေ့ကိစ္စ အလျင်အမြန်ပြီးဆုံးရန် လုပ်ဆောင်လျက်ရှိသည်ဟု Daily Star သတင်းစာက ဖော်ပြခဲ့သည်။

ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်း တန်ကြေးရှိ ဟော်လန်ကစားသမား ဒီပေးသည် လာမည့်နွေရာသီအတွင်း မန်ယူမန်နေဂျာ ဗန်ဟားလ် ခေါ်ယူသည့် ပထမဆုံးကစားသမားဖြစ်လာရန် အလားအလာများနေပြီး မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုဖြစ်ဖွယ်ရှိနေသူဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဒီပေးသည် ၂၀၁၄-၁၅ ခုနှစ် ဟော်လန် ပထမတန်းပြိုင်ပွဲတွင် ပီအက်စ်ဗွီအသင်းအတွက် ဂိုး ၂၀ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။